www.burmeseclassic.com

THIHAYADANAR

ဂျာနယ်ကျော်မမလေး

# မေတ္တာ

BURMESE CLASSIC

www.burmeseclassic.com

(ဒုတိယအကြိမ်)

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၃၉၃/ ၂၀၀၀ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၅၅/ ၂၀၀၀ (၆)

| | | |
|---|---|---|
| စိစစ်သူ | ■ | ဦးသိမ်းစိုး |
| အကြိမ် | ■ | ဒုတိယအကြိမ်၊ ၂၀၀၀ခု၊ ဇူလိုင် |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဦးလှကြိုင်၊ လောကစာပေ၊ (၀၂၃၃)၊ အမှတ် (၃)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ |
| မျက်နှာဖုံး၊ အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့်၊ ရာပြည့်အော့ဖ်ဆက်၊ ၁၉၉၊ လမ်း ၅၀၊ရန်ကုန်။ |
| အတွင်းကွန်ပျူတာ | ■ | **I.C.G (Infinity Computer Graphic)** |
| စာအုပ်ချုပ် | ■ | **I.C.G (Infinity)** |
| မျက်နှာဖုံးဒီဇိုင်း | ■ | ညက်လင်းကျော် (**media : x**) |
| တန်ဖိုး | ■ | ၃၅၀/- |


www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

ပုံသဏ္ဌာန်လေးထောင့်ကျကျ အလျားရှည်သော ထင်းရှူးသားတစ်ထပ်အိမ်ကလေးသည် မြေပေါ်၌ ဆေးသုတ်ပြီး အလျားလိုက်ချထားသည့် ထင်းရှူးသေတ္တာကလေးတစ်လုံးနှင့် တူလေ၏။

အိမ်ကို ခိုရောင်ရင့်ရင့် ဆေးရောင်သုတ်ထားသည်။

အစဉ်သဖြင့် တိမ်တောင်တိမ်ခဲများ ဆိုင်းညို့နေသော ကောင်းကင်ကြီးအောက်၌ ညှိုမွဲမှိုင်းခြောက်သော အဆင်းအရောင်ဖြင့် ဝပ်နေလေသည်။

အိမ်၏လေးထောင့်ကျကျ မျက်နှာစာတွင် ထောင့်ဘက်၌ အိမ်ထဲဝင်ရန် တံခါးပေါက်ကလေးထားသည်။

ထိုနေရာတွင် ဖိနပ်ချွတ်ရန်နှင့် ထီး, ဦးထုပ်, မိုးကာအင်္ကျီတို့ကို ချွတ်ထားရန်နေရာ အခန်းကလေးသဖွယ် လုပ်ထားလျက် ထိုအခန်းကလေးမှ ဧည့်ခန်း တံခါးပေါက်သို့ ဝင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲ၌ နီရဲသော သားမွေးကော်ဇောကြီး ခင်းထားလျက် ဧည့်ခန်းနံရံပတ်လည်၌ ဆိုဖာကုလားထိုင်ကြီးများ မှီကပ်ခင်းထားသည်။

ဆိုဖာကုလားထိုင်ကြီးများကို ဖွေးဖြူနေသော ဝတ်ရုံဖြူဖြင့် စွပ်ဖုံးထားသည်။

ဧည့်ခန်းထောင့်တွင် ရေဒီယိုနှင့် စာရေးစားပွဲခုံများရှိသည်။

ဧည့်ခန်းအထက် မျက်နှာကြက်မှာ နိမ့်လျက် အမိုးတစ်ပြင်တည်းဖြစ်နေကာ ဆေးဖြူသုတ်ထားလေသည်။

ဧည့်ခန်း၏ ရှေ့မျက်နှာစာနှင့် ဘေးတစ်လျှောက်လုံးတွင် မတ်တတ်ရပ်ပါက လက်ထောက်ရပ်သာလောက်သော အမြင့်တွင် ပြတင်းဆွဲတံခါးများ ဖော်ထားသည်။

တံခါးရွက်ကို မမြင်ရအောင် ဝှက်လျှက် တောက်လျှောက် ဟင်းလင်းကြီး ပွင့်သွားနိုင်အောင် ဖောက်ထားလေသည်။

တံခါးပေါက်တွင် ကြေးကွင်းတပ်ထားသော လှပသည့်အစိမ်းပွင့်ခက် ခန်းဆီးနိမ့်နိမ့် တပ်ဖုံးထားရာ၊ အလင်းရောင် အလိုရှိက မျက်နှာစာနှင့် ဘေးဖက်တစ်ဖက်လုံး ပွင့်လင်းသွားအောင် ဆွဲရွှေ့ထားလိုက်နိုင်သည်။

ဧည့်ခန်းထဲတွင် နေရာနှစ်ပိုင်း ခွဲထားလေသည်။

တစ်ပိုင်းကို ဧည့်ခန်းအသုံးပြုလျက်၊ တစ်ပိုင်းတွင် စားပွဲရှည်နှင့် ကုလားထိုင်များ ဝိုင်းခင်းလျက် ထမင်းစားပွဲလုပ်ထားသည်။

ထမင်းစားပွဲ တစ်ဖက်နံရံတွင် ထင်းခနဲမြင်နိုင်သော ဂျပန်စာတန်းတစ်ခု ချိတ်ထားလေသည်။

ထိုစာတန်း၏ အဓိပ္ပာယ်မှာ 'မိတ်ဆွေကောင်းများသည် ရေကဲ့သို့ ဘယ်တော့မှမပြောင်း' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲပေါ်၌ လှပသောပန်းအိုးတစ်အိုး ချထားသည်။ ပန်းအိုးထဲ၌ အပြာရောင်နုအရင့် နှစ်ထပ်ရောင်ဖြစ်လျက် ပန်းအိုးထဲ၌ ထိုးစိုက်ထားသော ရိုးတံနှင့် ပန်းခက်မှာ ဝါနုနုအရောင် တစ်ခက်တည်း ရှင်းနေလျက် သွယ်လျလျဖြင့် ရက်ရက်စက်စက် လှနေသည်။

စားပွဲနောက်၌ နံရံကိုကပ်လျက် ပန်းကန်များထည့်ထားသော ဗီရိုခုံရှည်ကြီးရှိဖြစ်သည်။

ဗီရိုပေါ်တွင် တစ်ဖက်စွန်း၌ ပန်းအိုးကြီးတစ်လုံး တင်ထားသည်။

ကြက်သွေးရောင်ကျကျ ပန်းပွင့်အဆုပ်ကြီးများမှာ ပန်းအိုးကြီးကို မှီး၍ လှဂုဏ်ဝင့်လျက် ရှိကြသည်။

အလယ်တွင် လျှပ်စစ်နှင့်သွားသည့် ဝက်စ်မင့်စတာ နာရီ တစ်လုံးတင်ထားသည်။ အစွန်ဆုံးဘက်၌ သစ်သားခုံကလေး ပေါ်တွင် ကီမိုနိုအဝတ်အစားနှင့် ထီးကလေးမပွင့်တစ်ပွင့်ကို ဘေးစောင်းကိုင် လျက် ခေါင်းကလေး မခို့တရို့စောင်းနေသော ဂျပန်မလေးအရုပ်မှာ နံ့နွဲ့ကလေးရပ်နေသည်။

ဗီရိုကြီးအထက်၌ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။ ဂါဝန်အနီရောင်ဝတ်လျက် ရွှေရောင်ထနေသော ဆံပင်ရှည်ကြီးကို ရှေ့၌ချကာ ညာဘက်လက်တွင် ဆံပင်ဖြီးရန် ဘီးကလေးကိုင်ထား သော အင်္ဂလိပ်မကလေး၏ ရုပ်ပုံဖြစ်သည်။ မျက်နှာကလေးမှာ ရယ်မ လို ပြုံးမလိုဖြင့် တစ်ယောက်ယောက်ကို ငေးကြည့်နေဟန် ကျက်သရေ ရှိရှိဖြင့် ချောမွေ့သော မျက်နှာကလေးဖြစ်သည်။

ဗီရိုထဲ၌ နဂါးရုပ်, ဆေးရုပ်, ဆေးရောင်စုံခြယ် ပန်းကန်များ၊ သွန်းခွက်, ယွန်းထည်ပစ္စည်းများဖြင့် လှပစွာခင်းကျင်း ပြသထားသည်။

အိမ်ထဲ၌ အခန်းများဖွဲ့ထားပုံမှာ တစ်ဖက်တွင် ဧည့်ခန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရှည်လိုက်ဆက်လျက် အိပ်ခန်းနှစ်ခန်းရှိသည်။ တစ်ဖက်၌ ဖိနပ်ချွတ်ရန် အခန်းကလေးနှင့် အိမ်သာခန်း၊ မီးဖိုခန်း၊ ရေချိုးခန်းကလေးများနှင့် အရှည်လိုက်ဆက်လျက် အိပ်ခန်းတစ်ခန်း အပိုထားရှိလေသည်။

တစ်ဖက်နှင့်တစ်ဖက် ခြားထားသော အလယ်တွင် လူသွားလမ်းပေးထားသည်။

ဧည့်ခန်းနှင့် တစ်ဆက်တည်းရှိသော အခန်းနှစ်ခန်းအနက် အလယ်ခန်းတွင် တာတာမီ မြက်ဖျာများ ခန်းလုံးပြည့်ခင်းထားသည်။

အခန်းအလယ်၌ လေးထောင့်ကျကျ နီညိုရောင် စားပွဲနိမ့်ကလေးခင်း၍ထားသည်။

စားပွဲခုံမှာ ကျောက်သားထည်၊ ယွန်းထည်ကဲ့သို့ အကွက်ထလျက် ပြောင်လက်နေသည်။ ခုံပတ်ရံတွင် အဝတ်ထိုင်ဖုံကလေးတွေ ဝိုင်းချထားသည်။



www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

စားပွဲကလေးပေါ်၌ အစိမ်းရောင်ပန်းအိုး လုံးလုံးပုပုကလေးရှိသည်။

ပန်းအိုးထဲ၌ ရွှေရောင်တဝင်းဝင်းနှင့် ပတ္တမြားရောင် ရဲရဲစပ်ဖက်နေသော ပန်းပွင့်မှ ပန်းဖတ်ကလေးများ လန်, အာ ကားပွင့်နေလျက် စိမ်းညို့သော ရွက်ခက်မျှင်နွယ်ကလေးများသည် ပန်းပွင့်တို့အား ယှက်လိမ်ကာ နွဲ့ငိုက်ကျနေသည်။

ထိုအလယ်ခန်းနှင့် တစ်ဆက်တည်း နောက်တစ်ခန်းတွင်လည်း ဘာတာမီမြက်ဖျာများ ခန်းပြည့်ခင်းထားကာ ဗီရိုနံ့ရံကာထားသည်။

ဧည့်ခန်းနှင့် ကာခြားထားသော နံရံ၌ အတွင်းတွင် အိပ်ရာ, ခေါင်းအုံး, အဝတ်အထည်များ ထည့်ထားလျက် ဆွဲတံခါးစေ့ပိတ်ထားလျှင် နံရံအတိုင်းရှိနေသည်။

နံရံပေါ်၌ အဝတ်စတွင် ရေးဆွဲထားသော တောပုံ, တောင်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားချပ်များ အရှည်လိုက်ချဆွဲထားသည်။

အိမ်ကလေးကို ခြံဝင်းခတ်ထား၏။

ခြံဝင်းဘက်မှ အခန်းနံရံများကို အလုံပိတ်ကာ ဆောက်မထားဘဲ ယင်းလိပ်ချထားသလို ဆွဲတံခါးများသာ ပိတ်ကာထားသည်။

ဆွဲတံခါးကို နှစ်ဖက်ဆွဲ၍ တွန်းဖွင့်လိုက်လျှင် အခန်းမှာ ခြံဝင်းမြက်ခင်းနှင့် တစ်ပြင်တည်းဖြစ်နေသကဲ့သို့ ဟင်းလင်းကြီးပွင့်သွားလေကာ ခြံထဲသို့ ဆင်းလျှောက်သွားနိုင်သည်။ အိမ်ထဲမှ အခန်းတွေထဲသို့ ဝင်ရသောအပေါက်၌ စက္ကူနှင့်လုပ်သော ဆွဲတံခါးပင်ထားကာ အထဲကဖြစ်စေ အပြင်ကဖြစ်စေ ဆွဲလိုက်လျှင် ပွင့်သွားလျက် အသေပိတ်နိုင်သော ချက်ကန့်လန့်များ တပ်မထားချေ။

တစ်အိမ်လုံး သန့်ရှင်းပြောင်လက်လျက် ရှင်းလင်းသပ်ရပ်နေ၏။

အထူးသဖြင့် တိတ်ဆိတ်၍လည်းနေ၏။ အိမ်တွင်း၌ ခတ်မီးရောင်များ လင်းထိန်နေကာ အပြင်ဘက်တွင် မည်းမှောင်နေသည်။

ကောင်းကင်၌ လထွက်နေလျက် လသာသောညနှင့်မတူ။

လ၏အရောင်မှာ မြန်မာပြည်ကဲ့သို့ လင်းထိန် ဝင်းပခြင်းမရှိ။

ဖျော့ဖျော့သာ လင်းသာလျက်ရှိနေသည်။

ဂျပန်ပြည် တိုကျိုမြို့ရှိ ဆိတ်ငြိမ်နေသော ဥယျာဉ်ထင်းရှူးအိမ်ကလေးထဲ၌ လူလေးယောက်ရှိကြသည်။

ဧည့်ခန်းထဲ၌ ထမင်းစားပွဲအနီးရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ပစ်လှဲလျက် စာဖတ်နေသူမှာ မစ္စတာအော့ဆူးဖြစ်လေသည်။

မစ္စတာအော့ဆူးမှာ အသက် ၄၀-ကျော်အရွယ် ပိန်ပိန်မြင့်မြင့်ဖြစ်သည်။

သူ့တွင် သားမယားမရှိ၊ လောကကြီးကို ကျောခိုင်းလျက် တစ်ယောက်တည်းသမား လူပျိုကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတစ်လျှောက်လုံး အိမ်မရှိ၊ယာမရှိ၊ အခြေအနေ အတည်တကျမရှိ၊ ကျရာတွင် ပျော်မွေ့လျက် ဖြစ်သလိုနေခဲ့လေသည်။

ကျောင်းသားအရွယ်၌ အဖေအမေမရှိ၍ အစ်မက ကျောင်းထား ပေးသည်။

ကျောင်းတွင် အနက်ရောင် ဘောင်းဘီ၊ အနက်ရောင်ကုတ်အင်္ကျီ၊ အနက်ရောင် ကက်ဦးထုပ်နှင့် ယူနီဖောင်း ဝတ်တက်ရခြင်းကို မုန်းတီး လှကာ ယူနီဖောင်းကို အစ်မကချုပ်ပေးတိုင်း ရောင်းသုံးပစ်လျက် ကျောင်းမတက်ဘဲ ကျောင်းပြေးဘဝနှင့် အချိန်ကုန်ခဲ့သည်။

ကျောင်းကထွက်ပြီးရှန်ဟဲမြို့တွင်ရှိသော ဂျပန်ကုမ္ပဏီတစ်ခုတွင် စာရေးဘဝနှင့် အလုပ်လုပ်နေသည်။

သူ့ဝသီအတိုင်း အေးဆေးသောအလုပ်မျိုးကို ဝါသနာမပါ၍ နိုင်ငံရေးဘက်တွင် ဝင်လုပ်လေသည်။

လျှို့ဝှက်သော မြေအောက်နိုင်ငံရေးကို တရုတ်လိုဝတ်လျက် တရုတ်တွေနှင့် ရောနှောလျက် တရုတ်ပြည်တွင် ငါးနှစ်လုပ်ခဲ့ဖူးသည်။

စစ်ဖြစ်လာသည့်အခါ၌ ဂျာဗားကျွန်းသို့သွားရာ သင်္ဘောမှောက်၍ ဂျပန်ပြည်သို့ ပြန်ရောက်လာသည်။

ဂျပန်ပြည်မှ မြန်မာပြည်သို့ ထွက်လာကာ သားရေနယ်ကုမ္ပဏီ၌ အလုပ်လုပ်နေလျှက် ဂျပန်ပြည်သို့ ပြန်ပြေးကြရာတွင် စစ်ပြီးခေတ်၌ အခြေမဲ့ အနေမဲ့ဖြစ်ကာ တစ်နှစ်လုံး ဘုန်းကြီးကျောင်းတွင် သွားနေ လေသည်။

ဂျပန်ပြည်တွင် နာမည်ကြီး ကုမ္ပဏီကြီးတစ်ခုနှင့် အပြိုင်အဆိုင် ဖြစ်သော ကုမ္ပဏီကြီးတစ်ခုက ကမကထလုပ်၍ သူ့အား မြန်မာပြည် နှင့် ကုန်ရောင်းကုန်ဝယ် ဆက်သွယ်လုပ်ကိုင်ရန် ငွေစုပေးလျက် ကုမ္ပဏီကြီးတစ်ခု ဖွင့်ထောင်ပေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုကျိုမြို့တွင် အလုပ်တိုက်နှင့် ကိုယ်ပိုင်အိမ်နှင့် ဖြစ်နေသည်။

သူ၏မျက်လုံးများမှာ စူးရှတောက်ပလျက် အကြည့်မှာ မာကျော လှသည်။

ခရီးကြမ်းကြီး စိုင်းနှင်လာခဲ့သောဘဝနှင့် မဟပ်မိအောင် သိမ်မွေ့နူးညံ့သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

သူ၏လက်ဖဝါးများမှာ မိန်းမလက်ကဲ့သို့ ညက်ညောကာ နီရဲနေသည်။

ဖိုသီဖတ်သီ အမူအရာအမြဲရှိသည်။ စိတ်မြန်လက်မြန်လုပ်တတ်သည်။

စိတ်ကောင်းသဘောကောင်းရှိလျက် ဟန်ဆောင်ခြင်းမရှိ ပွင့်လင်းကာ ကြင်နာစိတ်ထားရှိသည်။

နှစ်ယောက်ထိုင် ဆိုဖာပေါ်၌ ဖင်လက်စန့်လျက် ခြေအိတ်အဖြူစွပ်ထားသော ခြေထောက်တစ်ဖက်ကို ပြတင်းတံခါး ပေါင်တွင်တင်၍ ဒူးဆစ်အထိ ဘောင်းဘီခေါက်လျှက် ဖိနပ်စွပ်ထားစေသော ခြေတစ်ဖက်မှာ ဆိုဖာအောက်သို့ တွဲလောင်းချထားကာ စီးကရက်ကိုအဆက်မပြတ်ဖွာရင်း စိတ်ဝင်စားစွာ စာဖတ်နေသည်။

ညှော်ခန်းနှင့် ဆက်လျှက်ရှိသော အခန်းထဲတွင် ယိုကိုသည်



www.burmeseclassic.com

www.burmeseclassic.com



အခန်းရှင်းနေလေသည်။

အခန်းအလယ်မှ လေးထောင့်ပတ်လည် ခုံနိမ့်ကလေးကိုခေါက်ကာဖယ်ရွှေ့လိုက်ပြီး နံရံဗီရိုတွင်းမှ မွေ့ရာခေါင်းအုံးများထုတ်လျက် မစ္စတာအော့ဆူးအတွက် အိပ်ရာပြင်ခင်းပေးနေသည်။

ယိုကိုမှာ မစ္စတာအော့ဆူး၏ တူမကလေးဖြစ်ပြီး အသက် ၁၆နှစ်အရွယ် ကျောင်းသူကလေးဖြစ်သည်။

မစ္စတာအော့ဆူး ငယ်စဉ်က မိဘမရှိ၍ ကျွေးမွေးသုတ်သင်လာကာ ကျောင်းထားပေးခဲ့သော အစ်မ၏ သမီးကလေးဖြစ်၍ တိုကျိုတွင် အိမ်နှင့်ရာနှင့် အခြေတကျဖြစ်ပြီး ကျူးရှူးတွင်နေသော တူမကလေးကိုသွားခေါ်ကာ သူနှင့်အတူနေစေပြီး ကျောင်းထားလေသည်။

ယိုကိုမှာ အရပ်မနိမ့်မမြင့် ကျန်းမာခြင်းနှင့် ပြည့်စုံလျက် သန်စွမ်းတောင့်တင်းသော ကိုယ်လုံးရှိသည်။

မျက်နှာဝိုင်းဝိုင်းတွင် ပါးကလေးနှစ်ဖက်မှာ နီဖောင်းမို့နေကာ မျက်စိပေါက်ကျဉ်းလျက် မျက်နှာအလွန်ချိုလေသည်။

ဆံပင်အတိုဖြတ်ထားသည်။ ဒူးဆစ်ထိ ဂါဝန်အပြာကလေးဝတ်ကာ ခုန်ပေါက်ပျံ့လွှား သီဆို ကခုန်ကစားနေတတ်လျက် ကလေးစိတ်မကုန်သေးချေ။

နံနက်ဘက် ကျောင်းမသွားခင် အိမ်အလုပ် စောစောထလုပ်လေသည်။

တစ်အိမ်လုံး သန့်ရှင်းအောင် ရှင်းလင်းဆေးကြောကာ ကြမ်းတိုက်ပြီးမှ နံနက်စာချက်ပြုတ်သည်။

သူ့ခါးတွင် အဝတ်ဖျူစ ပတ်လျက် ခေါင်း၌လည်း အဝတ်ဖြူအုပ်ပတ်စည်းကာ မီးဖိုအဝတ်အစားဝတ်၍ ချက်ပြုတ်နေစဉ် ကလေးမလေးနှင့်မတူဘဲ ကလေးအသွင်ပျောက်ကာ အိမ်ရှင်မကြီးနှင့် တူမေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တူဝရီးနှစ်ယောက် နံနက်စာ စားသောက်ကြပြီးလျှင် အိမ်ပိတ်ခဲ့ကာ ဦးလေးက အလုပ်တိုက်သွား၍ တူမလေးက ကျောင်းသွားသည်။

ကျွန်မမှာ ယိုကို အိပ်ရာပြင်ခင်းနေသော အခန်းနှင့်ဆက်လျက်ရှိသော နောက်တစ်ခန်းထဲ၌ရှိနေကာ သေတ္တာထဲတွင် အဝတ်များထည့်နေသည်။

ဂျပန်ပြည် တိုကျိုမြို့သို့ ရောက်နေသည်မှာ သုံးပတ်ခန့်ရှိသွားလေပြီ။

တိုကျိုမြို့ကြီးနှင့် တိုကျိုမြို့အနီးအနားတစ်ဝိုက် နှံ့စပ်အောင်သည်ပတ်ပြီး၍ နက်ဖြန်ညတွင် အိုကာဆာမြို့သို့ ခရီးဆက်ထွက်ရန်အတွက် ယူဆောင်သွားမည့် အဝတ်အစားများကို သေတ္တာငယ်တစ်လုံးနှင့် ခွဲထည့်နေ၏။

ကျွန်မအခန်းနှင့် လူသွားလမ်းခြားသော တစ်ဖက်အခန်းထဲ၌ ကိုကိုကြီးသည် အိပ်ရာပေါ်၌လှဲလျက် ဒိုင်ယာရီရေးမှတ်နေသည်။

ကိုကိုကြီးမှာ ဂျပန်ပြည်သို့ ကျွန်မနှင့်အတူလိုက်လာသော ကျွန်မ၏ မိတ်ဆွေဖြစ်သည်။

သူ၏ဇနီးမှာ ကျွန်မအား အစ်မရင်းကဲ့သို့ ချစ်ခင်ကာ သူ့ခင်ပွန်းကို ကျွန်မနှင့်အတူ ဂျပန်ပြည်သို့ အလည်လိုက်သွားရန် တိုက်တွန်းထည့်လိုက်လေ၏။

ကိုကိုကြီးမှာ စိတ်ကောင်းရှိလျက် စကားနည်းသောသူ ဖြစ်လေသည်။

သူ့စိတ်ထဲရှိတာကို စကားဖြင့် ချေချေငံငံပြောတတ်သူမဟုတ်၊ သူ့အကြည့် သူ့အပြုံးတို့မှာ မထုံတက်တေးနိုင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နေစိတ်ထား အမှန်သိအောင် ဖြုန်းခနဲ အကဲခတ်သောသူ ဖြစ်၏။

သူ့ဝမ်းထဲ ဘာရှိသည်ကို ဖော်ပြသော လူစားမျိုးမဟုတ်။

ဂျပန်ပြည်သို့ လာခဲ့ကြရာတွင် သူလည်း ကျွန်မကဲ့သို့ပင် သုံးစွဲရန် ငွေကြေးယူမလာဘဲ လိုက်လာခဲ့သည်။

ကျွန်မတို့ ဂျပန်ပြည်သို့မလာမီ မစ္စတာအော့ဆူး မြန်မာပြည်သို့ ရောက်လာသည်။

ဂျပန်ခေတ်၌ ကျွန်မတို့နှင့် တစ်အိမ်တည်း အတူနေသွားသော သားရေနယ်ကုမ္ပဏီမှ မစ္စတာရူရှိုးဒါးမှာ မန်နေဂျင်းဒါရိုက်တာဖြစ်၍ မစ္စတာအော့ဆူးနှင့် ကျွန်မသိကျွမ်းခင်မင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

တွေ့စက မစ္စတာအော့ဆူးကို မျက်စမွေးစူးမိသည်။ ဂျပန်လိုဝတ်စားခြင်းမတွေ့ရဘဲ ရှပ်ဖြူလက်ရှည်၊ စိန်ကြယ်သီးနှင့် ဘန်ကောက်လုံချည်ထည်လဲဝတ်ကာ ရေမွှေးဆွတ်လျက် စစ်ဘက်ဆိုင်ရာ ဂျပန်အရာရှိကြီးများကို အရွဲ့တိုက်သည့်သဘောဖြင့် သူတို့ရှေ့၌ လမ်းသလားပြနေတတ်၏။ ဂျပန်တိုင်း သူ့ကို မျက်မုန်းကျိုးသည်။

ဂျပန်ထုံးတမ်းဓလေ့ကို အမြဲတော်လှန်လျက် လောကမှာ ဘယ်ဟာမှ ဂရုမစိုက်တဲ့လူတစ်ယောက်ဟု သူနှင့် ခင်မင်သွားသည့်နောက်မှ သူ့အကြောင်းကို သိသွားသည်။

စစ်ပြီးခေတ် ဂျပန်ပြည်တွင် ကုမ္ပဏီထောင်ပြီး မြန်မာပြည်သို့ အလည်လာရာတွင် ကျွန်မထံသို့ ရောက်လာလေသည်။

ကျွန်မအား ဂျပန်ပြည်သို့ အလည်လာရန် အတန်တန်ဖိတ်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ပြည်သို့လာလျှင် သုံးစွဲဖို့ရန် ငွေမလိုကြောင်း၊ မယူခဲ့ရန် အတန်တန်မှာသည်။

သူ့အိမ်တွင် တည်းခိုရန် ဖိတ်မန္တကပြုသွား၍ တိုကျိုမြို့၌ ဟိုတယ်တွင် မတည်းကြဘဲ သူ့အိမ်၌ တည်းခိုရန် စီစဉ်လိုက်သည်။

နိုင်ငံခြားငွေကြေး လဲလှယ်သွားဖို့ရန် အချိန်ကြာအောင် စောင့်ဆိုင်းနေရမည့်အတွက် မစ္စတာအော့ဆူးအားကိုးနှင့်ပင် ငွေကြေးလဲလှယ်ယူမသွားကြဘဲ လက်ချည်းဘဲ ထွက်လာကြသည်။

နိုင်ငံခြားတွင်သုံးစွဲရန် ငွေကြေးပါမလာ၍ ကျွန်မတို့ ချို့တဲ့ခြင်း မရှိကြ။

အိမ်ရှင် မစ္စတာအော့ဆူးက လိုလေသေးမရှိအောင် ပြုစုသည်။

ကျွန်မနှင့်ပါလာသော ကျွန်မမိတ်ဆွေ ကိုကိုကြီးကိုလည်း ကျွန်မနှင့်ထပ်တူထပ်မျှ ဂရုစိုက်ဧည့်ဝတ်ပြုစုသည်။ ဂျပန်ပြည်ရောက်၍လည်းပတ် ကုန်ကျသမျှစရိတ် သူက အကုန်ခံလေသည်။

ကိုကိုကြီးမှာ သူ့အလုပ်တိုက်မှ ဂျပန်ပြည်တွင် ဝယ်ယူရမည့် ကုန်ပစ္စည်းများကို မစ္စတာအော့ဆူး ကုမ္ပဏီမှတစ်ဆင့် ဝယ်ယူရန်အတွက် အစီအစဉ်ပါလာသည်။

ကျွန်မတို့မှာ မစ္စတာအော့ဆူးအိမ်ကလေးတွင် ကိုယ့်အိမ်ကိုယ့်ရာ လိုပင် သဘောထားနေကြသည်။

အားနာစရာမရှိ ဧည့်သည်လိုမနေရဘဲ လွတ်လပ်စွာနေကြရ၏။

ဧည့်သည်ကဲ့သို့ အားနာခြင်းကို မစ္စတာအော့ဆူးကမကြိုက်၊ မုန်းတီးသည်။ အိမ်သူအိမ်သားကဲ့သို့ အားမနာ ပါးမနာ သဘောထားနေထိုင်မှသာ နှစ်သက်သဘောကျသည်။

ထင်းရှူးအိမ်ကလေးထဲရှိ အခန်းလေးခန်းထဲ၌ လူလေးယောက်တစ်ခန်းစီ ဆိတ်ငြိမ် တိတ်ဆိတ်စွာရှိနေကြ၍ ကျွန်မမှာ စာတွေ့ထဲ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ထည့်နေရင်း တိတ်ချက်သားကောင်းလှခြင်းကြောင့် ယိုကို၏ အသံဗလံကို နားစွင့်မိသည်။

အခန်းထဲဝင်နေလျှင် အပြင်မှ ယိုကို၏အသံကို ကြားနေကျဖြစ်သည်။

သာယာသော တေးသံသာလေးတအေးအေးဖြင့် သူဘယ်အခန်းတွင် ရှိနေမှန်းကို သိရတတ်သည်။

တစ်ဖက်ခန်းတွင် ယိုကိုသည် တိတ်ဆိတ်စွာ အိပ်ရာများခင်းပေးနေသည်။

ကျွန်မမှာ သေတ္တာကိုပိတ်လိုက်ကာ အိပ်ရာပေါ်၌ လှဲချလိုက်သည်။

စောစောက ညစာစားပွဲတွင် ညစာစားသောက်ပြီး မစ္စတာအော့ဆူးနှင့် ကျွန်မတို့ ဝိုင်းဖွဲ့စကားလက်ဆုံကျပုံများကို ပြန်ပြောင်း၍ စဉ်းစားနေမိသည်။

'မလေးစံ . . . ကျုပ်သူငယ်ချင်းတွေနဲ့ စုဝေးငတ်နေကြတုန်းက များဆိုရင် အကြိုဝတ်စရာမရှိကြလို့ ကျုပ်တို့အပြင်မထွက်နိုင်ဘူး၊ တစ်ယောက်ပြန်လာမှ တစ်ယောက်ကဝတ်ထွက်ရတယ်၊ ဟိုတုန်းကဘဝနဲ့ အခုဘဝဟာ တခြားစီပဲ၊ ဟိုတုန်းကများ သူများလွှင့်ပစ်ထားတဲ့ ဝီးကရက်တိုကိုလမ်းမှာတွေ့ရင် ကောက်သောက်ချင်သောက်လိုက်တာ'

ကိုကိုကြီးမှာပြုံးလျက် မစ္စတာအော့ဆူးအား စိုက်ကြည့်နေသည်။

ကျွန်မတို့ နားမလည်အောင် အင်္ဂလိပ်စကားကို ကြိုးစားပမ်းစား အစီအစဉ်ကျအောင် ပြောပြနေ၏။

သူ့လက်ကြီးခါယမ်းလျက် လောက်စမီကာတပ်ထားသော အသံမျိုးဖြင့် စိတ်ရောကိုယ်ရော အားရပါးရ လှုပ်ရှားပြောဆိုနေသည်။

စကားဆုံးလျှင် ကိုကိုကြီးသည် ပခုံးနှစ်ဖက်လှုပ်ကာ သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



စွာ တခစ်ခစ်ရယ်နေလေသည်။

မစ္စတာအော့ဆူးသည် ပြောပြီး အားရပါးရ ရယ်လိုက်သည်။

ကျွန်မမှာ အိပ်ရာပေါ်မှ သူ၏ရယ်သံကြီးကို ကြားယောင်နေတုန်းပင်။

သူ့ရယ်သံမှာ သူ၏လက်ရှိ ခန့်ညားထည်ဝါနေသော အခြေအနေကြီးကို ပြက်ရယ်ပြောင်လှောင်ပြုနေသော ရယ်မောသံကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ကျုပ် ဂျာဗါးကျွန်းကို ၁၉၄၂-ခုနှစ်က သွားတယ်၊ ကျုပ်စီးတဲ့ သင်္ဘောကြီးက ခရီးသည် ၁၆၀၀-လောက် ပါတယ်၊ သင်္ဘောဘေးမှာ အသက်ကယ်လှေ ရှစ်ခုချိတ်ထားတယ်၊ တစ်ခုကို လူတစ်ရာလောက် စီးနိုင်တယ်၊ ဒီသင်္ဘောနံမည်က တိုင်ယိုမာရူးလို့ခေါ်တယ်၊ ပင်လယ်ထဲမှာ သင်္ဘောခုတ်သွားရင်း လမ်းမှာရေငုပ်သင်္ဘောတွေရဲ့ တော်ပီဒို ထိတာပဲ။

သင်္ဘောကြီး မီးထလောင်ပြီး မြုပ်ခါနီးမှာ လူတွေဟာ သွေးရူးသွေးတန်းနဲ့ ပြေးကြသွားကြ အော်ကြ ငိုကြနဲ့ ဖြစ်နေပြီး မီးတောက်ကြီးကလဲ သင်္ဘောကြီးတစ်ခုလုံးကို ဝါးနေတာပဲ၊ လှိုင်းကလဲ သိပ်ကြီးနေတယ်၊ ဒီအချိန်မှာ အသက်ကယ်လှေပေါ် လူတွေတက်ပြီး ကြိုးဖြတ်ကြတာ အဖြုတ်မတတ်တော့ မှောက်ကုန်ကြတာပဲ၊ တချို့လှေတွေလဲ လှိုင်းကကြီးလွန်းလို့ သင်္ဘောနံရံနဲ့ဆောင့်မိတော့ ကွဲကုန်ပြီးမြုပ်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



လှေငါးစင်းပဲ မမြုပ်ဘူး၊ ရေထဲကျသွားတဲ့လူတွေလဲ ကူးရင်းနစ်ကုန်ကြတယ်။

'တချို့ကူးနိုင်တဲ့လူတွေက မမြုပ်တဲ့လှေတွေဆီ ကူးသွားတော့ လှေပေါ်ကလူတွေက လှေနစ်မှာစိုးလို့ အတက်မခံဘဲ တွန်းပစ်ကြတယ်၊ အတက်မခံဘူး၊ ငရဲပြည်အတိုင်းပါပဲလေ၊ ဒီအချိန်မှာ ကျုပ်ဘာလုပ်နေသလဲဆိုတော့ သင်္ဘောပေါ်ထိုင်ပြီး ရှုခင်းကိုငေးကြည့်နေတယ်၊ ကျုပ်ကိုယ်တိုင် ဒီဒုက္ခထဲရောက်နေတာကို သတိမရဘူး၊ ရုပ်ရှင်ကားတစ်ကားကိုကြည့်နေရသလိုပဲ အောက်မေ့တယ်၊ နောက်ဆုံး သင်္ဘောလဲ နစ်ခါနီးနေပြီ၊ ကျုပ်အနားမှာ ဘယ်သူမှလဲ မရှိတော့ဘူး၊ ကျုပ်လဲ သင်္ဘောနဲ့အတူတူ နစ်ဖို့ပဲရှိတော့တယ်။

'ဒီအချိန်ကျမှ လှေတစ်စင်းကိုမြင်လိုက်တယ်၊ ဒီလှေဆီကို ကူးမသွားဘဲ အသာကြည့်နေတယ်၊ လှိုင်းပုတ်ပြီးမြုပ်မယ့် သင်္ဘောနားကပ်လာမှ ခုန်ချလိုက်တာလှေပေါ်က လူတွေကြားထဲ ခွေလဲကျသွားလို့ 'သည်းခံကြပါခင်ဗျာ' ပြောပြီးတစ်ခါတည်း မျက်လုံးမှိတ် အိပ်ပစ်လိုက်တာပဲ၊အိပ်ယာကနိုးတော့ ကျုပ်စီးလာတဲ့လှေဟာ စစ်သင်္ဘောတစ်စီးနားရောက်နေတာမြင်မှ လူ့ဘဝဟာရယ်စရာကောင်းတဲ့ဘဝလို့ အားရပါးရ ရယ်မိတယ်'

သူ့အိမ်သို့ ရောက်စက ကျွန်မတို့ကိုပြောပြသော အတ္ထုပ္ပတ္တိပုံပြင်များအနက် သင်္ဘောမှောက်ပုံနှင့် သူ၏ အသက်ရှင်ပုံရှင်နည်းကို လေ့လာနေစဉ် ယိုကိုသည် ခြေသံမကြား အခန်းထဲသို့ ရောက်လာကာ တံခါးကို ဖြည်းဖြည်းကလေး ဆွဲစေ့လိုက်သည်။

သူ့မျက်နှာကို လှမ်းကြည့်လိုက်ရာ မျက်နှာလေးမှာသိသိသာသာ ညှိုးငယ်လျက် မရွှင်မလန်းဖြစ်နေ၏။

ကျွန်မရင်ထဲ၌ ထင့်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲပြုံးရွှင်နေကျ မျက်နှာကလေးမှာ ယနေ့ညမှ ထူးထူးခြားခြား မရွှင်မပျဖြစ်နေခြင်းကြောင့် အံ့အားသင့်သောမျက်လုံးများဖြင့် လှမ်းစိုက်၍ကြည့်မိသည်။

ကျွန်မက ပြုံးလိုက်ကာ သူ့အရိပ်အကဲလည်း ကြည့်လျက် ကျွန်မ အိပ်ရာနံဘေးတွင် လာထိုင်ရန် ပုတ်ပြကာ ခေါ်လိုက်သည်။

သူသည် ပြုံးရယ်ခြင်းမရှိ။

နီမြန်းနေသောမျက်နှာဖြင့် ကျွန်မအိပ်ရာဘေး၌ ဂျပန်ထိုင် ဒူးထောက်ချက် ခေါက်ထိုင်ကာ ကျွန်မအား ညှိုးငယ်စွာ ကြည့်နေသည်။

'ယိုကို ... ဘာဖြစ်သလဲ၊ ဘာဖြစ်လို့လဲ'

ကျွန်မက မျက်နှာပျက်ပျက် လေသံကလေးဖြင့် သူ့ပခုံးကိုကိုင်ကာ မေးလိုက်သည်။

ယိုကိုမှာ အင်္ဂလိပ်စကားပြောသင် ကျောင်း၌နေ၍ အင်္ဂလိပ် ဘာသာစကားကို နားလည်ကာ စကားဖြစ်အောင် ပြန်ပြောတတ်၏။

'မမလေးစံတို့ နက်ဖြန်ည အိုဆာကာကို သွားမယ်မဟုတ်လား'

ကျွန်မနှင့် ခွဲခွာရမည့်အတွက် အောက်မေ့၍ မှိုင်လာသလားဟု ထင်မိကာ ကျွန်မကပြုံးလျက် ...

'နက်ဖြန်ညသွားမယ်. . . လိုက်ခဲ့ပါလား ယိုကို'ဟု ပြောလိုက်သည်။

သူ့ဒူးပေါ်တွင် တင်ထားသော လက်ကလေးနှစ်ဖက်ကို ပွတ်လျက် ခေါင်းကိုညင်သာစွာ ယမ်းခါပြနေကာ မျက်နှာပျက်နေလေသည်။

ကျွန်မလည်း ငေါက်ခနဲ ထထိုင်လိုက်ကာ သူ့ပခုံးလေးနှစ်ဖက်ကို ဆုပ်လျက် ...

'အိုဆာကာကို လိုက်ချင်သလား၊ လိုက်ချင်ရင် မင်းဦးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပါလား' ဟု ပြောလိုက်သည်။

ကျွန်မတို့ နက်ဖြန်ညရထားနှင့် သွားကြမည်ဖြစ်ရာ ယိုကိုမှာ အိမ်စောင့်ကျန်ရစ်ရမည်။

ကျွန်မတို့ရောက်နေခိုက် အိမ်အလုပ်များ၍ ကျောင်းမတက်ဘဲ ခွင့်ယူထားရသည်။

မစ္စတာ အော့ဆူးအား ယိုကိုပါခေါ်ခဲ့ရန် ပြောသောအခါ ကျောင်းရက်ပျက်နေ၍ မခေါ်နိုင်ဘူး ထားခဲ့မယ်ဆိုသဖြင့် ဇွတ်မပြောသာပေ။



www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

အိုဆိုကာသို့ သူပါလိုက်ချင်ပုံရှိနေသည်ဟု အောက်မေ့ကာ သူဦးလေးကို သူကိုယ်တိုင်ပြောရန် ပူဆာခိုင်းရသည်။

'ဦးလေးကို ဒီနေ့ည စကားပြောစရာ အကြောင်းကိစ္စတစ်ခုရှိတယ်၊ မပြောလို့မဖြစ်ဘူး၊ အဲဒီစကားပြောပြလိုက်ရင် ကျွန်မကို အိုဆာကာလိုက်ဖို့ ခေါ်တော့မှာ မဟုတ်ဘူးထင်တယ်'

သူ့စကား အသုံးအနှုန်းကို ရုတ်တရက် အဓိပ္ပာယ် နားမလည်နိုင်သူ့ကို ထပ်ကာထပ်ကာ ပြောခိုင်းရသည်။

ကျွန်မမှာ စိတ်ဝင်စားသွားလေ၏။

ဘယ်ကိစ္စ၊ ဘယ်စကား၊ ဘယ်အကြောင်းများလဲ၊ ငွေရေးကြေးရေးများလား၊ ဘာများလဲဟု တွေးတောကာ သို့လောသို့လောတွေးသွားသည်။

'ပြောစမ်း . . . ယိုကို၊ ဘာအကြောင်းကိစ္စကို ပြောပြမှာမို့ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ကမင်းကို အိုဆာကာ ခေါ်မသွားနိုင်မှာလဲ ပြောစမ်း'

ယိုကိုသည် ကျွန်မမျက်နှာကို မျက်စိကလေး မှေးကြည့်လျက် တော်တော်နှင့် မပြောဘဲနေ၏။

နောက်မှ ပြောတော့မလို အမူအရာဖြစ်လာကာ မပြောခင် ပြုံးလိုက်လေသည်။

သူ့အပြုံးမှာ ရှက်ကိုးရှက်ကန်း အပြုံးဖြစ်သည်။

'ကိုကိုကြီးစံလေ ကျွန်မကိုနမ်းတယ်၊ ဒီအကြောင်း ဦးလေးကို ဒီညပြောပြရမယ်'

'အို . . .'

ကျွန်မမှာ အကြီးအကျယ် တုန်လှုပ်၍သွားသည်။

တစ်ယောက်ယောက်က ခေါင်းကို တအားရိုက်လိုက်သကဲ့သို့ မိုက်ခနဲ မူးနောက်သွားသည်။

ရင်တလှပ်လှပ်ဖြင့် ရှေ့ဆက် စကားမပြောနိုင်သလောက် ဖြစ်သွားသည်။

ယိုကိုသည် မျက်တောင်တဖျတ်ဖျတ်ခတ်ကာ အငြိမ်သား ကျွန်မကိုကြည့်၍နေသည်။

ဤကိစ္စကို ကျွန်မ,မသိလိုက်ရဘဲ သူ့ဟာသူ သူ့ဦးလေးကို သွားဖွင့်ပြောလိုက်ချေလျှင် သည်နေ့ည သည်အိမ်ကလေး၌ ကျွန်မမှာ ရှေ့ဆက်၍ မတွေးတော၀့့သလောက် ခေါင်းနားပန်းကြီးသွားကာ ကျောထဲ၌လည်း စိမ့်သွား၏။

ဘယ်လိုဖြစ်ကြတာလဲ၊ ဘယ့်နှယ့်ကြောင့် ကိုကိုကြီးက သူ့အိမ် တည်းခိုနေတုန်း သည်လိုလုပ်ရပါလိမ့်။

မေးခွန်းပေါင်း သောင်းခြောက်ထောင်မှာ ကျွန်မခေါင်းထဲတွင် ဆင့်ကဲဆင့်ကဲ ပြည့်လျှံလာကြလျက် တွေးရင်းတွေးရင်း အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com



မှားနေသည်။

ယိုကိုက အလိုတူ၍ဖြစ်ရသလောဟု မတွေးတတ်အောင်ဖြစ်မိသည်။

သူ့ဦးလေးကို ဖွင့်ပြောရမည်ဆိုသည်မှာ အလိုမတူ၍ တိုင်ကြားမည့် အစီပွာယ်ရောက်နေသဖြင့် အလိုမတူဘဲ ကျိတ်ခံလိုက်ရပုံများလားဟု မတွေးတတ်အောင် ဖြစ်သွားပြန်သည်။

ကျွန်မမှာ တစ်ထိုင်ချင်း ခေါင်းရှုပ်သွားကာ ကျွန်မ၏နှုတ်မှ 'ကိုကိုကြီးမှာ မိန်းမရှိတယ် ယိုကို'ဟု ထွက်သွားမိသည်။

'သူ့မိန်းမက သူ့ကိုချစ်သလားဟင်'

ကျွန်မသည်ယိုကို၏မျက်နှာကို စူးစိုက်ကြည့်မိပြန်သည် သူ့မေးခွန်းကိုမဖြေခင် သူမေးသောမေးခွန်းပေါ်တွင် မူတည်၍ သူ့အကဲကို သိလိုသိငြား နှိုက်ချွတ်ရှာဖွေ စိုက်ကြည့်မိသည်။

သူမေးပုံမှာ သိလို စုံစမ်းခြင်း ပြင်းပြင်းပြပြ အမူအရာလုံးလုံးမပြ၊ ပုံပြင်ဝတ္ထုကို နားထောင်နေသော ကလေးသူငယ်တစ်ဦးက ပေါက်ကရမေးခွန်းတွေ မေးပုံမေးနည်းအတိုင်းသာ ခပ်ပေ့ါပေ့ါတွေ့ရသည်။

'ချစ်တယ်၊ သူ့မိန်းမက သူ့ကို သိပ်ချစ်တယ်၊ သူကလဲ ချစ်တာပဲ'

ယိုကို၏ မျက်နှာကလေးမှာ ကြည်လင်ရွှင်ပျတုန်းကကဲ့သို့ ချိုမြမြဖြစ်လာကာ အပြစ်ကင်းစင်သော ကလေးမျက်နှာကလေးပမာ ပြုံးပြုံးကလေးလုပ်နေသည်။

ကျွန်မမှာ စဉ်းစားရကျပ်လာသည်။

သူပါ အလိုတူအလိုပါဖြစ်လျှင် သည်အဖြေဖြင့် မှိုင်ငိုင်တွေဝေသွားစရာရှိလျှက် ဘယ်လိုမှ မဖြစ်သလို နဂိုအတိုင်း မထူးခြားခြင်းကိုပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သူ့မျက်နှာလေးကို စူးစိုက်၍ ကြည့်နေပြန်လေ၏။

ယိုကိုသည် သူ့ခေါင်းတွင် သိုင်းချည်ထားသော ဖဲကြိုးအနက်ကို ဖြုတ်ယူရင်း အိမ်ရှေ့မှအသံကို နားစွင့်လိုက်လျက် 'ဦးလေးစာဖတ်နေတုန်းပဲ'ဟု ဆိုသည်။

ကျွန်မမှာ အခက်တွေ့နေ၏။

သူ့အား အလိုတူသလားဟု စစ်မေးရမှာကလည်း မတူလျှင် မေးဖို့မကောင်းချေ။

အလိုမတူဘူးလားဟု မေးလိုက်ရမှာကလည်း အလိုတူနေလျှင် ခက်ချေမည်။

သူ့ပုံပန်းမှာ သူ့ဦးလေးအား အလိုတူသည်ဖြစ်စေ၊ အလိုမတူသည်ဖြစ်စေ၊ သွားဖွင့်ပြောမည့်ပုံပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

သူဖွင့်ပြော၍ မစ္စတာအော့ဆူးသိသွားလျှင် သူ့ကို အိုဆာကာမြို့သို့ ခေါ်သွားမည်မဟုတ်မှန်းလောက်သာ သူသိသည်။

မစ္စတာအော့ဆူးက ကိုကိုကြီးကို မည်ကဲ့သို့သဘောထားမည်ကို တွေးမိပုံမရ၊ မလိုလျှင် ညတွင်းချင်း ကိစ္စများကြမည်ကို တွေးမိဟန် သိဟန်လည်းမရှိ၊ ကျွန်မမှာ အသက်ရှူရကျပ်ကာ ကိုကိုကြီးအတွက် ချက်ချင်းပူပန်သွားမိသည်။

ဂျပန်တစ်ယောက်၏ ဒေါသကို ပေါ့ပေါ့ဆဆ ထား၍မတွေးဝံ့ချေ။

ရှူးရှူးရှဲရှဲထွက်သော ဂျပန့်ဒေါသလည်း ကြောက်စရာကောင်းသည်။

သွေးအေးအေးနှင့် တစိမ့်စိမ့်ထွက်သော ဒေါသမျိုးလည်း အသည်းယားစရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးအပေါ်တွင် လိုအပ်သည်ထက် ပိုလျှံနေအောင် ပြုစုနေသော စိတ်၊ စေတနာ၊ မေတ္တာမှာ သည်အကြောင်းကြားသည်နှင့် တစ်ပြိုင်နက် အခါးကြီး ခါးသွားပေလိမ့်မည်။

အိမ်ပေါ်တွင် မျက်နှာမကြည့်ချင်အောင်ဖြစ်ကာ ခွင့်လွှတ်ချင်မှ လွှတ်မည်။ အကယ်၍ သူ့ဒေါသကို မချုပ်တည်းနိုင် မဆီးတားနိုင်လေက သူ့ပိုင်နက်ထဲတွင် လှလှကြီး ဒုက္ခများဖို့ရာသာ ရှိနေကြ၏။

ကျွန်မမှာ အကြီးအကျယ် စိတ်ညစ်ညူးလာကာ စိတ်ထဲ၌ကိုကိုကြီးကိုအဖန်တစ်လဲလဲ အပြစ်တင်ရင်း ကြံမရဖြစ်နေလေသည်။

'မမလေးစံ အိပ်တော့၊ ဦးလေးဆီ သွားဦးမယ်'

သူသည် ထိုင်ရာမှထရန်ပြင်သည်။

ကျွန်မမှာ လန့်ဖျပ်သွားလျက် သူ၏ ဂါဝန်စကို' ဆွဲထားလိုက်ကာ ကတုန်ကယင်ကြီး ပြောမိသည်။

'နေပါဦးကွယ် ဦးလေးကို ဒီကိစ္စပြောမပြလို့ မဖြစ်ဘူးဆိုတာဘာကြောင့်လဲ သိပါရစေ'

သူသည်ထရန် ဆိုင်းတွသွားကာ ပြောပြရမည့် အင်္ဂလိပ်စကားကို စဉ်းစားရှာဖွေသကဲ့သို့ မျက်လုံးကလေး ထောင့်ကပ်လျက် နှုတ်ခမ်းကလေးကိုစု၍ တွေနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

ကျွန်မမှာ သူ့အဖြေကိုစောင့်ရင်း ဖွင့်ပြောလိုက်လျှင် ဖြစ်ပေါ်လာမည့်ဆိုးကျိုးကို မသိလောက်အောင် သူ၌ အတွေးအခေါ် အသိဉာဏ်မရှိဘူးလားဟု စိတ်ထဲ မချင့်မရဲဖြစ်နေမိသည်။

သူ့အနေမှာ ကလေးပီပီ ရိုးရိုးအအပင် ဘာမှန်းမသိ။

'ကျွန်မပြောရမယ်၊ မပြောရင် ကျွန်မမှာ အပြစ်ရှိမှာပေါ့၊ အပြစ်ရှိမယ်၊ ကျုံရှုံးမှာ ဦးလေးနဲ့နေဖို့ ကျွန်မကို လာခေါ်တုန်းက ဦးလေးကပြောထားတယ်၊ ငါ့အတွက် သစ်ပင်ကြီးတစ်ပင်နဲ့ မြေကြီးရှိရင် နေလို့ဖြစ်တယ်၊ နင့်အတွက် အခုတိုက်ကြီးမှာ အိမ်နဲ့နေမယ်၊ အလုပ်မြဲမြဲလုပ်မယ်၊ ငါ့ကို ဦးလေးလို့သဘောထားရင် ငါနဲ့မလိုက်ခဲ့နဲ့၊ ငါက ယောကျ်ား နင်ကမိန်းမ၊ ငါနဲ့အတူနေချင်ရင် ငါ့ကို နင့်အဖေလို အောက်မေ့မှ နင့်နဲ့ငါနဲ့ အတူတူနေလို့ဖြစ်မယ်၊ နင့်မှာ ငါမသိအောင် လျှို့ဝှက်ထားတာ ဘာမှမလုပ်ရဘူး၊ ငါကလဲ နင်မသိအောင် လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ ဘာမှမလုပ်ဘူး၊ သဘောတူမှ ကတိပေးမှ နင်မွေးစားမယ် ခေါ်သွားမယ်ပြောတယ်။

'ဒါကြောင့် ကျွန်မ ကတိပေးထားတယ်၊ ဦးလေးကို အသိမပေးတာ ဘာမှ မလုပ်ပါဘူး၊ ချက်ချင်းသိစေမယ်၊ လျှို့ဝှက်ချက် မထားဘူးလို့ ကတိပေးထားတယ် ကျွန်မဖွင့်ပြောမပြရင် ကျွန်မမှာ အပြစ်ရှိမှာပေါ့ မဟုတ်ဘူးလား'

ကျွန်မမှာ တပင်တပန်းကြီး နားထောင်ပြီးနောက် အလုံထောင်ထဲကျရောက်သွားသလို အသက်ရှူရကျပ်မွန်းအောင်ပင် စိတ်အိုက်သွားသည်။

တူမလေးကို သမီးလေးနှင့်မခြား ချစ်ခင်ပုံမှာ မျက်မြင်ကိုယ်တွေ့ဖြစ်နေသည်။

ထိပ်ပုတ် ခေါင်းပုတ် ကျီစယ်နေတတ်လျက် ဖူးဖူးမှုတ်ထားသည်။

တူမလေးမပျင်းရန် ရေဒီယိုကိုဖွင့်ကာ တူမလေးနှင့် တွဲကချင်လည်း ကနေတတ်သည်။

မိခင်နှင့်မခြား မျက်စိအောက်၌ထားလျက် အရိပ်တကြည့်ကြည့်ကြည့်နေသည်။

အပြင်ထွက်လျှင် ဝတ်ရမည့် ဂါဝန် အဝတ်အစားကို ကိုယ်တိုင်ရွေးချယ်ပေးလျက် လှပအောင် ပြင်ဆင်ပေးလိုက်သေးသည်။

သည်အသက် သည်အရွယ် သည်အချိန်ရောက်မှ သည်တူမလေးကို သံယောဇဉ် ခိုင်ခိုင်မြဲမြဲ ချည်ထားသူဖြစ်သည်။

'ဒီတစ်ခါတော့ ယိုကို့ကို မွေးစားထားတဲ့အတွက် ကျုပ်ဘဝဟာ အတည်တကျ ဖြစ်သွားပါပြီ'ဟု သူ၏ ရပ်တည်ရာရသော အခြေအနေကို ကျွန်မတို့အား စပ်မိတိုင်း ပြောပြတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မှာ တစ်အိမ်တည်း နှစ်ယောက် အတူတူနေလျက် နှစ်ကိုယ့်တစ်စိတ် လုပ်ထားကြသည်။

ယိုကို၏ အခြေအနေမှာ မပြောဘဲ မြှုထားလိမ့်မည့် အခြေအနေ မဟုတ်၊ ဤကိစ္စမှာ ဖွင့်ပြောကောင်းသည့် ကိစ္စဟု ထင်မှတ်နေသဖြင့် သာ၍ စဉ်းစားရ ကျပ်လာသည်။

ဦးလေးက ကြိုတင်မှာကြားထားသည့်အတိုင်း လိုက်နာလေးစား ခြင်းရှိသည့်အတွက် ကောင်းတဲ့စိတ်ပဲဟု တစ်ဖက်ကချီးကျူးမိသည်။

ယိုကိုမှာ ဦးလေးစကား နားထောင်ဖို့သာလျှင် သူအရေးထားလေ သည်။

ကိုကိုကြီးအတွက် အရေးမထားချေ။ ကိုကိုကြီးက ခေါ်လာသော ကျွန်မအတွက်လည်း အရေးမထားချေ။

သူ့ကိုယ်တိုင် သူ့အတွက်လည်း အရေးမထားချေ။

သူ့ဦးလေးအပေါ်၌ ရိုးသားဖြောင့်မတ်ဖို့ရန် အသည်းစွဲအောင် မှတ်ထားပုံရသည်။

'ယိုကိုဖွင့်ပြောရင် ယိုကိုကို ဦးလေးက မဆူဘူးလား၊ စိတ်မဆိုး ဘူးလား'

သူသည် အဖြေချက်ချင်းမပေးဘဲ ပြုံးရင်း တွေးနေ၏။

စူးရှသော မျက်လုံးအကြည့်ဖြင့် ကျွန်မမျက်နှာကို ကြည့်နေ သည်။

ကျွန်မက အဖြေမပေး၍ တစ်ခါထပ်မေးပြန်သည်။

'နောက်တုန်းက ဒီလိုအဖြစ်မျိုး ဖွင့်ပြောခဲ့ဖူးသလား၊ ဖွင့်ပြောနေ ကျလား'

သူသည် ခစ်ခနဲ ရယ်လိုက်လေသည်။

'ကျွန်မကို ကိုကြီးစကလွဲပြီး ဘယ်သူမှ မနမ်းဖူးဘူး၊ သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ နမ်းတာ၊ နောက်တုန်းက ဖြစ်ခဲ့ရင်လဲ ဦးလေးသိမှာပေါ့'

ကျွန်မမှာ ငိုအားထက် ရယ်အားသန်ကာ သူ့အဖြေကို ကြားနာရင်း စိတ်ညစ်ညစ်ဖြင့် ရယ်မိလေသည်။

သူလည်း ကျွန်မနှင့်အတူ ရောရယ်နေသည်။

'ယိုကိုဖွင့်ပြောရင် ဦးလေးက ယိုကိုကို စိတ်ဆိုးလိမ့်မယ်လို့ မထင်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

သူသည် မျက်နှာပိုးသတ်လိုက်ကာ ခေါင်းခါပြလိုက်သည်။

'ဦးလေးက ယိုကိုကိုချစ်တယ်၊ စိတ်ဆိုးမယ် မထင်ပါဘူး၊ မပြော ဘဲ နေမယ်ဆိုရင်တော့ မကောင်းဘူး၊ အခုလဲ မပြောဘူး နောက်မှ လဲမပြောဘူးဆိုရင် ကျွန်မမှာ အပြစ်ရှိမှာပေါ့'

ယိုကိုမှာ သူ့အယူအဆကို ရိုးရိုးသားသားကလေး ပြောပြနေ သည်။

သူက ရိုးရိုးသားသားပြောလေ ကျွန်မမှာ အကျပ်ရိုက်လေလေ ဖြစ်ကာ ထပ်၍ မေးခွန်းထုတ်ရပြန်သည်။

'ယိုကိုပြောရင် ဦးလေးက ကိုကိုကြီးစံကို စိတ်ဆိုးမယ် မထင်ဘူး လား'

သည်မေးခွန်းကို တစ်စုံတစ်ရာ တွေးတောမနေဘဲ မဆိုင်းမတွ ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ညည်းသည်ပဲ ဘယ်စိတ်ဆိုးမလဲ၊ မဆိုးပါဘူး'

လူကောင်သာ အပျိုကြီးဖားဖား ဖြစ်နေလျက် အတွေးအခေါ်မှာ ဘိတ်ဘိတ်သား သူငယ်နှပ်စား မသိနားမလည်သည့် ကလေးမလေးသ ဖွယ် အအကြီးဖြစ်နေ၍ စိတ်ထဲ၌ သာ၍သာ အိုက်သွားမိသည်၊

'စိတ်မဆိုးဘူးဆိုတာ မှားတယ်၊ မင်းပြောရင် ဦးလေးက ကိုကိုကြီး ကို စိတ်ဆိုးမှာပေါ့၊ ကိုကိုကြီးက မင်းကိုနမ်းတာ ကလေးမလေးတစ် ယောက်ကို နမ်းသလို နမ်းသလား၊ ဒါမှမဟုတ်ရင် အပျိုမလေးကို နမ်းသလို နမ်းသလား၊ ပြောစမ်း'

'အပျိုမလေး နမ်းသလို နမ်းတယ်'

ဒက်ခနဲဖြေလိုက်သော သူ့အမေးကို ကြားနာကာ ဒါနဲ့များ သူ့ဦးလေးက ဘယ်စိတ်ဆိုးမလဲလို့ ပြောရသလားဟု စိတ်ထဲ၌ မကျေ မနပ်နှင့် နှုတ်ခမ်းကို ကိုက်ထားလိုက်ကာ သူ့ကို စေ့စေ့ကြည့်နေသည်၊

ခဏကြာမှ ကျွန်မက လူမှုရေးရာ နားမလည်ခြင်းကို နားလည် စေလိုသော ဆန္ဒဖြင့် ထပ်ရှင်းပြောပြန်သည်။

'ဒါဖြင့် အပျိုလေးကိုနမ်းတာ ဦးလေးသိရင် သူ့ကို စိတ်မဆိုး ဘူးလား၊ စိတ်ဆိုးမလား'

သူသည် မျက်မှောင်ကလေးကြုတ်လျက် အတန်ကြာစွာ စဉ်းစား နေပြီးမှ ပြန်ဖြေသည်။

'ညည်းသည်ပဲ၊ ဒီအိမ်မှာတည်းတဲ့ ညည်းသည့်ကို စိတ်မဆိုးရဘူး မဟုတ်လား'

ကျွန်မမှာ သဘောပေါက်အောင် ပြောဖို့ရန် လက်လျှော့လိုက် ရကာ သက်ပြင်းကြီးချလိုက်မိသည်။

ခေါင်းကုတ်လျက် အကြံထုတ်ရလေသည်။

မီးကို မလောင်ခင်က တားရန် သဲကန္တာရကြီးထဲ၌ ရေရှာ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ရုတ်တရက် အကြံမရနိုင်သဖြင့် စိတ်ပင်ပန်းလိုက်ပုံမှာ ပြောဖွယ်ရာ မရှိတော့ပေ။

သူက ကျွန်မကို မျက်စိမေးမှေးဖြင့် ငေးကြည့်ရင်း ကျွန်မစိတ်သောကများနေမှန်း သိသဖြင့် စိတ်သောကမများရန် စိတ်အေးအောင် နားသွင်းနေသည်မှာ . . .

'မမလေးစံ စိတ်မပူပါနဲ့ ဦးလေးက ကိုကိုကြီးစံကို စိတ်မဆိုးပါဘူး၊ ကျွန်မကိုနေ့တိုင်းပဲပြောတယ်၊ ကိုကိုကြီးစံ အလုပ်ကို လုပ်ပေးရမယ်၊ အဝတ်ဟောင်းရင် လျှော်ပေးပါ၊ လက်ကိုင်ပဝါဟောင်းရင် လျှော်ပေးပါ၊ စားစရာကို အချိန်နဲ့ကျွေးပါ၊ အခန်းထဲမှာ လက်ဖက်ရည်သောက်ချင်ရင် သွားပို့ပေးပါ၊ အိပ်ရာကောင်းကောင်းပြင်ပေးပါ၊ ဝတ်ပြီးတဲ့အဝတ်တွေ မီးပူတိုက်ပေးပါ၊ ခေါက်ပေးပါ နေ့တိုင်းပြောနေတာပဲ၊ ကိုကိုကြီးစံကို ဦးလေးက နှစ်သက်တယ်၊ ချစ်ခင်တယ်၊ စိတ်မဆိုးပါဘူး၊ စိတ်မပူပါနဲ့၊ ဦးလေးက . . .'

အင်္ဂလိပ်စကားကို ရေလည်အောင် မပြောတတ်သော်လည်း သူပြောချင်သောစကားကို သူတစ်ပါးနားလည်အောင် စကားလုံးတစ်မျိုးပြီးတစ်မျိုး ရွှေ့လျားပြောင်းပြင် ပြောပြနေသော သူ့စကားကြော အဆုံးမသတ်ခင် ကျွန်မမှာ သူ့နဖူးကို ပိတ်သာထုလိုက်ချင်သည်။

ရှေ့ဆက် ရှည်မနေအောင် အတင်းဝင်ပြောရလေသည်။

'မဟုတ်ဘူး ယိုကို၊ ယိုကိုနားမလည်ဘူး၊ ဦးလေးသိရင် ကိုကိုကြီးစံကို စိတ်ဆိုးလိမ့်မယ်'

သူသည် ကျွန်မစကားကို မယုံ့တယုံဖြင့် ငေးငိုင်လျက် ကြည့်နေသည်။

ကျွန်မမှာ အဆင်ပြေစေရန် အကြံရအောင် စဉ်းစားရလျက် သူ့ကိုတောင်းပန်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ယိုကို ကတိအတိုင်း ဦးလေးကို ပြောပြမယ်ဆိုတာ ကောင်းတယ် သဘောကျတယ်၊ ဒါပေမယ့် ဒီအကြောင်းကို ယိုကိုက မပြောပါနဲ့ ဒီအကြောင်းကို မလေးစံက ယို့ကို့ဦးလေးကို ဖွင့်ပြောပါရစေ၊ ကိုကိုကြီး ဟာ မမလေးခေါ်လာတဲ့ ဧည့်သည်ဖြစ်တယ် အခုည ယိုကိုပြောလိုက် ရင် ကိုကိုကြီးလဲ မကောင်းဘူး၊ မမလေးလဲ မကောင်းဘူး ဒီတော့ အချိန်ကောင်းကြည့်ပြီး မြန်မာပြည်မပြန်ခင် ဦးလေးကို ဖွင့်ပြောပြပြီး ခွင့်လွှတ်အောင် တောင်းပန်သွားချင်တယ် ဦးလေးကို ယိုကိုက ချက်ချင်းပြောမပြတဲ့အတွက် အပြစ်ရှိရင် ခွင့်လွှတ်အောင် မမလေးက တားထားလို့ မပြောတာပါဆိုတာ ရှင်းပြောပြမယ်၊ ဒါနဲ့မှ ချက်ချင်း မပြောလို့ ယိုကို့ကို အပြစ်ပေးရင် ဒီအပြစ်ကို ယိုကိုမခံစေရဘူး၊ မမလေးခံပါ့မယ် သဘောတူသလား ယိုကို သဘောတူပါ'

ယိုကိုမှာ ငြိမ်ကျသွားကာ တွေဝေစဉ်းစားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၀ ]

ကျွန်မမှာ နားမှနားလည်ရဲ့လားဟု စိတ်ပူကာ နားလည်အောင် နှစ်ခါသုံးခါ ပြောပြရသည်။

'ဦးလေးကို မမလေးစံ ဖွင့်ပြောရင် ကျွန်မကို မမလေးစံမပြော အောင် ပိတ်ထားတယ်ဆိုတာ ဦးလေးကို ပြောပြမယ်လား၊ ဒါအမှန် လား'

'ပြောပြမှာပေါ့၊ ယိုကိုချက်ချင်းမပြောအောင် ကျွန်မတောင်းပန်ပြီး ပိတ်ထားပါတယ်လို့ ပြောပြမှာပေါ့၊ ဒါအမှန်ပါ၊ ဘယ့်နှယ်လဲ သဘော တူလား'

ကျွန်မ၏ဝန်ခံချက်ကို စိတ်မချတချ ဖြစ်နေသေးလျက် နောက်မှ စိတ်မပါသော မျက်နှာလေးဖြင့် သူ့ခေါင်းကို မညိတ်ချင်ညိတ်ချင် ညိတ်ပြနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ တဒင်္ဂအားဖြင့် သက်သာရာ ချမ်းသာရာ ရသွားလေသည်။

အသက်ရှူချောင်သွားကာ ကျေးဇူးတင်စွာ ချစ်ခင်စွာဖြင့် ယိုကို၏လက်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

ယိုကိုသည် ကျွန်မနားမှထသွားသည်။

နံရံတွင်းမှ သူ့အိပ်ရာလိပ်ကို ထုတ်ခင်းနေသည်။

ညဝတ်အင်္ကျီ၊ ဘောင်းဘီများလဲဝတ်ပြီးနောက် အိပ်ရာပေါ်၌ လှဲခွေလိုက်ကာ မျက်လုံးမပေါ်အောင် မျက်နှာရှုံ့တွလျက် မသက်မသာ ပြုံး၍ပြသည်။

ကျွန်မမှာ စိတ်ညစ်ညူးသွားဟန်ရှိသော သူ့မျက်နှာလေးကို စိုက်ကြည့်လျက် ကရုဏာဖြစ်မိသည်။

ဖြစ်ပျက်ပုံကို တွေးရင်းတွေးရင်း ဝမ်းနည်းလာသည်။

အဖြစ်အပျက်မှာ ကျွန်မအယူအဆ ကျွန်မအတွေးတွင် ယိုကိုသဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ အကျည်းတန်သော အဖြစ်အပျက် အရုပ်ဆိုးသော အဖြစ်အပျက် တစ်ရပ်ဖြစ်နေ၏။

သူ့ဦးလေးသိသွားလျှင် စိတ်ထဲနာကျင်ဖွယ်ရာ ဖြစ်သွားမည်ကို ဝမ်းနည်းမိသည်။

ကိုကိုကြီးမှာ လွတ်လပ်သောသူ မဟုတ်၍ သူ့သူ့ကိုယ်ကိုယ် နာကျင်မှာပဲဟု အုပ်ထိန်းသူဘက်မှနေ၍ စာနာ စဉ်းစားကြည့်မိသည်။

ယိုကိုအိပ်ပျော်သွားသည့်အချိန်တွင် ကျွန်မမှာ အိပ်မပျော်နိုင်၊ အိပ်ပျော်နေသော ယိုကို၏ မျက်နှာကလေးကို တစိမ့်စိမ့် စိုက်ငေးနေရင်း ကျွန်မစိတ်ထဲတွင် များစွာလှုပ်ရှားနေလေသည်။

ကျွန်မမျက်လုံးထဲတွင် ယိုကိုသည် ထသွားလေသည်။

ရေချိုးခန်းဘက်သို့ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနားထဲတွင် မစ္စတာအော့ဆူး၏ ခြေသံကို ကြားမိသည်။

ဆောင့်နင်းလာသော ခြေသံ၊ ထို့နောက် လက်နှင့် ခေါက်နေသော တံခါးခေါက်သံ၊

"ကိုကိုကြီးစံ၊ ကိုကိုကြီးစံ"

ဟု နှစ်ခွန်းသုံးခွန်း ခပ်အုပ်အုပ် ဆင့်ခေါ်နေသော ငေါက်ဆတ်ဆတ်အသံ၊ တံခါးဆွဲဖွင့်သံ ကြားရ၏။

စကားပြောသံများ၊ ဗလုံးဗထွေးကြားရပြီး နပန်းလုံးနေကြသံများ ကျွန်မနားနှင့်မဆံ့ဖြစ်နေသော ထွေးလုံးသတ်ပုတ်နေကြသံ၊

ကျွန်မမှာ မျက်လုံးကို အတင်းမှိတ်လျက် ဒိတ်ဒိတ် ဒိတ်ဒိတ် ခုန်နေသော ရင်ကိုငြိမ်အောင် နှိမ်နင်းနေလေ၏။

ရင်ခုန်ငြိမ်သွားမှ မျက်လုံးပြန်ဖွင့်လိုက်သည်။

အိပ်မောကျနေသော ယိုကို၏ မျက်နှာကလေးကို မြင်မိမှ သူပ်ရှားနေသော စိတ်များမှာ တစ်ဖြည်းဖြည်း ငြိမ်သက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

[၁၁]

တစ်ညလုံး မျက်စိကြောင်နေလေသည်။

ကွန်မဘေးတွင် ယိုကိုမှာ အိပ်မောကျလျက်ရှိ၏။

ခေါင်းရင်းခန်းမှာ မစ္စတာအောဆူး၏ အသက်ရှူသံကို တစ်ချက် တစ်ချက်ကြားရသည်။

ကိုကိုကြီးအခန်းမှ အသံဗလံများ မကြားရဘဲ တိတ်ဆိတ်နေ သည်။

ဂျပန်ပြည်သို့လာခဲ့သောခရီးမှာ အေးချမ်းသာယာလျက် စိတ် ချမ်းမြေ့သောခရီး စိတ်ကြိုက်အတွေ့ဆုံးခရီးဟု စောစောက ပျော်ရွှင် မှတ်ထင်ခဲ့သည်။

စိတ်ချမ်းသာသမျှ စိတ်ပျော်ရွှင်နေသမျှတို့နှင့် မကာမိ မယော အောင် တစ်ညလုံး စိတ်ဆင်းရဲနေတော့သည်။

ကိုကိုကြီး၌ လောလောဆယ် သင့်အံ့မည့်ဘေးကို ရှေ့က ဆီး



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ထားလိုက်ကာ ယိုကိုတွင် ကျရောက်အံ့မည့် အပြစ်ကိုလည်း ကိုယ့်အပြစ် လုံးလုံးဖြစ်အောင် ကျွန်မယူထား မိလျက်သား ဖြစ်နေသည်။

ဂျပန်လူမျိုးတို့မှာ ယောက်ျားနှင့် မိန်းမအဆင့် အတန်းချင်း အတော်ကြီးခြားနား၏။

အိမ်၏ အရှင်သခင်လင်သားစသူတို့အပေါ်၌ ပြားပြား ဝပ်ရှိသေဝပ်လျှိုးလျက် ကြောက်ရွံ့ကြရ၏။

ယောက်ျားများကို ဦးစားပေးရကာ ပျပ်ဝပ်ခယ ရိုသေ ကိုင်းရှိုင်းကြသော ထုံးစံရှိသည်။

ယိုကိုမှာ သူ့အားမျက်နှာသာပေးလျက် အရောတဝင်နှင့် ချစ်ခင်မြှောက်စားသော ဦးလေးဖြစ်လျက် ဦးလေးကို ကျော်လွန်၍ သူ့စိတ်နှင့်သူ့ကိုယ်မရှိ ထိတ်လန့်ကြောင့်ကြလျက် အမြဲသတိရှိနေရ၏။

အခန်းထဲတွင် ကျွန်မတို့နှစ်ယောက် စကားပြော ဆိုနေခိုက် ဦးလေးက "ယိုကို" ဟုခေါ်သံကြားလျှင် ထခုန် ပြေးမသွားမီ ဆတ်ခနဲ တုန်သွားတတ်ပုံကို မြင်နေကြဖြစ်နေသည်။

ယိုကိုသည် ကျွန်မတောင်းပန်ခြင်းကို မျက်စိမှိတ်၍ သဘောတူလိုက်ရခြင်းမျိုးသာဖြစ်နေကာ သူ့အပြစ်ကို ကျွန်မ ခံပါမည်ဟု ရဲရဲကြီး အာမခံထားချက်များကို ယုံကြည်ပင် ယုံကြည်ငြား သူ့ဦးလေးမသိသေးသရွေ့ ကာလပတ်လုံး သူ့ရင်ထဲ လှေးနေမည်သာဖြစ်သည်။

ဦးလေးနှင့်တူမ တစ်ဦးနှင့်တစ်ဦး အချင်းချင်း ပြုထားသည်ဆိုသော နားလည်မှုကို ဖောက်ဖျက်ထိန်ဝှက်ထားသည့် ယိုကို၏ အပြစ်မှာဘယ်မျှလောက်ရှိလျက် ဘယ်မျှလောက်ကြီးလေးမှန်း သူတို့လူမျိုးဓလေ့စရိုက်ကို မတွေးဆနိုင်မသိနိုင်ခြင်းကြောင့် ကျွန်မရင်ထဲတွင်လည်း လေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခလေ့စရိုက်ကို မတွေးဆနိုင်မသိနိုင်ခြင်းကြောင့် ကျွန်မရင်ထဲတွင်လည်း လေးနေလေသည်။

မစ္စတာအော့ဆူးအား သည်ကိစ္စကို ဖွင့်ဟပြောကြား၍ တောင်းပန်ထားရမည့် ကျွန်မဝတ္တရားကိုလည်း သိမြင်၏။

ကျွန်မနှင့်အတူလာသော ဧည့်သည်၏ပြစ်မှုသည် ကျွန်မပြစ်မှုနှင့်မခြား ဆိုးကျိုးကောင်းကျိုး ခံယူရမည့်တာဝန်ကိုလည်းသိမြင်၏။

အကယ်၍ယိုကိုတွင် မပြောပဲမြှုထားခြင်းဖြင့် အပြစ်ရှိခဲ့လျှင် ကျွန်မ အပြစ်လုံးလုံးဖြစ်စေရန်လည်း သိမြင်၏။

လေးလေးနက်နက် စဉ်းစားရင်း တွေးရင်းပင် ကျွန်မကိုယ်ကျွန်မ မစ္စတာအော့ဆူး၏ ဧည့်သည်တစ်ယောက်အဖြစ်မှ ဤကိစ္စ သူ့ကို ဖွင့်မပြောရသေးသမျှ ကျွန်မသည် အပြစ်ရှိသူတစ်ယောက်အဖြစ် သိမြင်လာသည်။

ကျွန်မနှင့် ကိုကိုကြီးမှာ ဂျပန်ပြည်မလာမီ လေးငါးလကမှ သူဇနီးမှတစ်ဆင့် အသိဖြစ်ကြသည်။

ကိုကိုကြီးအား သည်ကိစ္စ ကျွန်မသိကြောင်းကို ဖွင့်ပြောရမှာပင် အပြောရခက်နေသည်။

ဖွင့်ပြောလိုက်လျှင် သူ၌ လက်ငင်းချက်ချင်း အနေခက်အထိုင်ခက်နှင့် မျက်နှာမထားတတ်အောင် ကျဉ်းမြောင်းသွားမည့် အခြေအနေကို မြင်ယောင်မိသည်။

မစ္စတာအော့ဆူးအိမ်၌ ဧည့်သည်အဖြစ် တည်းခိုနေစဉ် သူသည် စိတ်ချမ်းမြေ့စွာ ရှိနေ၏။

သူနှင့် မစ္စတာအော့ဆူးတို့၏ ဆက်ဆံရေးမှာ ပိုမိုရင်းနှီး ခင်မင်လာကြခြင်းကို တွေ့ရ၏။

အိမ်သူအိမ်သားတစ်ယောက်ကဲ့သို့ အားမနာတမ်း သွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်ချိစွာ အေးအေးချမ်းချမ်း ရှိနေလေသည်။

ဂျပန်ပြည်၌ အနှံ့အပြား လည်ပတ်နေကြသည့် ခရီးစဉ်တွေကို ကျေနပ်နှစ်သိမ့်လျက်ရှိသည်။

ဂျပန်ပြည်တွင် ပျော်ပိုက်စွာဖြင့် စိတ်ချမ်းမြေ့လျက်ရှိသော သူ၏ စိတ္တသုခ ကာယသုခ နှစ်ရပ်စလုံးကို ပျက်ပြားအောင် ဖျက်ဆီးလိုက်မည့်အရာသည် 'ဖွင့်ပြောလိုက်ခြင်း' ဖြစ်သည်။

ကျွန်မမှာ ဤအချက်တွေးမိ၍ သူ့ကို ဖွင့်ပြောအသိပေးရန် ဝန်လေးသွားသည်။

မသိလိုက် မသိဘာသာ တစ်စုံတစ်ရာမပြောဘဲ သူ့ချမ်းသာမှုနှင့်သူ နေပါစေရန်သာ လိုလားမိသည်။

နက်ဖြန်ည ထွက်ကြမည့် ခရီးတစ်လျှောက်လုံးတွင် စိတ်အေးချမ်းစွာ သွားနိုင်လည်နိုင်အောင်၊ ထို့ပြင် ကျွန်မနှင့်မစ္စတာအော့ဆူးတို့ ဆက်ဆံသည့်နေရာတွင်လည်း အခက်အခဲတစ်စုံတစ်ရာမရှိ ပကတိအတိုင်းရှိလေအောင် ဖွင့်မပြောဘဲနေတာ ကောင်းပါတယ်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# [၁၂]

ကိုကိုကြီးအား စိတ်အနှောင့်အယှက်မဖြစ်စေလိုသည့်စိတ်ဆန္ဒ ရှိငြားသော်လည်းကိုကိုကြီးအား ခွင့်မလွှတ်နိုင်သည့် စိတ်ကလည်း ဝင်နှောက်နေသည်။

တစ်ဦးနှင့်တစ်ဦးထားရှိသောမေတ္တာတရားကို ပျက်ပြားထိခိုက် စေလောက်အောင်၊ မဆက်ဆံချင်လောက်အောင် ခွင့်မလွှတ်နိုင်ပုံမျိုး လည်းမဟုတ်။

ကိုယ့်ဘက်ကကိုယ်နှင့်ဆိုင်သည့်သူကို ဖိမဲ၍ ခွင့်မလွှတ်နေပုံ မျိုးသာဖြစ်သည်။

ယိုကိုလည်း အပြစ်မရှိအောင်၊ ကိုကိုကြီးလည်း မထိခိုက်အောင် မစ္စတာအောင့်ဆူးလည်း စိတ်ကျေနပ်အောင် အစစအရာရာ အဆင်ပြေ မည့်လမ်းစကို ရှာဖွေတွေးတောနေလေရာ မိုးလင်းသည်အထိပင်ဖြစ်၍ စိတ်ရောလူရော အတော်ပန်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မြင်ရ၍ အိပ်ရာမှထကာ အိပ်ခန်းဘေးမှဆွဲတံခါးနှစ်ဖက်ကို ဆွဲဖွင့်လိုက်သည်။

မိုးတစ်ခွင်လုံးမှုန်ပြာနေလျက် နံနက်လင်းသည့်အလင်းရောင်မှာ လင်းလင်းချင်းချင်း မရှိချေ။

အရပ်ရှစ်မျက်နှာစလုံး၌ တိမ်မှုန်တိမ်ငွေ့တွေ ဆိုင်းဖွဲ့လျက်ရှိရာ ကျွန်မတစ်ကိုယ်လုံး လွှမ်းခြုံထားသလို ထင်ရလေသည်။

မြက်ခင်းပေါ်၌ မိုးနှင်းများ ရွှာချလေသည်။

လမ်းချိုးထဲတွင်ရှိသော ဂျပန်အိမ်ပုကလေးများမှာ စီရီဆိတ်ငြိမ်လျက် ရှိနေကြသည်။ လမ်းပေါ်၌ ကီမိုနိုဝတ်ရုံကြီးတစ်ဖားဖားဖြင့် ခေါင်းငိုက်စိုက်ချ တိတ်ဆိတ်စွာ သွားလာနေသူတို့ကို တရိပ်ရိပ် တရွေ့ရွေ့ဖြင့် မှိုင်းမှိုင်းမှုန်မှုန် မြင်နေရသည်။

တံခါးဝ၌ရပ်ကာ တမေ့တမောကြီးငြိမ်သက်နေမိလျက် ထိုနေရာမှခွာဖို့ရာ သတိမရ ဖြစ်နေသည်။

လေပြည်လေညင်းမှာ စိမ့်မြနေလျက် တစ်ကိုယ်လုံးအေးစက်နေသည်။

'ခုမ. . . ခုမ'

မစ္စတာအော့ဆူး၏အသံဖြစ်သည်။

သူ အိပ်ရာက စောစောနိုးသည့်နေ့တွင် အခန်းတံခါးဖွင့်လျက် သူ့ခွေးလေးကို ခေါ်နေတတ်သည်။

'ခုမမှာ'ခြံထဲရှိခွေး အိမ်ထဲမှ အမြီးတနှန့်နှန့်ဖြင့် ပြေးထွက်လာကာ မစ္စတာအော့ဆူး၏အခန်းတံခါးပေါက်နားသို့ သွားလေသည်။

မစ္စတာအော့ဆူးသည် အပြင်သွားရန်ကိစ္စ အရေးတကြီးရှိမှ စောစောအိပ်ယာထသူဖြစ်သည်။ ကျွန်မမှာအခန်းထဲမှထွက်ရန်ပင်



www.burmeseclassic.com

www.burmeseclassic.com



နွေးနေသည်။

လက်ဖက်ရည်စားပွဲတွင် စုဝေးလျက် သွားထိုင်ရမှာမျက်နှာပူ နေလေသည်။

မျက်နှာပူပူဖြင့်ပင် အိမ်ရှေ့ဧည့်ခန်းသို့ ထွက်ခဲ့ရသည်။

ကိုကိုကြီးမှာ လက်ဖက်ရည်စားပွဲတွင် သူထိုင်နေကျနေရာ စားပွဲ ထိပ်၌ရောက်နှင့်နေ၏။ အစိမ်းပုပ်ရောင် ကိုယ်ဖုံးအင်္ကျီရှည်ကြီးကို ဝတ်ကာ ခါးတွင် ကြိုးချည်လျက် ခပ်ဆန့်ဆန့်ထိုင်နေသည်။

'မမ နိုးပလား၊ မချမ်းဘူးလား'

ကိုကိုကြီးသည် ပြောပြီး ပြုံးနေလေသည်။

သူ့အပြုံးမှာ ခါတိုင်းမြင်တွေ့နေကျ အပြုံးပင်။

ကျွန်မက ပြန်ပြုံးလိုက်သည်။

ကျွန်မအပြုံးမှာ သူမြင်နေကျ အပြုံးဟုတ်ချင်မှဟုတ်မည်။

'သိပ်မချမ်းပါဘူး၊ မမအစောကြီးကနိုးနေတယ်'

ကျွန်မနေရာတွင် ဝင်ထိုင်လိုက်ကာ အခန်းဝသို့ ရောက်သော မစ္စတာအော့ဆူးကို လှမ်းပြုံးလိုက်သည်။

မစ္စတာအော့ဆူးသည် ညဝတ်ဘောင်းဘီ အင်္ကျီအစင်းနှင့်စီးက ရက်ခဲကာ ထွက်လာလျက်'ကောင်းသောနံနက်ခင်း' ဟုဆိုကာဆိုဖာ ပေါ်တွင် ပစ်ထိုင်ချလိုက်သည်။

ယိုကိုသည် မီးဖိုထဲမှ စားစရာများ သယ်ထုတ်လာကာ ခုံပေါ် သို့လာချသည်။

ကျွန်မနှင့်ကိုကိုကြီးကို တစ်လှည့်စီကုန်း၍ ပြုံးပြုံးကလေးနှုတ် ဆက်လိုက်သည်။

ဇာနားတပ် ပိုးအင်္ကျီလက်ရှည် အဖြူလေးနှင့်ခါးတွင်နီညို အကွက်ဂါဝန် အပိုင်းအတို ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်တွင် ပေါင်ဒါမရှိ၊ ပြောင်တင်းဖြူဆွတ်နေလျက် ပါးအို့နှစ်ဖက်မှာ နီရဲနေသည်။

ကျွန်မရင်ထဲ၌ လှိုက်ဖို၍နေသည်။ ယိုကို ကိုကြည့်လိုက်သော ကျွန်မအကြည့်သည်နေ့စဉ် ကလေးမကျောင်းသူလေးကို ကြည့်ပုံကြည့် နည်း မဟုတ်တော့ချေ။

မျက်စိထဲ၌ အပျိုမကလေး ဖြစ်နေသည်။

'မစ္စတာအောဆူး လာလေ'

ကိုကိုကြီးက မစ္စတာအောဆူးကို လှည့်ခေါ်လိုက်ရာ'ဟိုက်'ဟု အော်လျက် ဆိုဖာပေါ်မှ မြောက်လောက်အောင်ခုန်ထ လိုက်ကာတ ဟဲဟဲရယ်ရင်း မျက်နှာသစ်ရန် ရေချိုးခန်းသို့အပြေးလှမ်းသွားလေ သည်။

'ပေါင်မုန့်ရမလား ယိုကို'

ကိုကိုကြီးက ယိုကိုအား မေးလိုက်သည်။

ယိုကိုသည် ခေါင်းငြိမ့်ကာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

အရှိအသေပေး၍ ကျိုးနွံသော အမူအရာလေးဖြင့်'ရပါတယ်' ဟုရှင်ပြုးပြောကာ မီးဖိုဘက်သို့ ထွက်သွား၏။

စားပွဲပေါ်၌ အနောက်နိုင်ငံ အစားအသောက်နှင့် အရှေ့ ဂျပန်နိုင်ငံ အစားအသောက်၊ စားသောက်ဖွယ်ရာများ နှစ်မျိုးပြင်ထား သည်။

ပန်းကန်ထဲ၌ ပင်လယ်ငါးကလေးကို မီးကင်လျက် အကောင် လိုက်ထည့်ထားသည်။

ခရမ်းသီး၊ သခွားသီး၊ အချဉ်ပန်းကန်၊ ငါးဥ၊ ထို့ပြင် ငါးတစ်ကောင်း ရွှေဖရုံသီးတစ်ပုံ၊ ပဲသီးတစ်ပုံ၊ တစ်ပုံစီအလှ လုပ်ထားသောဂျုံနံပြင်း ထမင်းများနှင့် လက်ဖက်ရည်အချို၊ ကိုကိုး၊ နို့၊ သကြား၊ ကြက်ဥ၊



www.burmeseclassic.com

www.burmeseclassic.com



ထောပတ်၊ ဘီစကွတ်၊ ဂျပန်မုန့်၊ လက်ဖက်ရည်ကြမ်း. . .

ကျွန်မမှာ အသစ်လဲလိုက်သော ပန်းအိုးထဲမှ ပန်းပွင့်များကို စိုက်ကြည့်နေကာ 'လှလိုက်တာ'ဟုပြောလိုက်သည်။

'စုသာပါလာရင် မမရယ် . . . ပန်းတွေ ဘယ်လောက်ကြိုက်လိုက်မလဲ၊ ပန်လို့လည်းဝမှာ မဟုတ်ဘူးထင်တယ်၊ပန်းတွေက တယ်လှတာပဲ'

ကိုကိုကြီးသည် ပန်းအိုးကိုငေးစိုက်ကြည့်ရင်း တစ်လုံးချင်း ပြောလျက်နေသည်။

ကျွန်မမှာသူ့မျက်နှာတစ်ခြမ်းကို ဖျတ်ခနဲ စွေကြည့်လိုက်သည်။

ကိုကိုကြီးသည် သူ့ဇနီးကိုတသပြီး နောက်ဆုံး စုမျက်နှာလေးကို မြင်ဟန်ရှိနေသည်။

မျက်တောင်များစင်းကျနေသော သူ၏မျက်လုံးထဲတွင် စားပွဲပေါ်ကကြည့်ပြာရောင် ပန်းပွင့်ဆုပ်ကို ပန်ဆင်ထားသည့် ဇနီးသည်အား တစိမ့်စိမ့်ကြည့်နေဟန် ထင်ရ၏။

ကျွန်မမှာ ကိုကိုကြီးအနီး၌ ထိုင်နေပါလျက် အလှမ်းအများကြီး ဝေးသွားသောနေရာမှနေ၍ ကိုကိုကြီးကို ပြန်လှမ်းပြောရပုံမှာ စိတ်မကောင်းစရာ တစ်မျိုးကြီးဖြစ်နေ၏။

'ဟုတ်တယ်. . . စုသာဆိုရင်တော့ ပန်းတွေ သိပ်ကြိုက်မှာပဲ'

မစ္စတာအော့ဆူးသည်အပြာနုရောင် ကိုယ်ဖုံးအင်္ကျီရှည်ကြီးဖြင့် သူ့ကိုယ်သူ ကပိုကသီပတ်ထွက်လာကာ ဆူညံဆူညံပြောရင်း ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

'ကျုပ်အပြင်သွားစရာ ကိစ္စတစ်ခုရှိတယ်၊နေ့လည်(၁၂)နာရီ လောက်တိုက်ကိုပြန်လာခဲ့ကြပါ၊ ဦးအေးဖေတို့လည်းအိုဆာကာကိုညအတူတူလိုက်ကြလိမ့်မယ်'

မစ္စတာအော့ဆူးထိုင်ပြီး ယိုကိုမှာ ပေါင်မုန့်ပန်းကန်နှင့်ထွက်လာကာသူ့နေရာတွင် ဝင်ထိုင်လိုက်သည်။

မစ္စတာအော့ဆူးသည် ပန်းကန်ထဲမှ ထမင်းကို တူနှစ်ချောင်းဖြင့်ပါးစပ်ထဲသွင်းရင်း အဆက်မပြတ် စကားပြောနေသည်။

နံနက်တိုင်း စားပွဲတွင် ရယ်စရာမောစရာ ပြောကြရင်း စားတတ်၍ နံနက်ခင်း လက်ဖက်ရည် စားပွဲမှာ စိုပြည်သာယာနေသည်။

ယနေ့နံနက်၌ ကျွန်မမှာ အင်းလိုက်ရှုံသာလိုက်ကာ အစားသာငုံ့စားနေလျက် စိတ်မလုံဘဲရှိ၍ စကားမပြောနိုင်။ ယိုကိုအာ ဟန်မပျက်

www.burmeseclassic.com



အပြုံးမပျက် စားသောက်နေလျက် ဘာမှမဖြစ်သည့်အတိုင်းပင်။

မစ္စတာအောင့်ဆူး အိမ်မှထွက်သွားပြီးနောက် ကျွန်မနှင့်ကိုကိုကြီးမှာညှော်ခန်းဆိုဖာများတွင် ရွှေ့ထိုင်လိုက်ကြသည်။

ကိုကိုကြီးသည် မစ္စတာအောင့်ဆူး ပျာယာခတ်ပုံ၊ နမော်နမဲ့နိုင်ပုံ၊နှစ်ယောက်မရှိ ရှားမှ ရှားအဖြစ်အပျက်များကို ပြောပြရင်း ရယ်နေလေသည်။ကျွန်မစိတ်မှာ တစ်ခြားသို့ လွင့်နေသည်။

ကျွန်မရင်ထဲတွင် မျိုသိပ်ထားရသည့်ကိစ္စကို စဉ်းစားလျက်သာ တစ်မနက်စာလုံး စိတ်လေးနေသည်။

မစ္စတာအောင့်ဆူး ချိန်းသွားသည့်အတိုင်း နေ့လည်၌ ဟိုတယ်သို့လိုက်သွားကြသည်။

အိမ်ကအထွက် မိုးရွာနေသည်။

ယိုကိုသည် တံခါးပေါက်၌ ရပ်လျက် လက်ပြကာ ကျန်ရစ်ခဲ့သည်။

လမ်းထိပ်၌တက္ကစီကားကို နာရီဝက်ခန့်စောင့်နေခိုက် ယိုကို၏ မျက်နှာလေးသာ မြင်၍နေသည်။ ရွှင်ချိုနေကာ ရိုးရိုးအအ မျက်နှာလေးဖြစ်သည်။

တစ်ခါတစ်ရံ စိတ်ကူးတစ်ခုခုနှင့် တွေးငေးစိုက်နေတတ်သော ကျွန်မ၏ အလေ့အထတစ်ခုကို နားလည်၍သာ ဟိုတယ်ရောက်သည့်အချိန်အထိ သူနှင့်စကားမပြောဘဲ နှုတ်ဆိတ်နေသည့်အတွက် ဘာမှမထူးခြားချေ။

တိုကျို ဟိုတယ်တွင် မြန်မာပြည်မှရောက်နေသော ဧည့်သည်တစ်စုကို တွေ့ရသည်။

ဧည့်သည်များအနက် ဦးအေးဖေတို့ ဇနီးမောင်နှံ မှာ အိုဆာကာမြို့သို့ကျွန်မတို့နှင့်အတူ လိုက်လာကြမည့်သူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားထိုင်ပြောနေကြစဉ် မစ္စတာအော့ဆူး အခန်းထဲသို့ဝင်လာသည်။

ကိုကိုကြီးမှာ မြန်မာပြည်သို့ပြန်မည့် ဦးဘစိန်နှင့်ပေးလိုက်ရန် စုထံသို့ စာထိုင်ရေးနေလေသည်။

မစ္စတာအော့ဆူးနှင့် ကျွန်တို့ညည့်သည်တစ်စု ရထားလက်မှတ်ယူရန် အခန်းထဲမှ ထွက်သွားကြသည်။

ကောင်တာနားတွင်ရပ်လျက် ဓါတ်လှေကားမှ ဆင်းတက်နေသူများကိုငေးကြည့်စဉ် မစ္စတာအော့ဆူးသည် ကျွန်မဘက်သို့လှည့်ပြောလိုက်သည်။

'မမလေးစံ ကျုပ်အစီအစဉ်ကို သဘောကျရဲ့လား'

လက်တစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်လိုက်ကာ သူ့အစီအစဉ်ကို လက်မ၊ လက်ညှိုးတစ်ချောင်းစီ ချိုးပြသွားရင်း တိုးတိုးသက်သာမဟုတ်သောအသံနှင့် အော်ကျယ်အော်ကျယ် ပြောပြသည်။

'ဦးအေးဖေနဲ့ သူ့မစ္စစ်ဒေါ်ခင်ရီက အိပ်ခန်းတစ်ခန်း၊ ကိုကိုကြီးစံနဲ့ ဦးအေးဖေသားနဲ့တစ်ခန်း၊ ကျုပ်နဲ့ မမလေးစံအတွက်တစ်ခန်း သုံးခန်းယူလိုက်တယ်၊ ည(၈) နာရီ ထွက်မယ်၊ အိုဆာကာကို မနက် (၈)နာရီခွဲရောက်မယ်'။

ကျွန်မသည် မစ္စတာအော့ဆူး၏ မျက်နှာကို ခပ်တွေတွေကြည့်ရင်း ခေါင်းကိုဆတ်ပြလိုက်ရာ မစ္စတာအော့ဆူးလည်း 'အိုကေ. . . အိုကေ' ဆိုလျက် မျက်နှာတစ်ဖက်သို့ပြန်လှည့်သွားသည်။

ကျွန်မ၏မျက်လုံးများမှာ အောက်သို့စိုက်သွားကာ မျက်တောင်စင်းကျနေလျက် မှင်သက်မိသလို ငိုင်၍သွားသည်။

ကျုပ်နဲ့မမလေးစံက တစ်ခန်းဆိုသော ဆိုပုံပြောပုံမှာ ယောကျ်ား မိန်းမ ပမာဏ မထားသောအသံ ပိုင်နိုင်စွာရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်အိမ်မှ ထွက်ခဲ့ကြသည်။ ယိုကိုမှာ ခြံဝ၌မျက်ရည်ဝဲဝဲဖြင့် ကျန်ရစ်ခဲ့သည်။

ကျွန်မနှင့်အတူ အိုဆာကာသို့ လိုက်ချင်ရှာလျက် မပြောဝံ့၍ သူ့အကြောင်းနှင့်သူ နေခဲ့ရ၏။

လူချင်းခွဲခါနီး နှုတ်ဆက်ကြပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ဝမ်းထဲတွင် မျိုသိပ်ထားကြသော အလွမ်းကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်မိလျက်သား ဖြစ်နေကြသည်။

လေးလံသောစိတ်ဖြင့် ရထားပေါ်သို့ ရောက်သွားသည်။ အိပ်ခန်းသို့ မဝင်သေးဘဲ ကုလားထိုင်များရှိသောနေရာ၌ ထိုင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၅ ]

ကျွန်မထိုင်နေသောနေရာတွင် မစွတာအော့ဆူးမှာ စာဖတ်နေလျက်ကိုကိုကြီးမှာ နေ့စဉ်မှတ်တမ်းရေးဖြစ်နေသည်။ ဦးအေးဖေတို့ မိသားတစ်စုမှာ သူတို့အခန်းထဲတွင်ရှိကြဘည်။

ရထားထွက်ပြီး(၁၀) နာရီခန့်ရှိမှအခန်းရှိရာသို့ ထသွားသည်။

အခန်းထဲ၌ ကတ္တီပါ စပရင်တပ် အိပ်ဇာင်ကြီးနှစ်ခု အထက်နှင့်အောက် ဆင့်တပ်ထားသည်။

မျက်နှာသစ်ခွက်၊ စားပွဲငယ်၊ဖုံကုလားထိုင်ငယ် စသည်ဖြင့် အစစအရာရာ အစုံရှိသည်။

အောက်ဆင့်အိပ်စင်ပေါ်တွင် အပြင်ဘက်သို့ ကြည့်နိုင်ရန်ပြတင်းတံခါးဘက်နား၌ ကပ်မှီထိုင်လိုက်သည်။

ညထွက် အမြန်ရထားကြီးဖြစ်၍ လျင်မြန်စွာ ခုတ်မောင်းနေရာ အပြင်ဘက်၌ တရိပ်ရိပ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်း တစ်လျှောက်လုံး အဆက်မပြတ်ချော့ဂျပန်ပြည်၌ လျှပ်စစ်မီးများမှာ ပေါချင်းပေါနေသဖြင့် ရွာငယ်ကလေးများ၌ပင် မီး တထိန်ထိန် နှင့်တွေ့ရ၏။

မြို့ကြီးတွေ ဖြတ်သွားသည့်အခါ တစ်မြို့လုံး ထွန်းထားသော လျှပ်စစ်မီးရောင်များမှာ ကောင်းကင်သို့တက်နေလျက် ကောင်းကင်၌ ပင် ထိန်လင်းနေသည်။

တံခါးဖွင့်သံကြားရ၍ လှည့်ကြည့်လိုက်သည်။

မစ္စတာအောဆူးသည် အခန်းထဲမဝင်ခင် အံ့အားသင့်သွားသော မျက်နှာဖြင့် 'မမလေးစံ မအိပ်သေးဘူးလား'ပြောကာတံခါးကိုလက် နောက်ပြန်ဆွဲပိတ်လိုက်သည်။

'ကျွန်မ မအိပ်ချင်သေးဘူး၊ ရထားကသိပ်လှုပ်တာပဲ'မစ္စတာ အောဆူးသည် ရယ်မောလိုက်သည်။

'ကျုပ်တို့ကလေးဖြစ်သွားပြီ၊ ပုခက်ထဲမှာအိပ်ရသလိုပေါ့'

သူသည် အင်္ကျီအဝတ်အစားများမလဲဘဲ ဗိနပ်သာချွတ်လျက် အပေါ်ဆင့်တက် လှေကားကလေးမှတစ်ဆင့် အထက်အိပ်စင်မှ လွဲခို တက်လိုက်ကာ ပစ်လှဲလိုက်သည်။

'မမလေးစံအိပ်ပါ၊ မနက်စောစောထကြည့်ပါ၊ သိပ်ပြီးသာယာ သာယာသော ရှုမျှော်ခင်းတွေ တွေ့ရမယ်၊ လိုဏ်ခေါင်းကြီးတွေ ဖြတ်မောင်း မယ်၊ ချောင်းပေါ်က သံတံတားရှည်ကြီးတွေ ဖြတ်ခုတ်လိမ့်မယ်'

မစ္စတာအောဆူးသည် ရထားခေါင်မိုးကိုကြည့်၍ သူတစ် ယောက်တည်း စကားပြောနေ၏။

တဂျုံးဂျုံးမြည်နေသော ရထားသံကို ပေါက်အောင် ပက်လက် နှင့်ရင်း ကျုံးအော်ပြောနေသည်။

ထိုအခိုက် တံခါးခေါက်သံ ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း တံခါးခေါက်သံ ကြားကြားချင်း အလျင်အမြန် ထကာ တံခါးဆွဲဖွင့်လိုက်သည်။

'မမ . . . ဒီမှာအိပ်ရမှာ ကျဉ်းကျပ်ရင် ကျွန်တော်နဲ့ နေရာလဲလေ၊ ကျွန်တော် ဒီမှာလာအိပ်မယ်'

လေမှာ တဟူးဟူး တိုက်နေလေ၏။

ရထားကလည်း လှုပ်လွန်း၍ ကိုကိုကြီး၏အသံမှာ နားထဲ၌ ဖိတ်တစ်ဝက် စင်တစ်ဝက်ဖြစ်နေသည်။

ကျွန်မသည် အခန်းဝ၌ ရပ်နေသော ကိုကိုကြီး၏မျက်နှာကို စူးစိုက်သောအကြည့်နှင့် မျက်တောင်မခတ် တွေတွေဆိုင်ဆိုင်ကြီး ကြည့်လျက် မပြုံးချင်ပြုံးချင် အနိုင်နိုင်ပြုံးထားရသည်။

ကျွန်မရင်ထဲ၌ နာကျင်သော ခံစားမှုတစ်ခုဖြင့် ကျွန်မမျက်နှာပေါ်တွင် ဝမ်းနည်းခြင်းလည်း ဖြတ်သန်းနေသည်။

မစ္စတာအောဒ့်ဆူးနှင့်ကျွန်မ နှစ်ယောက်တည်း အိပ်ခန်းတစ်ခန်း ဖြစ်နေသည်ကို မြန်မာတွေလည်းပါလာ၍ မြန်မာ့မျက်စိဖြင့် မသင့်လျော်ဘဲလော၊ သို့တည်းမဟုတ် အခန်းထဲနေရန် မဝံ့တဝံ့ဖြစ်နေမည် ကျဉ်းကျပ်နေမည်စိုး၍လော၊ သို့တည်းမဟုတ် မစ္စတာအောဒ့်ဆူးအား ယောကျ်ားတယောက်အနေနှင့် စိတ်မချစရာရှိ၍လော။

ဤအကြောင်းသုံးချက်တွင် ကိုကိုကြီးသည် မြန်မာမျက်စိဖြင့် မသင့်လျော်၍ လာခေါ်ခြင်းလည်းမဟုတ်၊ မစ္စတာအောဒ့်ဆူးကို စိတ်မချစရာရှိ၍လည်း လာခေါ်ခြင်းမျိုးမဟုတ်၊

ကျွန်မကျဉ်းကျပ်နေမည်ကိုစိုး၍ ပူပူပင်ပင် လာခေါ်နေခြင်း အမှန်ပင်ဖြစ်သည်။

ကျွန်မမှာ တိုကျိုဟိုတယ်ပေါ်တွင် မစ္စတာအောဒ့်ဆူး အစဉ်အစဉ်လုပ်စဉ်ကတည်းက ခွကျခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်တစ်ခန်းတည်း မနေချင်ဘူးဟု ငြင်းဆိုဖို့ရန် ခက်နေခဲ့သည်။

အကယ်၍ အခန်းယူစဉ်က သူကမစီစဉ်ဘဲ အလိုကျမေးပြီးမှ စီစဉ်ပေးလျှင် ကျွန်မကြိုက်ရာအခန်း ကျွန်မ ရွေးချယ်စီစဉ်လိုက်နိုင်သည်။

ယခုသော်သူက စီစဉ်သူဖြစ်လျက် သူ့အစီစဉ်ကို သဘောကျကျလာမေးရာ ကျွန်မမှာ သူနှင့်တစ်ခန်းတည်း မနေချင်သည့်သဘောပြငြင်းဆန်ရန် အလွန်ခက်သွားသည်။

သူ့အစီအစဉ်ကို ကျွန်မက အကြောင်းမပြနိုင်ဘဲငြင်းဆန်လိုက်လျှင် ကျွန်မငြင်းဆန်သည့်အချက်မှာ သူ့စာရိတ္တကို မယုံကြည်၍သော်သည်းကောင်း၊ စိတ်မချ၍သော်လည်းကောင်း ငြင်းဆန်လိုက်သောအဖြစ်မျိုး ရောက်သွားဖို့ရာက များနေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

သာမန်အားဖြင့် ညည့်သည်တစ်ယောက်အဖြစ်နှင့် သူ့အစီအစဉ်ကို ငြင်းဆန်ဖို့ရန် မကောင်းရအံ့သည့်အထဲတွင် သူ့အား ဖွင့်ပြောတောင်းပန်ရဦးမည့် အခက်ခဲကြီးက တစ်ဖက်ရှိ၍ အလိုမကျပြရန်သာ၍ ခဲယဉ်းသေးသည်။

သူ့တူမလေး ယိုကိုအား ကိုကိုကြီးအခန်းထဲတွင် ဝင်ထွက်သွားလာ လုပ်ကိုင်ပေးနေရန် လုံးလုံးစိတ်ချထားပါလျက် ကျွန်မက သူ့အပေါ်တွင် ဘာအကြောင်းမှမပေါ်ဘဲနှင့် တစ်ခန်းတည်း မနေရဲသည့် စိတ်မချသော အဓိပ္ပာယ်မျိုး ကောက်နိုင်အောင်ပြရန် မသင့်တော်ချေ။

ကိုကိုကြီးသည် သူနှင့် အခန်းပြောင်းအိပ်ရန် လာခေါ်ခြင်းမှာ ကျွန်မအတွက်ခေါ်မှန်း သူ၏စိတ်စေတနာကို နားလည်လက်ခံခြင်းကတစ်ဝက်၊ အခန်းပြောင်းသွားလျှင် မကောင်းလိုက်မည့် ကျွန်မ၏



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရေးအခြေအနေကို သူမသိလေခြင်းဟု ဝမ်းနည်းခြင်းကလည်း တစ်ဝက်ဖြစ်နေ၏။

'နေပါစေတော့ မမဒီမှာပဲ အိပ်မယ်၊ မမအတွက်စိတ်မပူပါနဲ့၊ မပြောင်းချင်ပါဘူး'

'ဒါဖြင့်လဲ မမသဘောပဲလေ'

ကိုကိုကြီးသည် ပြောပြီး အခန်းထဲမှ သူ့အခန်းဘက်သို့ လှည့်ထွက်သွားသည်။

တံခါးကို ဆွဲပိတ်လိုက်ကာ ကိုယ့်နေရာသို့ ပြန်လာရင်း မစ္စတာ အော့ဆူးကို လှမ်းကြည့်ခဲ့သည်။

ရင်ဘတ်ပေါ်တွင် လက်ပိုက်လျက် ပက်လက်စန့်ကာ မျက်လုံးများ မှိတ်ထားလေသည်။

'မမလေးစံ'

ကျွန်မမှာ ထိုင်နေရာမှ ယောင်ယမ်းကာ ဆတ်ခနဲ အပေါ်သို့ မော့ကြည့်လိုက်သည်။

မျက်နှာပျက်ပျက်ဖြင့် မော့ကြည့်မိလျက် ခေါင်းပေါ်က ကတ္တီပါ အိပ်စင်ကြီး အကာအကွယ် ပြုထားသဖြင့်သာ ကျွန်မမျက်နှာမမြင်နိုင်၍ တော်ပါသေး၏။

'ဘာလဲ မစ္စတာအော့ဆူး'

'ကိုကိုကြီးစံ ရှာလာပြောသလဲ'

ကျွန်မမှာ ငှက်ဆိုးထိုးသံ ကြားလိုက်ရသလိုပင် နားထဲတွင် ဆိုးဆိုးရွားရွား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

ကျွန်မ ဘာပြောရမလဲ၊ ဘယ်လိုပြောလိုက်ရမလဲ၊ ကျွန်မမှာ ပြောရမည့်အဖြေကို တစ်လုံးစီ ထိတ်ထိတ်ပျာပျာစီ၍ ပြောနေရသည်။

'ကျွန်မ အိပ်ပလားလို့ လာကြည့်တာပါ၊ ဘာဖြစ်လို့လဲ'

'မမလေးစံကို နေရာပြောင်းဖို့ လာပြောတယ်ထင်လို့ ကျုပ်မေး တာပါ'

ကျွန်မ၏ မျက်လုံးများမှာ အဆမတန် ပြူးသွားလေသည်။

ဟိုဘက် သည်ဘက် ရွှေ့လှုပ်ပြောင်း ကြည့်လိုက်ခြင်းဖြင့် မျက်လုံးလည်နေကာ ပွင့်ဟသွားသောပါးစပ်ကို ပြန်၍ တင်းတင်း ကျပ်ကျပ် ပိတ်စေ့ထားလိုက်သည်။

'ကိုကိုကြီးစံဟာ လူကောင်းတစ်ယောက်ပဲ'

ကျွန်မမျက်လုံးများမှာ အပေါ်သို့ လန်သွားပြန်၏။

နက်ပြာရောင် ကတ္တီပါစင်အောက်ရှိ မြင်ရသော သားရေခင်း



www.burmeseclassic.com

www.burmeseclassic.com



ကို စိုက်ထားလျက် နားကိုစွင့်ထားသည်။

'ကိုကိုကြီးစံဟာ လူကောင်းတစ်ယောက်ပဲ၊ ကိုယ်နဲ့အတူတူလာတဲ့ မိန်းမဖော်ကို စောင့်ရှောက်တဲ့သဘောရှိတယ်၊ မမလေးစံကို အခန်းချင်းပြောင်းအိပ်ဖို့ လာခေါ်တယ်ဆိုရင် ဒါဟာစောင့်ရှောက်တဲ့သဘောကိုပြတာပဲ၊ မိန်းမတစ်ယောက်အတွက် စိုးရိမ်စိတ်ထားတဲ့သတိရှိခြင်းဟာ ကျုပ်တို့ အရှေ့နိုင်ငံမှာ လုံခြုံချင်းရှိပါတယ်၊ လူတိုင်း-လူအသီးသီးတိုင်း စိတ်ချရတာချည်းပဲလို့ မရှိတော့ ဘယ်လိုအန္တရာယ်မှမရှိနိုင်အောင် စောင့်ရှောက်တဲ့ သူ့စိတ်သဘောထားကို ကျုပ်ဖြင့် ကြိုက်တယ်၊ မမလေးစံကော'

မစ္စတာအော့ဆူးသည် လူပါး လူလျင်တစ်ယောက်ဖြစ်၏။ ကျွန်မအားအခန်းပြောင်းရန် လာခေါ်ခြင်းကို အတတ်သိသလောက်အကဲခတ်ကောင်းလေသည်။

သူသည် သူ၏အိပ်စဉ်ပေါ်၌ စန့်လျက် အောက်စဉ်၌ ထိုင်နေသော ကျွန်မကြားလောက်အောင် တရားဟောနေသော အသံမျိုးဖြင့် လေယူလေသိမ်း ပြတ်ပြတ်ရှင်းရှင်းပြောနေကာ စကားအဆုံးတွင် 'မမလေးစံကော'ဟု မေးလိုက်၍ ကျွန်မမှာ အပြောရကျပ်နေသည်။

ကျွန်မမှာ စောင့်ရှောက်ခြင်းအတွက် ချီးကျူးပြောဆိုနေ၍ ကိုကိုကြီးကိုယ်စား ကျွန်မမှာ မလုံဘဲရှိနေသည်။ ကျွန်မကို စောင့်ရှောက်သောအချက်သည် လူကောင်းတစ်ယောက်အဖြစ် ခိုင်လုံ၍နေလေသည်။

ကျွန်မအား စောင့်ရှောက်သော စိတ်သဘောကို အကျယ်တဝင့်ဝေဖန်ချီးမွမ်းနေခြင်းသည် ချီးမွမ်းထားသလောက် နောင်တွင် ယိုကိုအကြောင်းကို ကျွန်မဖွင့်ပြောရမည့်အချိန်၌ နာကြည်းဖွယ်ရာ ဖြစ်ကုန်မှာ အလွန်စိုးရိမ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ အပြောရကျပ်ကာ သူ့မေးခွန်းကို မဖြေသာပဲ ကောင်းတယ်ဟု ဖွတ်ပေပြီး မဖြေဘဲ ငြိမ်နေသည်။

အတန်ကြာလောက်အောင် ငြိမ်နေကြသည်။

ကျွန်မမှာ ခေါင်းပေါ်က အိပ်စင်ကို တမော့တည့်မော့ကြည့်နေကာ 'မစ္စတာအော့ဆူးအသံ မကြားရသမျှ အသာငြိမ်နေရသည်။

"မမလေးစံ ကိုကိုကြီးစံကို စိတ်ဆိုးနေသလား'

ကျွန်မမှာ တုန်လှုပ်သွားသည်။

တုန်လှုပ်သွားပြီး ကိုယ်ခန္ဓာမှာ ကျုံ့ဝင်သွားသည်။

အဖြေပေးရန် တစ်ခဏအတွင်း စဉ်းစားလျက် တစ်ခဏအတွင်းဆုံးဖြတ်ကာ ထိုအဖြေကို မျက်စိမှိတ်ပြောပစ်လိုက်သည်။

'ကိုကိုကြီးကို ကျွန်မစိတ်မဆိုးပါဘူး၊ စိတ်ဆိုးစရာ မရှိပါဘူး၊ ဒါပေမယ့် စိတ်တိုင်းမကျဖြစ်နေတယ်၊ ဘာအကြောင်းကြောင့် စိတ်တိုင်းမကျဖြစ်သလဲဆိုတာ ရှင်ကကျွန်မကို မေးခွန်းထပ်မမေးပါနဲ့ ကျေးဇူးပြု၍ ရှင်'

အထက်အိပ်စင်ပေါ်မှ 'အိုး. . .'ဟု ပေါက်ကွဲထွက်သွားသော မစ္စတာအော့ဆူး၏ အော်လိုက်သံမှာ လှိုင်းများကြွသလို ရင်ထဲကြွသွားလေသည်။

ထိုအသံမှာ ပျောက်သွားပြီးနောက် တိတ်ဆိတ်သွားသည်။

တိတ်ဆိတ်သွားသည်မှာ အတန်ကြာသွားသည်အထိ တုတ်တုတ်မျှမလှုပ်တော့ အိပ်ပျော်သွားပြီထင်ရသည်။

ကျွန်မခေါင်းရင်းတွင်ရှိသော မီးပွင့်ကလေးကို မပိတ်ဘဲ အိပ်စင်ပေါ်တွင် ခြေဆင်း၍ထိုင်လိုက်သည်။

တစ်ညလုံး မျက်လုံးများမှေးထိုင်နေလျက် ရထားကလည်း တလှုပ်လှုပ်၊ စိတ်ကလည်း တလှုပ်လှုပ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

အိုဆာကာမြို့ 'နံနီဝါ' ဟိုတယ်တွင် တည်းခိုကြသည်။

ကျွန်မတို့ တည်းခိုသောဟိုတယ်မှာ နိုင်ငံခြားသားများသာလျှင် တည်းခိုနိုင်သော ဟိုတယ်ကြီးဖြစ်သည်။

မစ္စတာအော့ဆူးမှာ တည်းခိုခွင့်မရ။ ကျွန်မတို့အား နံနီဝါသို့ ပို့ပေးနေရာချပြီးနောက် သူက ဂျပန်ဟိုတယ်တစ်ခု၌ သွားတည်းရသည်။

ကျွန်မ နေရသောအခန်းမှာ ဒုတိယထပ် ကိုကိုကြီးအခန်းနှင့် တပ်လျက်အခန်းဖြစ်သည်။

စက်မှုလုပ်ငန်းနှင့် ကုမ္ပဏီလုပ်ငန်းကြီးများရှိရာ အရပ်ဖြစ်သော အိုဆာကာမြို့၌ လူတွေမှာ စက်တွေနှင့် အတူတကွ လိုက်လယ်နေကြ သကဲ့သို့ပင် မည်သူကြည့်ကြည့် အရေးတကြီး မရပ်မနား ခပ်သုတ်သုတ် သွားနေကြပုံသာ ဟိုတယ်ပေါ်မှ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း ရောင်းဝယ်မှုလောက်သာ အာရုံထားနေကြ၏။

လောဘရောင် လျှမ်းနေသော မျက်လုံးများနှင့် သံပတ်ပေး လျက် ဘီးတပ်ထားသလိုရှိသော ခြေထောက်တွေမှာ လမ်းပေါ်တွင် သုတ်ခြေတင်ကာ ခြေချင်းလိမ်နေသည်။

ကျွန်မတို့မှာ အိုဆာကာမြို့မှတစ်ဆင့် ကိုဘီမြို့နှင့် ကျိုတိုမြို့ များသို့ သွားကြသည်။

ကျိုတို၌ လည်ပတ်ကြပြီးမှ တိုကျိုမြို့သို့ နေ့အမြန်ရထားနှင့် ပြန်လာခဲ့ကြသည်။

နေ့ရထားမှာ ညရထားထက် ခံ့ညားသည်။

ဂျပန်ပြည်၌ 'ဟိုက်တို' ရထားဟု နာမည်ကြီးလေသည်။

ရထားထိုင်ခုံများမှာ ဘီအိုအေစီလေယာဉ် ကုလားထိုင်များနှင့် တူသည်။

ကတ္တီပါ နီညိုရောင်ကူရှင် ကုလားထိုင်တွေမှာ တစ်ဖက်နှင့် တစ်ဖက် လှည့်ထိုင်နိုင်သည်။

ကုလားထိုင်ရှိ နောက်မှီကို ကြိုက်သလိုပုံစံ ပြင်နိုင်သည်။

ကုလားထိုင်ရှေ့မှ ခြေနင်းခုံလေးများကို အနိမ့်အမြင့် လိုသလို လုပ်ယူနိုင်သည်။

ကူရှင် ကုလားထိုင်ပေါ်၌ လှဲမှီထိုင်လျက် တငြိမ့်ငြိမ့်သွားနေ သော ရထားကြီးပေါ်၌ လည်ပတ်ခဲ့သော ခရီးစဉ်များကို တစိမ့်စိမ့် ပြန်၍ စဉ်းစားတွေးကြည့်နေသည်။

အိုဆာကာမြို့၌ ပိုးထည်၊ ချည်ထည်ရက်သည့် စက်ရုံကြီးများ ကိုဘီမြို့၌ လူတစ်ယောက် ငါးနာရီတိတိ လျှောက်ကြည့်မှ ပြပွဲကို ပတ်ပြည့်မည့် ကြီးကျယ်ခမ်းနားသော စက်မှုလက်မှုပြပွဲကြီး၊ ကျိုတို



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းမြို့နှင့် ပန်းဥယျာဉ်စသည့် အမြို့မြို့၌ ကျွန်မ အထူးအဆန်း မြင်တွေ့ခဲ့ရသော အခြင်းအရာများမှာ ကိုဘီမြို့ရှိ ပင်လယ်ပြာကြီးနှင့် 'အဖိုးကြီး'လောက် စွဲစွဲလမ်းလမ်း မျက်လုံးထဲ ထင်မြင်မနေချေ။

ကိုဘီ ပင်လယ်ပြာကမ်းခြေ၌ နေချင်သဖွယ် ဆောက်ထားသော ဂျပန်အိမ်ကလေးမှာ ပန်းဥယျာဉ်ထဲ၌ရှိသည်။

ဤအိမ်ရှင်မှာ ဂျပန်ခေတ်၌ ၂-နှစ်ခန့် ကျွန်မတို့နှင့် အတူတူ တစ်အိမ်တည်း နေထိုင်သွားသော မစ္စတာယိုရှိုးဒါး အဘိုးကြီးနေသော အိမ်ဖြစ်သည်။

မစ္စတာ ယိုရှိုးဒါးနှင့် ကျွန်မမှာ ဘယ်ဝက ရေစက်မှန်းမသိ၊ သားအဖကဲ့သို့ ချစ်ကြသည်။

ကျွန်မမှာ ငယ်စဉ်ကတည်းက 'အဖေချစ်' သမီးဖြစ်ခဲ့၏။

ကျွန်မအဖေကို ကျွန်မချစ်ပုံမှာ ကလေးဆန်သည်။

လူလားမြောက်၍ အိမ်ထောင်ကျသွားသည့်အရွယ်ရောက်နေလျက် အဖေနှင့်တွေ့လျှင် ဆယ်နှစ်သမီးကလေးဖြစ်သွားသည်။

ဆယ်နှစ်သမီးကလေးတုန်းက ပြောပုံဆိုပုံအတိုင်း ဆယ်နှစ်သမီးကလေးက ရယ်သလို ချွဲသလိုအတိုင်း ဆယ်နှစ်သမီးကလေးက အမူအရာအတိုင်း ဘယ်တော့မှမပြောင်း။

အဖေ့ကိုချစ်သောအချစ်ကို ဖုံးထဲမထားဘဲ ဖော်ပြထားသည်။

ချစ်ခင်စွာ စကားပြောသည်။

ချစ်ခင်စွာ ရယ်မောသည်။ ချစ်ခင်လှသည့် မေတ္တာမှာ အမူရာတိုင်းပါနေလေသည်။

ကျွန်မမှာ အဖေ့မျက်နှာကို မြင်လိုက်လျှင် ဘယ်အခါမဆို



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းအိုးကြီးကဲ့သို့ စိတ်ထဲကြည်အေးသွားလေသည်။

ကျွန်မအဖေမှာ ကျွန်မ အိမ်ထောင်ရက်သား ကျသွားသည့် အရွယ်ထိ ကျွန်မအပေါ်တွင် ဆယ်နှစ်သမီးကလေးလိုပင် ဆက်ဆံသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

ကျွန်မအား ဘီးစိပ်ထိုင်တိုက်ပေးနေသည်ကို ကျွန်မခင်ပွန်းသည်၏ မိတ်ဆွေတစ်စုတွေ့သွား၍ အင်မတန်ချစ်တဲ့ အဖေဘဲဟု အံ့သြနေကြလေသည်။

ကျွန်မအပေါ်တွင် ကလေးကလေးလိုပင် အင်မတန် ဂရုစိုက်သည်။ ယုယသည်၊ အရေးတယူပြုသည်၊ လိုက်လျောသည်။

သမီးပေါ်တွင် ချစ်သောအချစ်ကို ဝမ်းထဲမျိုးမထားဘဲ အမူရာတိုင်း ချစ်မေတ္တာပေါ်နေသည်။

ကျွန်မဖခင်သေဆုံးသွားပြီးနောက် ဂျပန်ခေတ်တွင် ကျွန်မမှာ ဂျပန်အဘိုးကြီး မစ္စတာယူရှီးဒါးနှင့် တစ်အိမ်တည်းနေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာယူရှီးဒါးမှာ ကျွန်မဖခင်နှင့် နေရာတကာ တူနေလေသည်။

ဂရုစိုက်ပုံခြင်းလည်းတူသည်။ အရေးတယူ ပြုပုံခြင်းလည်းတူသည်။

ချစ်ခင်ပုံခြင်းလည်းတူသည်၊ စိုးရိမ်ပူပန်ပုံလည်းတူသည်၊ ယုယလွန်းသဖြင့် ကိုယ့်ကို ကလေးကလေးလို နေလိုက်ရတော့သည်။

ကျွန်မတို့မိသားစုအား သံယောဇဉ်ကြီးလိုက်ပုံမှာ သူ့အပေါင်းအဖော်တွေနှင့် မနေနိုင်ဘဲ ကျွန်မတို့အား စိတ်မချ၍ ပြောင်းလေရာအိမ်သို့ အတူတကွလိုက်၍နေသည်။

ကျွန်မမှာ အိမ်ပေါ်တွင် အဖေစားရနေကာ အဖေနှင့် နေရာတကာတူသော အဘိုးကြီးကို အဖေ့ကိုချစ်သလိုပင် အသည်းစွဲချစ်ခင်သွားလေသည်။

ဂျပန်ပြည်သို့ ရောက်သည့်နေ့က ကိုဘီမြို့မှ လိုက်လာကာ လေဆိပ်တွင် ဆင်းကြိုနေသည်။

လေဆိပ်မှ မစ္စတာအော့ဆူးအိမ်သို့ရောက်ကြလျှင် အဘိုးကြီးမှာ ကွန်ခြွေပင်မဆည်တော့ဘဲ ရှိုက်ကြီးတငင် ချုံးပွဲချ၍ ငိုကြွေးနေသည်။

ကျွန်မခင်ပွန်းသည် ဦးချစ်မောင်ကို တမ်းတလျက် ငိုကြီးချက်မရှိုက်ငိုနေ၏။

တိုကျိုတွင် ဆယ်ရက်ခန့်နေကာ ကျွန်မအား တိုကျိုမြို့ပေါ်၌ အနှံ့အပြားလိုက်ပို့ပြီးနောက် သူ့အလုပ်ရှိရာ ကိုဘီမြို့သို့ ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၀ ]

သူထံသို့ ကျွန်မတို့ အိုဆာကာသို့ လာမည့်နေ့အကြောင်းကြား လိုက်ရာ ကိုဘီမြို့မှ အိုဆာကာသို့ လာကြိုနေလျက် အိုဆာကာမြို့၌ အတူလည်ပတ်ကြပြီးနောက် အိုဆာကာမှ သူ့အိမ်ရှိရာ ကိုဘီမြို့ ပင်လယ်ကမ်းခြေသို့ ခေါ်သွားလေသည်။

ကျွန်မရောက်သွားသည့်အချိန်၌ မိုးလေဝသကင်းကာ ပင်လယ် ပြာကြီးမှာ သင်ဖြူးခင်းထားသကဲ့သို့ ညီညာပြန့်ပြူးနေသည်။

အိမ်ရှေ့ရောက်၍ ကားပေါ်မှဆင်းလျှင် ကျွန်မမှာ အိမ်ထဲသို့ မဝင်နိုင်သေးဘဲ ပန်းခြံထဲမှဖြတ်ကာ ပင်လယ်ကမ်းခြေသို့ တစ်ဟုန်ထိုး ပြေးဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးနှင့် မစ္စတာအော့ဆူးမှာ အိမ်ဝ၌ ကျန်ရစ်ခဲ့ကြလျက် အဘိုးကြီးမှာ ကျွန်မနောက်သို့ ပြေးလိုက်လာသည်။

ကျွန်မမှာ ပင်လယ်ကမ်းစပ်၌ရပ်လျက် အဆုံးအစမရှိသည့် ပင်လယ်ပြာကြီးနှင့် မိုးပြာကြီးတစ်ဆက်တည်း စပ်နေသော ရှုခင်းကို ငေးမျှော်ကြည့်လိုက်ရလျှင်ပင် တိုက်ကျိုမှ သယ်ယူလာသော ရင်ထဲမှ အလုံးကြီးမှာ ပြုတ်ကျသွားသည်။

ထိုနေရာ၌ အတိုင်းမသိ, စိတ်ပေါ့ပါးသွားသည်။

ပေါ့ပါးဖျတ်လတ်သော အဟုန်ဖြင့် ရေထဲသို့ဆင်းလျှောက်သွားသည်။

ကမ်းစပ်နှင့် ကိုက်နှစ်ရာအကွာအဝေးလောက်တွင် မီးပြတိုက်ရှိလေသည်။

မီးပြတိုက်မှာ ပင်လယ်ထဲတွင် သူတစ်ကိုယ်တည်း လွမ်းဆွတ်ကြေကွဲနေဘိသကဲ့သို့ ဆိတ်ငြိမ်စွာရှိနေသည်။

ပင်လယ်ရေမှာ စိမ်းလဲ့ကြည်ကာ ရေအောက်မှ ကျောက်စရစ်ကလေးတွေကို အစီအညီအတိုင်းဘွားမြင်နေရ၏။

အဆီးအတားမရှိသော လေမှာ လွင့်ပါသွားတော့မလောက်ပင် တရကြမ်းတိုက်ခတ်နေသည်။

တစ်ဖက်မှ ပင်လယ်ထဲသို့ ထိုးထွက်နေသော တောင်စွယ်ကြီးမှာ ညို့မှိုင်းနေလေသတည်း။

ရေထဲဆင်းသွားလိုက်ရာ ဒူးဆစ်မြုပ်လုနီးနီး နေရာလောက်ကျမှ ရပ်လျက် လည်တိုင်ကိုဆန့်၍ တမျှော်တခေါ်ကြီးရှိသော ပင်လယ်ရေပြင်ကြီးကို စူးစိုက်ကြည့်နေခိုက်ဝယ် ကျွန်မ၌ သောကမရှိ၊ ကြောင့်ကြမရှိ၊ တစ်ခုတည်းသော ချမ်းမြေ့သုခ ပီတိသာလျှင် တစ်ကိုယ်လုံး ပျံ့နှံ့အေးချမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးမှာ ကလေးတစ်ယောက် ထိန်းနေသလို ကမ်းစပ်၌ စောင့်ရပ်ကြည့်နေလျက် တော်လောက်ပြီဟူသော သဘောနှင့် ရေထဲ ကတက်ခဲ့ရန် လက်ယပ်ပြခေါ်လိုက်လေသည်။

ရေထဲမှတက်ခဲ့၍ ကမ်းစပ်သို့ရောက်လျှင် ရေစိုခြေထောက်ကို လက်ကိုင်ပဝါနှင့် သုတ်ပေးမည်ပြု၍ လက်ကိုင်ပဝါကို လှမ်းယူလိုက်တာ ကျွန်မက ဖိနပ်လှမ်းစွပ်လျက် ခြေသုတ်ရန်ပေးသော လက်ကိုင်ပဝါကို ခြေမသုတ်ဘဲ အမြတ်တနိုး ခေါင်းတွင် ဖြစ်ကတတ်ဆန်း ပတ်ချည်ပြလိုက်သည်။

ပတ်ချည်ပြီး အားရပါးရ ပြုံးနေသည်။

အဘိုးကြီးသည် နှစ်သိမ့်ကျေနပ်စွာဖြင့် ကျွန်မအား ပြုံးစိုက်ကြည့်လျက် ...

'ငါ့အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်'ဟု တုန်ယင်စွာ ပြောလေသည်။

'အိပ်မက်မဟုတ်ဘူး၊ ကျွန်မ ပင်လယ်ပြာကို ရောက်ပြီလေ'

'ပင်လယ်ကို မင်းနှစ်ခြိုက်တယ်၊ ရောက်ချင်တယ် ပြောတာ ငါမမေ့ဘူး၊ ပင်လယ်ကို ကြည့်တိုင်း မင်းကို အမှတ်ရတာပဲ'

ကျွန်မတို့နှင့် အတူတူနေစဉ်က ကိုဘိပင်လယ်ပြာကြီးနှင့် ပင်လယ်ကမ်းခြေက သူ့အိမ်ကလေးကို အမွန်းတင်၍ နေ့ရှိသရွေ့ တဖွဖွပြောနေသည်။

ထိုစဉ်က သူပြောသော ပင်လယ်ပြာကြီးနှင့် ပန်းဥယျာဉ် အိမ်ကလေးကို မျက်လုံးထဲပေါ်အောင် ကြိမ်ဖန်များစွာ ခန့်မှန်း၍ ကြည့်ခဲ့ဖူးသည်။

ပုံဖမ်းကြည့်မိသော ပင်လယ်ပြာကြီးကို ရောက်ဖူးချင်စိတ် ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



'တစ်နေ့ ကျွန်မရောက်ရမယ်'ဟု ပြောခဲ့သည့်အတိုင်း ပင်လယ်ကမ်းစပ်၌ ကျွန်မရောက်နေပုံမှာ နှစ်ဦးစလုံး နှစ်သိမ့်ကြည်နူး စရာဖြစ်နေသည်။

ကျွန်မအား ကိုဘီပင်လယ်ကမ်းခြေသို့ ရောက်သည့် အထိမ်း အမှတ်အဖြစ် ကလေးကစားစရာလောက်ရှိသော လက်ဖက်ရည် ကရားကလေးနှင့် ခွက်ကလေးကို အမြတ်တနိုး သိမ်းထားရာမှ ထုတ်ယူ ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

ဤပစ္စည်းမှာ ပစ္စတာယူရှိဒါး၏ ချစ်မြတ်နိုးသော ဖခင်ပိုင် ပစ္စည်းတစ်ခုဖြစ်၍ အထူးအမြတ်ထားကာ လက်ဆောင်ပေးလိုက်ခြင်း ဖြစ်သည်။

ကျွန်မကလည်း လက်ထဲဝတ်ထားသော စိန်ခြယ် မြလက်စွပ် ကြီးကို ချွတ်လိုက်ကာ ကျွန်မမိခင် အမြဲဝတ်ထားသော ပစ္စည်းဖြစ်၍ အဘိုးကြီး၏ဇနီး အဘွားကြီးအား ကျွန်မမိခင်အမှတ် လက်တွင်စွပ် ပေးလိုက်သည်။

တို့ကျို့အပြန် ရထားပေါ်တွင် စွဲစွဲလမ်းလမ်းရှိလှသော ပင်လယ်ပြာကြီးနှင့် ပန်းဥယျာဉ်အိမ်ရှင် အဘိုးကြီးကိုသာ တရေးရေး မြင်နေမိတော့သည်။

မီးရထားကြီးမှာ ဘယ်ဘူတာမှမဆိုက်ဘဲ လျင်မြန်စွာခုတ် မောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တံတားရှည်ကြီးများကို ဖြတ်ကူးမှ အရှိန်ကိုလျှော့လျက် ဖြည်းနှေးစွာ ခုတ်သွားသည်။

တံတားကျော်လျှင် အရှိန်ပြင်းလာလေသည်။ အမြန်ခုတ်မောင်း နေခိုက် ရထားလမ်းဘေးရှိ လယ်ကွင်းတွေမှာ ချာချာလည်လျက် အပိုင်းပိုင်းပြတ်ကျန်ခဲ့သလို ထင်ရသည်။

အဝေးတွင် တောင်တွေအထပ်ထပ် တွေ့လိုက်ရ၏။ ရေကန် ကြီးလည်း ဆီးနေသည်။

ရထားပြင်ဘက်သို့ အစဉ်တစိုက် မျက်လုံးမခွါ ရှိနေလျက် အရာခပ်သိမ်း မြင်ချင်မှမြင်ကာ စဉ်းစားတွေးတောနေသော အခြင်း အရာများသာ နေရာတကျ မြင်မြင်ထင်ထင် ဖြစ်နေလေသည်။

ကိုဘိ ပင်လယ်အိမ်မှ ညတွင်းချင်း အိုဆာကာသို့ ပြန်ခဲ့ကြ သည်။

အဘိုးကြီးမှာ နံနက်စောစော အိုဆာကာသို့ လိုက်လာကာ ကျွန်မတို့ကို ရှေးဟောင်း ကျိုတိုမြို့သို့ပို့ရန် အစီအစဉ်လုပ်ကြသည်။

အိုဆာကာ၌ အမိုးပုအိုင့်အိုင့်နှင့် မှောင်ကုပ်နေသော ဂျပန် ဟိုတယ်တစ်ခုတွင် တစ်ညတာအဖို့ တည်းခိုရန် အချိန်မဲ့ရောက်သွား ကြ၏။

ဟိုတယ်ထဲ၌ မီးများလင်းထိန်မနေတော့ဘဲ အချို့မီးပွင့်များ ပိတ်ထား၍ မီးရောင်နည်းနေသည်။

ဟိုတယ်မှာ တစ်ထပ်ဟု အပြင်မှထင်ရသော်လည်း အတွင်း ဝင်မှ အထက်တွင် အထပ်ခိုးတစ်ထပ်ရှိမှန်းသိသည်။

ဟိုတယ်ထဲ၌ တည်းခိုနေကြသူများမှာ အခန်းများပိတ်လျက် အိပ်စက်နေကြချေပြီ။

ဟိုတယ်ထဲဝင်သည်နှင့် မီးရောင်ဖျော့ဖျော့အောက်၌ရပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်၏ ပုံသဏ္ဌာန်ကိုကြည့်ရင်း စိတ်ထဲ၌ အိုက်သလို မွန်းသလို ဖြစ်ကာ မှောင်ကုပ်ကုပ်နေပုံကို မနှစ်သက်ချေ။

မစ္စတာအော့ဆူးမှာ ဟိုတယ်မန်နေဂျာနှင့် အခန်းရရန် သွား ပြောနေသည်။

ကိုကိုကြီး ကျွန်မမှာ သားရေးအိတ်ကလေးများဆွဲလျက် မစ္စတာအော့ဆူးကို ရပ်စောင့်နေကြသည်။

'မမလေးစံ၊ အောက်မှာ နှစ်ယောက်အိပ်ခန်း တစ်ခန်းပဲ အခန်းလွတ်ရှိတော့တယ်၊ အပေါ်ထပ်မှ အခန်းလွတ်တစ်ခန်းရတယ်၊ အပေါ်ခန်းမှာ မမလေးစံအိပ်ပါ၊ ကျုပ်နဲ့ ကိုကိုကြီးစံ အောက်မှာအိပ် မယ်'

ကျွန်မမှာ အပေါ်ထပ်သွားနေရန် မနှစ်မြို့ဘဲ မလွှဲသာ၍သာ မစ္စတာအော့ဆူးလမ်းပြရာ အပေါ်အထပ်ခိုးသို့ လိုက်တက်သွားရသည်။

အပေါ်ထပ်၌ 'ဟိုတယ်' ခန်းနှင့် လုံးဝမတူချေ။ အောက်ထပ် ကဲ့သို့ အခန်းတွေ သီးသန့်စီတန်း ဖွဲ့ပုံမျိုးလည်းမဟုတ်။ ကျွန်မနေ ရမည့်ထောင့်ကျကျ အခန်းကလေးတစ်ခန်းသာလျှင် တံခါးများဖွင့်ပြ၍ အခန်းမှန်းသိရလျက် တစ်ထပ်လုံးမှာ အခန်းတွေလား၊ အဆောင်ကြီး တစ်ခုလုံး ပိတ်ထားတာလား ဘာမှန်းမသိ မသဲကွဲချေ။

မီးရောင်မှာ ကွက်တိကွက်ကျား လင်းနေလျက် အချို့နေရာ တွင် မှောင်မည်းမည်းတွေ့ရ၏။

အခန်းထဲတွင် လူအိပ်ပြီးသားလို တွန့်ကြေနေသော အိပ်ရာ ခုတင်တစ်လုံးရှိလျက် ခုံစားပွဲတစ်ခု ပစ္စည်းအချို့နှင့် မသပ်မရပ်တွေ့ ရသည်။ အခန်းထဲတွင် ရေချိုးခန်းမရှိ။ တစ်နေရာတွင် ရေချိုးခန်း ထားသည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

| ၂၂ |

အခန်းကိုကြည့်ကာ စိတ်ထဲမသိုးမသန့်ဖြစ်သွားပြီး အခန်းပြင်ဘက် မှောင်နေသည့်နေရာသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

မှောင်နေသည့်နေရာနှင့် မှလှမ်းမကမ်း မီးရောင်အောက်၌ ဗလကောင်းကောင်း၊ အရပ်ပုပု ဂျပန်ကြီးသည် ခုံဖိနပ်စီးလျက် လျှောက်သွားသည်။

ပြောင်နေသော ဦးခေါင်းကို မျက်နှာသုတ်ပဝါပိုင်းနှင့် ပတ်ချည်ထားသည်။

သူ့ကိုယ်တွင် အဝတ်အစားမရှိ ကိုယ်တုံးလုံးကြီး လျှောက်သွားလေ၏။

မီးရောင်အောက်၌ လှမ်းမြင်လိုက်ရကာ ဖျတ်ခနဲ လူသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



တွယ်သွားလေသည်။

ကျွန်မမှာ ကြက်သီးမွေးညင်း ထသွားလျက် အပေါ်ထပ်တွင် ကျွန်မတစ်ယောက်တည်း မနေဝံ့သဖြင့် အပေါ်မှာ မနေချင်ဘူးဟု ခေါင်းကိုတွင်တွင်ယမ်းခါ ပြောလိုက်ကာ အောက်ထပ်သို့ အတင်းဆင်း လာခဲ့သည်။

အခန်းလိုက်ပြကြသော မစ္စတာအော့ဆူးနှင့် ကိုကိုကြီးမှာ ကျွန်မနောက်မှ ဆင်းလိုက်လာကြသည်။

'မမ ... အောက်ထပ်မှာ နှစ်ယောက်အိပ်ခန်းသာရှိတာ တစ်ယောက်အိပ်ခန်းမှမရှိဘဲ'

ကိုကိုကြီးသည် လှေကားမှဆင်းလာရင်း ကျွန်မနောက်မှ လှမ်းပြောပြနေသည်။

အပေါ်ထပ်တွင် နေစေချင်သည်။

ကျွန်မမှာ ပြေးဆင်းလာရင်း ခေါင်းကိုလှည့်လိုက်ကာ နှာခေါင်း ရှုံ့လျက် ခေါင်းယမ်းပြလိုက်သည်။

မစ္စတာအော့ဆူးမှာ ကျွန်မမျက်နှာကို လှမ်းကြည့်လျက် ခပ်ပြုံး ပြုံး ဆင်းလာသည်။

ကျွန်မမြင်လိုက်သော အခြင်းအရာကို သူလည်းမြင်လေသလား မသိ။

အောက်ထပ်တွင် နှစ်ယောက်အိပ်ခန်းကို သွားဖွင့်ကြည့်လိုက် ရာ ရင်ထဲတွင် ဖိုသွားပြန်လေသည်။

လင်မယားနှစ်ယောက် တည်းခိုဖို့ အခန်းမျိုးဖြစ်သည်။

နိုင်ငံခြားဟိုတယ် နှစ်ယောက်အိပ်ခန်းကဲ့သို့ ခုတင်တစ်လုံးစီ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

'ကိုကိုကြီးစံ မအိပ်သေးဘူး၊ ဘီယာတွေသောက်နေတယ်၊ စိတ်မကောင်းဘူးထင်တယ်၊ မျက်နှာပျက်တယ်၊ အပေါ်ထပ်ကို ကျုပ်ဟာကျုပ်သွားပြီး သူ့ကို ဒီအခန်းထဲထားဖို့သင့်တယ်ဆိုတာ ကျုပ်သိပါတယ်၊ သိပေမယ့် မမလေးစံ ကိုကိုကြီးစံကို စိတ်တိုင်းမကျ ဖြစ်နေတာလဲ ကျုပ်ရိပ်မိတယ်၊ မမေးပါနဲ့လို့ ကျုပ်ကို ရထားပေါ်မှာ ပြောထားတာရှိတော့ ကျုပ်ဘာမှန်းမသိဘူး၊ ဒါကြောင့် ကျုပ်သဘောနဲ့ အပေါ်ကိုမသွားဘဲ မမလေးစံသဘောနဲ့ ရွေးချယ်တာ ကောင်းမယ် ထင်လို့ ကျုပ်မေးမိတာ၊ ကျုပ်မေးမိတာ မှားသွားသလား'

ကွန်မက ခပ်ပြုံးပြုံး နားထောင်နေကာ စကားဆုံးမှ ခေါင်းခါ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ရုတ်တရက် ခေါင်းမညိတ်သေးဘဲ တွေနေကာ အခန်းထောင့်တွင်ရှိသော စားပွဲခုံနှင့် ကုလားထိုင်ကိုကြည့်လျက် အပြင်ဘက်ထိုင်နေလို့ မဖြစ်ပေမယ့် သည်အခန်းထဲ ထိုင်နေနိုင်သား ပဲဟု အကြံရမှ ခေါင်းညိတ်ပြလိုက်သည်။

အကယ်၍ ကျွန်မအား မိန်းမတစ်ယောက်အနေဖြင့် သည် အခန်းထဲမနေဘဲ သူတို့ဟာသူတို့ တော်သလို ကြည့်အိပ်ကြမည် ဆိုလျှင် ကျွန်မမှာ ကုလားထိုင်တွင် တစ်ညလုံး ထိုင်နေရမည်မဟုတ် ဟု တွေးထင်လိုက်မိသေးသည်။

'ဒါဖြင့် အပေါ်ခန်းကို ကိုကြီးစံသွားရမလား၊ ကျုပ်သွားရ မလား'

မစ္စတာအော့ဆူးမှာ ရထားထဲတွင် ကိုကိုကြီးက အခန်းပြောင်း ရန် လာခေါ်ခြင်းကို မှတ်ထားပုံရလေ၏။

ကျွန်မရှေ့တွင် ယှဉ်ရပ်၍နေကြသော သူတို့နှစ်ယောက်စလုံး ၏ မျက်နှာကို တွေတွေဆိုင်ဆိုင် ကြည့်မနေဘဲ ကျွန်မမှာ ဘာမှ အရေးမကြီးသည့်ဟန်ဖြင့် ခပ်ပေါ့ပေါ့ကလေး လုပ်ပြောလိုက်ရသည်။

'ကိစ္စမရှိပါဘူး မစ္စတာအော့ဆူး၊ ရှင် ဒီအခန်းထဲနေတာပေါ့၊ ကိုကိုကြီးအပေါ်မှာ သွားအိပ်ပါလိမ့်မယ်'

ကျွန်မမှာ ပြောပြီး အခန်းထဲဝင်လိုက်သည်။

ကျွန်မအဖို့ စားပွဲ၊ ကုလားထိုင်ရှိ၍ သူတို့နှစ်ယောက်အနက် ဘယ်သူနေနေ ဝန်လေးဖွယ်ရာမရှိ၊ မစ္စတာအော့ဆူးက ကျွန်မသဘော မေးလာသည့်အခါတွင် ကျွန်မအဖို့ရော၊ ကိုကိုကြီးအဖို့ရော ကောင်းစေ မည့်အကြောင်းကို ဆင်ခြင်စဉ်းစားပြီးမှ မစ္စတာအော့ဆူးနေရန် ရွေးချယ်၍ ဖြေလိုက်သည်။

ကျွန်မအဖြေနှင့်ပတ်သက်၍ ကိုကိုကြီးစိတ်၌ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အနက် သူနှင့်တစ်ခန်းတည်းနေရန် သူ့ကို စိတ်မချ၍ မယုံကြည်၍များ အပေါ်ထပ်ပို့သလားဟု အထင်အမြင် မှားသွားခဲ့လျှင် သူ့အမှုပုံမရှင်းသေးသရွေ့ ထင်ချင်ရာ ထင်တော့ဟု အောက်မေ့လိုက်ရသည်။

ကျွန်မ အခန်းထဲဝင်လျှင် မစ္စတာအော့ဆူးက အခန်းတံခါးကို အပြင်မှဆွဲပိတ်သွားကာ ကိုကိုကြီးကို အပေါ်ထပ်သို့ လိုက်ပို့လေသည်။

အခန်းထဲရှိ ကုလားထိုင်၌ထိုင်လိုက်ကာ မစ္စတာအော့ဆူးကို ဘာကြောင့် ဦးစားပေးနေရသည့် ကျွန်မအဖြစ်ကို ကိုကိုကြီး မသိလေဟု ဝမ်းနည်းစွာ တွေးနေမိသည်။

မကြာမီ အခန်းထဲသို့ မစ္စတာအော့ဆူး ဝင်လာသည်။

ကျွန်မစားပွဲနားသို့ လျှောက်လာကာ မျက်နှာမကောင်းနှင့် ကြွေ့ရွရွ ပြောလေသည်။

'ညဉ့်နက်ပြီ မလေးစံအိပ်ပါ။ ကျုပ်တို့ မနက်အစောကြီး ကျိုတိုရထားစီးရမှာ ဟိုဘက်ခန်းမှာ တျုပ်မိတ်ဆွေတစ်ယောက်နဲ့ တွေ့နေတယ်၊ ကျုပ်စကားပြောဦးမယ်၊ စီးကရက်ကုန်သွားလို့ လာယူတာ စီးကရက်ရှိသေးသလား'

ကျွန်မက စီးကရက်ဘူးကို လက်ကိုင်အိတ်ထဲမှ ယူပေးရင်း 'ကိုကိုကြီး အိပ်ပလားဟု' မေးလိုက်သည်။

မစ္စတာအော့ဆူးသည် စီးကရက်ဘူးကို လှမ်းမယူသေးဘဲ မျက်မှောင်ကြုတ်သွားလျက် ပြုံးလိုက်သည်။

သူ့အပြုံးမှာ မသာယာသော အပြုံးတစ်မျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

'ကိုကိုကြီးစံ မအိပ်သေးဘူး၊ ဘီယာတွေသောက်နေတယ်၊ စိတ်မကောင်းဘူးထင်တယ်၊ မျက်နှာပျက်တယ်၊ အပေါ်ထပ်ကို ကျုပ်ဟာကျုပ်သွားပြီး သူ့ကို ဒီအခန်းထဲထားဖို့သင့်တယ်ဆိုတာ ကျုပ်သိပါတယ်၊ သိပေမယ့် မမလေးစံ ကိုကိုကြီးစံကို စိတ်တိုင်းမကျဖြစ်နေတာလဲ ကျုပ်ရိပ်မိတယ်၊ မမေးပါနဲ့လို့ ကျုပ်ကို ရထားပေါ်မှာ ပြောထားတာရှိတော့ ကျုပ်ဘာမှန်းမသိဘူး၊ ဒါကြောင့် ကျုပ်သဘောနဲ့ အပေါ်ကိုမသွားဘဲ မမလေးစံသဘောနဲ့ ရွေးချယ်တာ ကောင်းမယ်ထင်လို့ ကျုပ်မေးမိတာ၊ ကျုပ်မေးမိတာ မှားသွားသလား'

ကျွန်မက ခပ်ပြုံးပြုံး နားထောင်နေကာ စကားဆုံးမှ ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မမှားပါဘူး မစ္စတာအော့ဆူး၊ ဒီအတွက် စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ မကြာတော့ပါဘူး၊ မိုးလင်းတော့မှာပဲ'

ကျွန်မလက်ထဲမှ စီးကရက်ဘူးကို လှမ်းယူပြီး အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားသည်။

မစ္စတာအော့ဆူး ပိတ်သွားသော တံခါးကို ထ,ကြည့်လိုက်သည်။

အခန်းတံခါးမှာ အပြင်ကလည်းဖွင့်နိုင်၊ အတွင်းကလည်းဖွင့်နိုင်သော ချက်မရှိသည့် ဂျပန်တံခါးမျိုးဖြစ်သည်။

အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ တစ်ဖက်ခန်းမှ ဂျပန်တစ်ယောက်နှင့် မစ္စတာအော့ဆူး စကားပြောနေသောအသံကို အတိုင်းသား ကြားနေရသည်။

ကျွန်မမှာ တောင်စဉ်းစား မြောက်စဉ်းစားနှင့် အတန်ကြာအောင် လျှောက်နေရာမှ ညောင်းညာ လေးလံလာ၍ အိပ်ရာခေါင်းရင်းမှ ခေါင်းအုံးကို ဆွဲယူကာ အိပ်ရာအစပ်နားတွင်ထားလျက် အညောင်းဖြေရန် ခေတ္တခဏ လှဲဆန့်လိုက်သည်။

လှဲဆန့်လိုက်သည်နှင့် အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးများမှာ မှိတ်ထားချင်အောင် လေးလံ၍လာသည်။

မစ္စတာအော့ဆူး အခန်းထဲမဝင်ခင် အချိန်ရခိုက် တစ်ခဏ နေဦးမည်ဟု ဆန့်ထားသည့်ကိုယ်ကို ကွေး၍ မှေးလိုက်သည်။

စကားပြောသံကို သတိနှင့် နားစွင့်နေရင်း ငိုက်မျဉ်းနေလေသည်။

အိပ်ပျော်သွားမည်စိုး၍ မျက်လုံးကို အတင်းပြန်ဖွင့်ကာ လက်မှ နာရီကို ကြည့်လိုက်သည်။

ည ၂-နာရီထိုးနေလေသည်။

စကားပြောသံများမှာ ပထမ မစ္စတာအော့ဆူး၏အသံချည်း



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရ၏။

ထို့နောက် မစ္စတာအော့ဆူး အသံပျောက်သွားပြီး ဂျပန်တစ်ယောက်အသံကြားရသည်။

ထိုအတွင်း မစ္စတာအော့ဆူးအသံကို ပြတ်တောင်း ပြတ်တောင်း ကြားရပြန်သည်။

ကျွန်မမှာ မျက်လုံးမှိတ်လျက် နားစွင့်ထားရင်း 'ထ,မှပဲ ထ,ဖို့တော်ပြီဟူသော စိတ်ရှိလျက် ထိုစိတ်ကို နေနိုင်ပါသေးတယ်၊ စကားပြောသံ ကြားသေးသားပဲ' ဟူသော အသိက ဆွဲ၍ထားသည်။

ထိုသို့ ထ,မည်လုပ်လိုက် စကားပြောသံများက ဆွဲထားလိုက်နှင့် လွန်ဆွဲနေသည့် စပ်ကြားအတွင်း၌ပင် ကျွန်မမှာ မေ့ခနဲဖြစ်သွားသည်။

မေ့ခနဲဖြစ်သွားပြီးနောက် လန့်၍ နိုးနိုးချင်း စကားပြောသံကို နားစွင့်လိုက်ရာ ဘာသံမျှ မကြားဘဲ တိတ်ဆိတ်၍ နေလေ၏။

ကွပ်ပျစ်အစပ်၌ ကိုယ်တစောင်း တင်နိုင်ရုံလောက်သည့် နေရာစာသာယူထားလျက် တစ်ဖက်စောင်း ခွေလှဲထား၍ ကျောဘက် အခန်းတံခါးပေါက်ကိုကြည့်ရန် ခေါင်းကို လှိမ့်လှည့်လိုက်သည်။

အခန်းတံခါးပေါက်သို့ မျက်လုံးမရောက်ခင် ကွပ်ပျစ်ခြေရင်း၏ တစ်ဖက်စွန်းတွင် နက်ပြာရောင် ဘောင်းဘီဝတ်ထားသည့် ခြေနှစ်ချောင်း လိမ်ဆင်းထားသော ခြေထောက်ကို အလျင်မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

ကျွန်မမှာ ခြေထောက်ကို မြင်မြင်ချင်း ကျွန်မကိုယ်တိုင်ကျုံး၍ ထူလိုက်ကာ ကွပ်ပျစ်အောက်၌ မတ်တတ်ရပ်လိုက်ပြီးသား ဖြစ်သွားသည်။

ရှေးဦးစွာ နာရီကိုကြည့်လိုက်သည်။

ညဦး ၃-နာရီ ထိုးနေပြီ။

ထိုနောက် ကွပ်ပျစ်ပေါ်သို့ ကြည့်လိုက်သည်။

မစ္စတာအော့ဆူးသည် အိပ်ပျော်၍နေသည်။

လည်တွင်စည်းထားသည့် နက်တိုင်လည်စည်းနှင့် အပေါ်ကွတ် အကျီနှင့်ပင် တွေ့ရ၏။

အိပ်ရာပေါ်၌ ခေါင်းအုံးနှစ်လုံးပေါ် ခေါင်းချကာ ကျောဆန့် လျက် အိပ်နေပုံမျိုးမဟုတ်ဘဲ ခေါင်းအုံးနှစ်လုံးကို ပူးကပ်ထောင်လျက် ကွပ်ပျစ်ခေါင်းရင်း အခန်းနံရံနှင့်မှီကပ်ထားကာ ခေါင်းအုံးနှင့် ကျောကပ်



www.burmeseclassic.com

www.burmeseclassic.com



မှီပြီး ခေါင်းအုံးထိပ်တွင် ဇက်တင်၍ ခပ်လျှောလျှောထိုင်လျက် လက်ပိုက်ကာ ခြေချင်းလိမ်ဆင်းပြီး အိပ်ပျော်နေပုံဖြစ်သည်။

သူ့ဇက်မှာ စောင်းနေကာ သူ့နှုတ်ခမ်းမှာ အနည်းငယ်ပွင့်ဟနေသည်။

အိပ်ရာပေါ်တွင် သူ့အတွက် နေရာယူပုံနှင့် အိပ်နေပုံသဏ္ဌာန်မှာ ကျွန်မအား မိန်းမတစ်ဦးအနေဖြင့် လေးစားသမှု ငဲ့ညှာသမှုပြုကာ အားနာစွာဖြင့် အရိုအသေပေးလျက် အိပ်စက်နေသောသဏ္ဌာန် ထင်ရှားပြသထားသည့်အပြင် ယဉ်ယဉ်ကျေးကျေးရှိလှ၍ စိတ်ထဲ၌ လေးစားခင်မင် ကြည်ညိုသွားမိသည်။

အခန်းထောင့်ရှိ စားပွဲ၊ ကုလားထိုင်ရှိရာသို့ အသံမကြားရအောင် ဖော့နင်းသွားကာ ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်သည်။

ကျွန်မရင်ထဲ၌ တလှပ်လှပ်ဖြစ်လာလျက် မျက်လုံးတွင် မျက်ရည်များ လည်လာလေသည်။

ညအချိန် အခန်းထဲ၌ မိန်းမတစ်ယောက်အပေါ်တွင် ယဉ်ယဉ်ကျေးကျေးနှင့် ညှာတာစိတ်ဖော်ပြထားသော သည်ပုဂ္ဂိုလ်ကို မဖွယ်ရာသော သူတူမလေးအကြောင်း ဖွင့်၍ပြောပြ တောင်းပန်ရမှာလောက် ဝမ်းနည်းစရာကောင်းတာ မရှိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

# [ ၂၆ ]

ကျွန်မမှာ ဟိုတယ်အခန်းထဲရှိ ကုလားထိုင်ပေါ်၌ထိုင်ကာ စိတ်၏ မကြည်မသာ စိတ်ဒုက္ခရောက်ခဲ့ရသည့်နည်းတူ ရထားကူရှင်ပေါ်တွင် ယိုကိုအကြောင်း စဉ်းစားရင်းတွေးရင်း စိတ်ဒုက္ခ ရောက်နေပြန်လေ၏။

ရထားတွဲထဲတွင် ယိုကိုအရွယ်လောက်ရှိသည့် တွဲစောင့်အလုပ်သမား ဂျပန်မလေး ပါလာသည်။

ယူနီဖောင်းအင်္ကျီ အပြာနုရောင်ဝတ်လျက် ခေါင်း၌ ဂါဝန်အင်္ကျီနှင့်ဆင်တူ အပြာနုရောင်ဝတ်လျက် သံပရာခွံဦးထုပ်ကလေး ဆောင်းထားသည်။

လှိုက်ခေါင်းထဲသို့ ရထားဖြတ်ရမည့်အခါတိုင်းတွင် ဖွင့်ထားသော မှန်တံခါးများကို မီးခိုးမဝင်အောင် လိုက်ပိတ်လေသည်။

ရထားပေါ်၌ တံမြက်စည်း ခဏခဏလှည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှန်များ ပြောင်သထက် ပြောင်အောင် လိုက်တိုက်နေသည်။

ထို့အပြင် ခရီးသည်များ အလိုရှိရာ ဆောင်ရွက်ပေးသည်။

ကျွန်မမှာ တွဲစောင့် ဂျပန်မလေးကို လှမ်းကြည့်လိုက်တိုင်း ယိုကိုအား သတိရမိသည်။

ယိုကိုကို သတိတရဖြစ်လိုက်တိုင်းပင် ဘယ်လိုလုပ်၍ မစ္စတာအော့ဆူးအား ဖွင့်ပြောရပါမည်နည်းဟု မစဉ်းစားတတ်တော့ချေ။

ရထားမှာ (၈)မိုင်ခန့်ရှည်လျားသော လိုဏ်ဂူကြီးထဲသို့ ဖြတ်ခုတ်လာလေသည်။

ကျွန်မစိတ်မှာလည်း မကြံတတ်မစည်တတ်နှင့် မှောင်ကျနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

'မမက ဘာဖြစ်လို့ ပြန်မလိုက်ဘဲ နေရစ်ခဲ့ရမှာလဲ မမရယ်၊ ကျွန်တော်နဲ့ အတူတူလာကြပြီး ပြန်ဖို့ပဲဟာ'

'ကိုကိုကြီးပဲ ပြန်နှင့်ပါ၊ မမ မလိုက်သေးဘူး'

မျက်စိမျက်နှာ ပျက်နေသော ကိုကိုကြီးအား ရင်ဆိုင်မကြည့်နိုင်ဘဲ ခေါင်းငုံ့လျက် ဝမ်းနည်းစွာဖြင့် မလိုက်နိုင်ကြောင်းကို ကြိုးစား၍ အချိအချဲ့ပြောနေရသည်။

ကိုကိုကြီးအသံမှာ သိသိသာသာတုန်လျက် ရင်ထုမနာအသံမျိုး ပေါက်နေသည်။

ကျွန်မတို့မှာ ဂျပန်ပြည်က လာကတည်းက လေယာဉ်ဖြင့်လက်မှတ် အသွားအပြန် ယူခဲ့ကြသည်။ အိုဆာကာမှ တိုကျိုမြို့သို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြပြီးနောက် ရက်များမကြာမီ ပြန်ရန် ရက်ကန့်သတ်လိုက်ကြသည်။။

ဘိုအိုအေစီရုံးတွင် ပြန်မည့်ရက်ကို သွားပြောကာ နေရာယူခါနီးမှကပ်၍ ကျွန်မက အတူမလိုက်ဘဲ နေရစ်ခဲ့မည့်အကြောင်း ပြောလိုက်သည်။

ကိုကိုကြီးမှာ များစွာ အံ့သြ၍နေလေ၏။

အတူတူလာခဲ့ကြပြီး အတူတူပြန်ကြဖို့ရန်ရှိလျက် လေယာဉ်ပျံနေရာယူခါနီးမှကပ်၍ မလိုက်ခြင်းကို စဉ်းစားရ ကျပ်သွားပုံရသည်။

ကျွန်မမှာ သည်နည်းလမ်းပဲရှိတော့သည်။

သူနှင့်အတူတူ မပြန်ဘဲ သူ့ကို အလျင်ခွဲလွှတ်လိုက်ကာ သူမရှိမှ မစ္စတာအော့ဆူးကို အကျိုးအကြောင်း ပြောပြတောင်းပန်ပြီးမှ ကျွန်မပြန်ရန် သင့်သောနည်းလမ်းကို ရှာကြံရသည်။

ကျွန်မမှာ သည်ကိစ္စကို အသာတိတ်တိတ်ရေငုံပြီး မစ္စတာအော့ဆူးအား မပြောဘဲပြန်သွားရန် ဘယ်နည်းနှင့်မျှ မလုပ်နိုင်ချေ။

ကိုကိုကြီးရှိခိုက် ဖွင့်ပြောတောင်းပန်ရမှာကလည်း ဘယ်နည်းနှင့်မျှ မကောင်းနိုင်ချေ။ ကိုကိုကြီးအတွက် အန္တရာယ် ရှိကောင်း ရှိနိုင်သည်။

ယိုကိုအပေါ်တွင် သူ့ဦးလေးကို ပြောပြမည်ဆိုပြီး မပြောဘဲ မသိချင်ယောင်ဆောင်လျက် ကိုကိုကြီးနှင့်အတူတူ ပြန်သွားခဲ့သော် ယိုကိုအား တပတ်ရိုက်သွားသလို ဖြစ်ရုံမက ကျွန်မ သိလျက်သားနှင့် မျိုပြန်သွားမှန်း မစ္စတာအော့ဆူးသိလျှင် ကျွန်မပေါ်တွင် ဘယ်လို ထင်မြင်လိုက်မည်နည်း။

တစ်ပြည်နှင့်တစ်ပြည် ဝေးလံလှသော ခရီးကြီးဖြစ်၍ အတူတူလာခဲ့ကြပြီး အတူတူသာပြန်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတူတူပြန်ချင်လျက် မပြန်နိုင်ဖြစ်ရသည့် အဖြစ်ဆိုး တစ်ချိန်လုံး ခံစားနေရမှန်း သူကလည်းမသိ။

ကျွန်မမှာ ဝမ်းနည်းလာလေ၏။

ကျွန်မ နေရစ်ခဲ့ခြင်းအတွက် သူစိတ်ကျေနပ်ရန် အကြော ပြမှ ကောင်းမည်ကြောင့် ဝမ်းနည်းခြင်းတစ်ဖက်နှင့် အကြောင်း အကြောင်းရှာကြည့်ရာ အကြောင်းပြစရာကလည်းမရှိ။

'မမရယ် ... ကျွန်တော်ကတော့ မမကို ကျွန်တော့်အ အရင်းအချာလိုပါပဲ သဘောထားတယ်၊ အတူတူလာကြပြီး မ ချန်နေပြီးမှ ပြန်မယ်ဆိုတာများ ကျွန်တော်နည်းနည်းမှ စိတ်မကော ဘူး၊ ဘာကြောင့် နေရစ်ခဲ့တယ်ဆိုတာ ကျွန်တော်သိပါရစေ'

ကျွန်မမှာ အကြောင်းမရှိ၍ ရုတ်တရက် အပြောရခက် လေ၏။

အပြောရခက်နေသဖြင့် နေရစ်ခဲ့ရသည်။ အကြောင်း ဖွင့်သာပြောချလိုက်ချင်သလို စိတ်ရှုပ်သွားသည်။

အမှန်အတိုင်းပြောတော့မည် စကားများမှာ နှုတ်ဖျား တစ်လုံး နှစ်လုံး ရောက်သွားပြီးမှ မပြောလိုက်ရန် ပြန်ချုပ်တည်း ကြံဖန်လှီးလွှဲ ပြောရလေသည်။

'ဒီမှာကိုကိုကြီး ... မမဘာကြောင့် အတူတူမပြန်နိုင်သ ဆိုတော့ မမမှာ ကိစ္စတစ်ခုရှိသေးတယ်၊ ဒီကိစ္စက မမကိုယ် ကိစ္စပဲဆိုပါတော့၊ ကိုဘိမြို့က အဘိုးကြီးနဲ့ ထပ်တွေ့ချင်သေးတ မမအလုပ်အကိုင်အတွက် ပုံစံဒီဇိုင်းတွေလဲ ကိုယ်တိုင် စောင့်လုပ် ချင်တယ်၊ ဒါကြောင့်ပါ'

'ဒါဖြင့် ကျွန်တော်စောင့်နေမယ်လေ'

ကျွန်မစိတ်ထဲ 'တိုက်လိုက်တဲ့ခွ'ဟု ကံကြမ္မာကို ဒေါသ်ဆိုး အ



www.burmeseclassic.com

www.burmeseclassic.com



င်ကာ စိတ်ညစ်ညစ်ဖြင့် စိတ်ညစ်လာသော အသံတစ်မျိုးဖြင့် ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၈ ]

'စောင့်ဖို့မလိုပါဘူး ... မစောင့်ပါနဲ့၊ ပြန်မှာသာ ပြန်ပါ'
ကိုကိုကြီးသည် ရှေ့ဆက်၍ တစ်ခွန်းမှ မပြောတော့ချေ။ နှုတ်ပိတ်သွားလေသည်။

ဘီအိုအေစီရုံးသို့သွားရန် မျက်နှာမကောင်းစွာဖြင့် အိမ်မှထွက် သွားလေ၏။

သူထွက်သွားလျှင် ကျွန်မရင်ထဲ မပေါ့လှဘဲ ပိုမို၍ စိတ်မ ကောင်းဖြစ်လာပြန်ကာ အတူတူ ပြန်ချင်စိတ်မှာ ပြင်းပြနေလေသည်။

ဘီအိုအေစီရုံး၌ ၁၉ ရက်နေ့ ပြန်နိုင်ရန် သူ့အတွက် နေရာ ရလာခဲ့လေ၏။

ပြန်မည့်ရက်ကို စောင့်ဆိုင်းနေရစဉ် ကျွန်မမှာ အခြေအနေ မပျက်အောင် ဂရုစိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်စွာပင် စုဝေးကာ စားလိုက်ကြ၊ စကားပြောလိုက်ကြ၊ ထွက်လည်လိုက်ကြနှင့် အချိန်ဖြုန်းနေကြသည်။

ယိုကိုအား ကျွန်မနေရစ်ခဲ့မည့် အကြံအစည်ကို ကြိုတင်ဖွင့်ပြောပြထားသည်။

ယိုကိုသည် သူ့အပူ ကျွန်မပမ်းထဲ ပြောင်းထားရသလိုပင် စိတ်အေးလက်အေးရှိနေကာ ကိုကိုကြီးနှင့် အမူအရာမပျက် ဆက်ဆံနေသည်။

မစ္စတာအော့ဆူးမှာ ကျွန်မ အတူမလိုက်ဘဲ နေရစ်ခဲ့မည့်အတွက် သူ့ဘက်က ထွေထွေထူးထူး မေးခွန်းမရှိ။

'မစ္စတာ အော့ဆူး ကျွန်မ ဂျပန်ပြည်မှာ နေဦးမယ်၊ ကိုကိုကြီးကို ပြန်လွှတ်လိုက်မယ်'

ဟု ပြောလျှင်ပင်

'အို. . . ဟုတ်လား၊ နေတာပေါ့'

ဟု ဝမ်းသာအားရ ဖြစ်သွားသော အမူအရာဆောင်ပြောလျက် အတူတူမပြန်သော အကြောင်းရင်းမှန်ကို သိချင်မေးချင်လျက် ရထားပေါ်၌ ဘာမှမမေးရန် ပိတ်ပင်ထား၍ မမေးဘဲနေရမှန်း ကျွန်မက ရိပ်မိသည်။

ကိုကိုကြီးမှာ ပြန်မည့်ရက်ကို ပျင်းပျင်းရိရိနှင့် စောင့်ဆိုင်းရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

မိုးမှောင်ကျသောနေ့၊ နေရောင်ခြည် ပြည့်လျှမ်းနေသောနေ့တို့ဖြင့် တစ်နေ့မှတစ်နေ့သို့ ကူးပြောင်းသွားနေလေ၏။

ပြန်မည့်ရက်ကို စောင့်ဆိုင်းနေရသည့် အတောအတွင်း အလုပ်မရှိတိုင်း နေ့စဉ်မှတ်တမ်း ဒိုင်ယာရီကုန်းရေးနေသည်။

သူ၏ နေ့စဉ်မှတ်တမ်း စာအုပ်အထူကြီးမှာ သူ့ချစ်သူ ဇနီးအတွက်ရည်စူးလျက် ဂျပန်ပြန် မေတ္တာလက်ဆောင်အဖြစ် ပေးနိုင်ရန် နေ့စဉ် ကြိုးပမ်းအားထုတ်ရေးနေခြင်းဖြစ်သည်။

ကျွန်မမှာ အပြင်မထွက်၍ ပျင်းပျင်းရှိလှသောနေ့တွင် သူ့၏ ဒိုင်ယာရီမှတ်တမ်းစာအုပ်ကို စားပွဲပေါ်မှ ဆွဲယူဖတ်နေတတ်သည်။

သူ၏အရေးအသားကိုကြည့်လျက် စာရေးဆရာ ဖြစ်နိုင်နိုးစပ်သည်ဟု စိတ်ထဲထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းထဲ၌ နေ့စဉ်အဖြစ်အပျက်များကို အခြေပြု၍ ဆင်မြင် ဝေဖန်ချက်များနှင့်တကွ ဇနီးသည်အား စကားနှင့်ကိုယ်တိုင် ပြောပြနေသလို စိတ်ရှည်လက်ရှည် ရေးသားထားသည်။ ဟာသလည်း ပါသည်။ ကဗျာလည်း စပ်ထား၏။ ဂျပန်နိုင်ငံရေးလည်းပါသည်။

အကြောင်းအရာတစ်ခုကို သရုပ်ပေါ်အောင်တင်စား၍ ဟာသဖြင့် ရေးနိုင်စွမ်းရှိသဖြင့် ကျွန်မကဖတ်ပြီး ဟာသစာရေးဆရာဖြစ်အောင် လုပ်စမ်းဟု တိုက်တွန်းမိသည်။

ကိုကိုကြီးမပြန်ခင် တစ်နေ့နေ့လယ်၌ ကျွန်မတို့ ဧည့်ခန်းထဲတွင် ဝိုင်းဖွဲ့ စကားကောင်းနေကြသည်။

မစ္စတာအော့ဆူးမှာ ထိုနေ့ ရုံးမတက်ချေ။

နံနက်အိပ်ရာထကတည်းက ဝတ်ထားသော ကိုယ်ဖုံးအင်္ကျီရှည်ကြီး ဖိုသီဖတ်သီဖြင့် ဧည့်ခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လားကာ လူကြီးသူကြီးလုပ်၍ ကျွန်မအား ကျယ်လောင် ကျယ်လောင်ဖြင့် ဆိုဆုံးမသမှုပြုနေ၏။

ကျွန်မမှာ ဆိုဖာပေါ်တွင် ထိုင်လျက် ပြုံး၍ ကြည့်နေ၏။

ကျွန်မအနားတွင် ထိုင်နေသော ကိုကိုကြီးမှာ ပခုံးနှစ်ဖက်ခါချက် ကျိတ်ရယ်နေလေသည်။

'မမလေးစံ ကျုပ် ခင်ဗျားကို တိုက်တွန်းပါရစေ၊ မမလေးစံ ဆိုးမဘဝနဲ့ တာဝန်တွေ အခက်အခဲတွေ ကျော်နင်းနေတာ တာဝန်တွေနဲ့ အခက်အခဲတွေဟာ သေးတဲ့ဟာတွေ မဟုတ်ဘူး၊ အင်မတန်ကြီးတဲ့ တာဝန်တွေ၊ ကြီးတဲ့အခက်အခဲတွေ၊ အခက်အခဲ တာဝန်ကြီးတွေ လွန်မြောက်နိုင်အောင် ဂုဏ်သရေရှိပြီး ပိုက်ဆံချမ်းသာတဲ့ သူဌေးများတွေ့ရင် ဘာမှစဉ်းစားမနေနဲ့ လက်ထပ်လိုက်'

မစ္စတာအော့ဆူးသည် ပြောပြီး စီးကရက်ကို ဖွာရှုလိုက်ကာ ဆက်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

[၃၀]

အကျီအိတ်ကြီးထဲ သွင်းထားသော ညာလက်ကို ဆန့်ထုတ်လိုက်ကာ စင်မြင့်ပေါ်တက်၍ တရားဟောသူပမာ လက်ညှိုးထောင်လျက်. . ..

'အချစ်ဆိုတာ အလကားဟာ မှတ်ထားပါ၊ အိမ်ထောင်ရေးမှာ အချစ်မရှာနဲ့၊ အချစ်ဆိုတာ ညအခါမှာလွှတ်တဲ့ မီးပန်းလိုပဲ၊ တစ်ခဏမျှသာ လှပစွာ ဖြာခနဲပွင့်လင်းထွက်လာတဲ့သဘောမျိုးပဲ၊ ကျုပ်ဖြင့် အချစ်ဆိုတာကို ယုံကိုမယုံဘူး၊ တန်ဖိုးလဲမထားဘူး၊ ကျုပ်စကားကို နားထောင်ပါ၊ ပိုက်ဆံချမ်းသာတဲ့ သူဌေးကြီးများတွေ့ရင် ယူသာယူလိုက်'

ကျွန်မမှာ ကြွေမဆောင်နိုင်ဘဲ ဟက်ဟက်ပက်ပက် ရယ်မိလေသည်။

ဿီပဟာရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးမှာ တခစ်ခစ် ရယ်နေပြီးနောက် သူ့အယူအဆကို ဝင်ပြောလေသည်။

'မစ္စတာအော့ဆူး ခင်ဗျားရဲ့စေတနာနဲ့ မမလေးစံကို သူဌေးကြီးတစ်ယောက်နဲ့ လက်ထပ်ဖို့ ပြောဆိုနေတုန်းမှာ ကျွန်တော်ဘာမှ ဝင်မပြောသင့်ဘူးဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့် ခင်ဗျားစကားက အချစ်ကိုစော်ကားထားတော့ ကျွန်တော်မပြောဘဲ မနေနိုင်ဘူး၊ အတင်းပဲ ပြောပါရစေတော့၊ အချစ်ဆိုတာ အင်မတန် ခဲခဲယဉ်းယဉ်း တူးဖော်ပေမယ့် ထိုက်တန်သူမှရနိုင်တဲ့ ပတ္တမြားလိုပဲ အင်မတန် အဖိုးတန်ပါတယ် အဖိုးမဖြတ်နိုင်တဲ့ပတ္တမြား တန်ဖိုးမထားနိုင်တဲ့ လူတွေရဲ့လက်ထဲကို ရောက်သွားရင်တော့ အလကားပဲ၊ ဒါကြောင့် အချစ်ဆိုတာ လူတိုင်းလဲမရနိုင်ဘူး၊ ရတဲ့လူဟာလဲ တန်ဖိုးကို နားလည်မှ အချစ်ရဲ့အရသာကို သိနိုင်တယ်'

ကျွန်မမှာ သူတို့နှစ်ယောက် အချေအတင် ပြောနေခြင်းကို နားစိုက်ထောင်ကာ လေးနက်စွာ စဉ်းစားနေမိသည်။

ကိုကိုကြီး၏ ဇနီးမှာ ကိုကိုကြီးပေါ်တွင် အစွမ်းကုန်ရှိသဖြင့် သံသယမရှိခဲ့ပေ။

ကိုကိုကြီးက သူ့ဇနီးအား အစွမ်းကုန်ချစ်မချစ် သံသယရှိစရာ ရှိသဖြင့် သူတို့မောင်နှံ၏ ချစ်မေတ္တာကို လေးလေးနက်နက် ဝေဖန်စဉ်းစားကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃၀ ]

'ကျုပ်တော့ ဒီလိုမယူဆဘူး၊ ကျုပ်ဘဝမှာ ဘယ်မိန်းမကိုမှလဲ မချစ်ပါဘူး၊ ဘယ်မိန်းမရဲ့ အချစ်မှလဲ မခံဖူးဘူး၊ ကျုပ်အနေနဲ့ ပြောရရင် ပိုက်ဆံအများကြီးချမ်းသာတဲ့ မိန်းမတစ်ယောက် ဘယ်လောက်အကျည်းတန်တန် အရုပ်ဆိုးဆိုး နှားရွက်နှစ်ဖက် မပါရင်လဲ နေပေ့စေဗျာ၊ ကျုပ်ကို လက်ထပ်ချင်တယ်ဆိုရင် ယူလိုက်မှာပဲ'

မစ္စတာအော့ဆူးသည်ပြောပြီး အော်ဟာစ်ရယ်နေလေသည်။

ကိုကိုကြီးမှာ မစ္စတာအော့ဆူးကို ပြန်လှန်မချေပတော့ဘဲ ရယ်နေတော့သည်။

ယိုကိုမှာ သူ့ဦးလေး၏ အမူအရာကိုကြည့်လျက် နှစ်နှစ်သက်သက်ပြုံးနေသည်။

'ကျုပ် ငယ်ငယ်က ကြားဖူးခဲ့တယ်၊ အိန္ဒိယကမဟာရာဇာ့ချာ စော်ဘွားတွေဟာ သိပ်ချမ်းသာတာပဲ၊ စစ်ဖြစ်ကြတော့ ကျုပ်စစ်ထဲဝင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အိန္ဒိယကိုရောက်ချင်တယ်၊ အိန္ဒိယရောက်ရင် ကျုပ်တော့ မဟာရာဂျာ စော်ဘွားတွေဆီက စိန်တွေထမ်းယူလာပြီး ဆင်းရဲတဲ့ လူတွေကို ယူကြစမ်းဆိုပြီး တစ်ခါတည်း ပေးသလို ဆုပ်ကြဲပစ်လိုက်မှာပဲ'

ကျွန်မ မျက်စိရှေ့တွင် စိန်လုံးစိန်ပွင့်တွေ မြင်မကောင်း ရှုမကောင်းအောင် ပြန့်ကြဲသွားလေကာ မျက်စိကျိန်းသွားမိသည်။

ကိုကိုကြီးသည် သူ့မှတ်တမ်းထဲ၌ ဤအချက်များပါမကျန် အလုံးစုံ နေ့စဉ်ပြောကြသမျှ ရေးမှတ်ထားသည်။

သူ့မှတ်တမ်းစာအုပ်ကို ယိုကိုက ကိုင်ကြည့်သောအခါ. . .

'ငါ အင်မတန်ချစ်တဲ့ ငါ့မိန်းမအတွက် လက်ဆောင် ဒိုင်ယာရီ' ဟု သူကကြွားဝါသောအသံမျိုးဖြင့် ပြောလိုက်၍ ကျွန်မမှာ လုပ်စရာ ချပြီး ကိုကိုကြီး၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

ယိုကို၏မျက်နှာမှာ တွေဝေ၍သွားသည်။

ထိုနေ့က တစ်ခဏ တွေဝေသွားသော မျက်နှာကလေးသည် ကိုကိုကြီး ပြန်မည့်နေ့၌ တစ်နေ့လုံး တွေဝေ၍နေလေသည်။

ကျွန်မမှာ ယိုကိုအား အကဲခတ်လျက် မမေးရက်၍ မျိုသိပ်ရသည်။

ကိုကိုကြီးမှာ နံနက်ငါးနာရီထွက်မည့် လေယာဉ်ပျံနှင့် ပြန်ရမည်ဖြစ်၍ တစ်နေ့လုံး အလုပ်များနေသည်။

သူ့တွင် ရှိတတ်သရွေ့ ပိုက်ဆံကလေးနှင့် ဈေးသို့ပြေးကာ ဇနီးအတွက် ပိုးထီးကလေးတစ်လက် ဝယ်လာခဲ့လေသည်။

သူ့ဇနီးဖို့ ဖန်ခွက်လှလှလေးတွေ ဝယ်ဦးမည်ဆိုကာ တစ်ခေါက် ပြန်ထွက်သွားပြီး ဖန်ခွက်ဘူးပိုက်လျက် ပြန်လာခဲ့သည်။

ထိုနေ့က ဘီအိုအေစီရုံးတွင် သေတ္တာများသွားပို့ပြီး ဘီအိုအေစီ



www.burmeseclassic.com

www.burmeseclassic.com



ရုံးမှ နံနက်ကားနှင့်ခေါ်ရန်မှာ ယခုတည်းခိုနေသောနေရပ်နှင့် အလှမ်းဝေးသဖြင့် နီးမည့်ဟိုတယ်တစ်ခုတွင် တစ်ညပြောင်းအိပ်ရန်ပြောသည်။

မစ္စတာအော့ဆူးက ဂါဂျူးယင်းဟိုတယ်တွင် ကိုကိုကြီးအား နံနက်လေးနာရီ ကားလာခေါ်ရန် နေရာသတ်မှတ်ပေးလိုက်သည်။

မစ္စတာအော့ဆူးမှာ ကိုကိုကြီးအတွက် လိုလေသေးမရှိအောင် ပြုစုဆောင်ရွက်ပေးနေ၏။

ဂါဂျူးယင်းဟိုတယ်တွင် နေရာသွားယူကာ တစ်ညအိပ်တည်းခို စရိတ်ပေးခဲ့သည်။

အိမ်ရောက်လာလျှင် ယိုကိုကို အော်ဟစ်နေသည်။

'ယိုကို . . . ကိုကိုကြီးစံ သေတ္တာပြင်ပေးပြီးပလား၊ ပစ္စည်းတွေ အကုန်ထည့်ပေးရဲ့လား၊ အကျီတွေ မီးပူတိုက်ပေးပြီးပလား'

ကျွန်မမှာ မစ္စတာအော့ဆူးက ပူပူပင်ပင်ပြောလိုက်တိုင်း ရင်ဖိုထဲတွင် ဖိုသွားသည်။

နေစရာမရှိအောင် စိတ်မလုံဖြစ်နေ၏။

ကိုကိုကြီးပေါ်တွင် ကြီးမားနွေးသမျှသော မေတ္တာတို့မှာ ကျန်ရစ်ခဲ့သော ကျွန်မအပေါ် ဘယ်လောက် လာဖိလိမ့်မလဲဟု ရင်ထဲတွင် တုန်ဖိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

ယိုကိုမှာ အလုပ်ရှုပ်နေသည်။

ကိုကိုကြီးအခန်း ပြေးလိုက်၊ မီးဖိုထဲပြေးလိုက်နှင့် အိမ်ထဲတွင် ထိုင်မနေရဘဲ ပြေးနေရသည်။

ညရှစ်နာရီလောက်တွင် ကိုကိုကြီးကို ဂါဂျူယင်းဟိုတယ်သို့ လိုက်ပို့ကြသည်။

အိမ်မှမထွက်ခင် ယိုကိုမှာ ကျွန်မအခန်းထဲတွင် အဝတ်အစား လဲနေသော ကျွန်မကို တွေ့ဝေသော မျက်နှာကလေးဖြင့် ကူညီလုပ်ပေးနေသည်။

အခန်းဝသို့ မစ္စတာအော့ဆူး ရောက်လာကာ စကားပြောပြီး ထွက်လာသည်။

'ယိုကို. . . အဝတ်မြန်မြန်လဲ၊ ကိုကိုကြီးစံကို လိုက်ပို့ရမယ်'

ယိုကိုက ကျွန်မအား ဘာသာပြန်ပြောလိုက်ကာ ကမန်း



www.burmeseclassic.com

www.burmeseclassic.com



ကတန်း ဂါဝန်လဲလေ၏။

သူ့အမူအရာမှာ ပျာယာခတ်လျက် ပူထူနေသော အမူအရာ ဖြစ်သည်။

ဂါဂျူးယင်းဟိုတယ်မှာ နိုင်ငံခြားသားများ တည်းခိုလျက် ခမ်း ထည်ဝါသော ဟိုတယ်ကြီးဖြစ်သည်။

လူနေအိမ်ခြေနှင့်ဝေး၍ တိတ်ဆိတ်နေသည်။ ကိုကိုကြီးအခ မှာ နေချင့်စဖွယ်လှပစွာ ပြင်ဆင်မွမ်းမံထားသော တစ်ယောက်ခ ခန်းဖြစ်သည်။

မစ္စတာအော့ဆူးသည် အခန်းထဲဝင်၍ ခုတင်မြင်လျှင် ခုတ ပေါ်ပစ်လှဲတတ်သည့် ဝါသနာအတိုင်း ပစ်လှဲလိုက်သည်။

ခုတင်ပေါ်မှ ကိုကိုကြီးကို တဖွဖွ မှာကြားပြောဆိုနေသ

ပြုစုရတာတွေ အားမရကြောင်း၊ သူချည်းပဲ ဖောင်လော အောင် ပြောလေသည်။

ကျွန်မမှာ ကုလားထိုင်ပေါ်၌ ဆိတ်ငြိမ်စွာ ထိုင်နေကာ ခုတ ပေါ်သို့ကြည့်နေ၏။

ကိုကိုကြီးမှာ စားပွဲစွန်း၌ တက်ထိုင်ကာ မစ္စတာအော့ဆူး သမျှ ခေါင်းသာညိတ်နိုင်လျက် မျက်နှာညှိုးနေသည်။

ယိုကို၏ရင်ထဲ၌ မည်သို့ဖြစ်ပျက်နေချေမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com

[ ၃၃ ]

တစ်ယောက်အိပ်ခုတင်ပေါ်၌ သူ့ဦးလေးနှင့် ပူးကပ်လျက် ကလေးအမူအရာကလေးဖြင့် လှဲအိပ်နေသည်။

တောက်ပသော မျက်လုံးကလေးမှာ မျက်တောင်နှစ်ခုပူးလျက် မီးပွင့်ကို ကြည့်နေ၏။

သူ့ဦးလေးနှင့် ခုတင်ပေါ်တွင် ပူးကပ်အိပ်နေမှ ယိုကိုမှာ ကလေးလေးနှင့် ပို၍တူနေကာ သူတို့တစ္စဝရီးသည် သားအဖနှင့်လည်း တူနေ၏။

ဟိုတယ်ပေါ်မှ မဆင်းကြခင် ကျွန်မမှာ နောက်ဆုံးအားဖြင့် အသံထွက်အောင် ကြိုးစားလျက် ပြောလိုက်ရသည်။

'မမလာမယ့်နေ့ သံကြိုးပို့မယ်နော်၊ မင်္ဂလာဒုံမှာ စုနဲ့လာကြို နေနော်'



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ လှမ်းထွက်ခဲ့ကြပြီး လေးငါးလှမ်းအလွန် မစ္စတာ အော့ဆူးသည် ကိုကိုကြီးထံသို့ တုံ့ပြန်လှည့်သွားလေသည်။

'ကျုပ်မေ့သွားတယ်၊ ရော့. . . ရော့ ဒီမှာ ဒေါ်လာပိုက်ဆံ၊ ခင်ဗျား မနက်ကျရင် ဟိုတယ်စောင့်တွေကို ဘောက်ဆူးပေးဖို့'

အတတ်နိုင်ဆုံး ဂရုစိုက်နေသော မစ္စတာအော့ဆူး၏ မေတ္တာကို များစွာ လေးစားသွားမိသည်။

သူ၏မေတ္တာဓါတ်သည် အကယ်စင်စစ် ကျွန်မရင်ထဲတွင် အေးမြသွားစရာ ရှိပါလျက် မအေးမြစေဘဲ ပူလောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃၄ ]

ဟိုတယ်ပေါ် ဆင်းခဲ့ကြပြီးနောက် ဟိုတယ်အောက်၌ တက္ကစီကားများမရှိ၍ မစ္စတာအော့ဆူး ကားသွားခေါ်နေခိုက် ယိုကိုသည် ကျွန်မလက်ကိုကိုင်ကာ 'မမလေးစံ၊ ကျွန်မပြောထားတဲ့အကြောင်းကို ဦးလေးကို ဒီညပြောမလား'ဟု မေးလေသည်။

'အို. . . ဒီညပဲ ပြောစေချင်သလား'

ကျွန်မမှာ ယိုကိုအား ငေး၍ပြောမိ၏။

ယိုကိုက ခေါင်းညိတ်သည်။

မစ္စတာအော့ဆူးကို နက်ဖြန်မှ အခြေအနေကြည့်၍ ပြောရန် စိတ်ကူးထားသည်။

ညတွင်းချင်း ပြောစေချင်သည့် သဘောမှာ သူ့အဖို့ ထိန်းထား ရသည့်အတွက် ဝန်လေးနေဟန်ရှိနေ၏။

သူ့စိတ်အေးအောင် စိတ်လေးလေးနှင့် သည်ညပြောရန် ခေါင်းညိတ်ပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှထွက်လာကြပြီး ကားပေါ်တွင် မစ္စတာအော့ဆူးမှာ ကိုကိုကြီး အလုပ်ကိစ္စအကြောင်း၊ ကိုကိုကြီးနှင့် ခွဲခွာရသည့်အတွက် စိတ်မကောင်းကြောင်း၊ စိတ်ထိခိုက်စွာ ပြောလာသည်။

ကျွန်မခေါင်းထဲတွင် ရှုပ်ထွေးနေသည်။

အတွေးအမျိုးမျိုးဖြင့် ရှုပ်ထွေးနောက်ကျိနေသည်။

ကိုကိုကြီး အိမ်ပေါ်ရှိတုန်းက မပြောဘဲ ခုမှပြောရသလားဟု ငြိုငြင်စိတ်ကွက်သွားလျှင်လည်း ခံရတော့မည်။

သူတို့တူဝရီး သဘောတူထားကြသည့် စည်းကမ်းကတိကို ကိုယ့်ဘက်ကိုယ်ကြည့်လျက် ဖျက်လိုဖျက်ဆီးလုပ်သည်ဟု စိတ်နာသွားလျှင်လည်း ခံရတော့မည်။

မစ္စတာအော့ဆူး စိတ်ထဲ၌ ဤကိစ္စကို ခွင့်မလွှတ်နိုင်ဘဲ အပြစ်ထားပြီး အမျက်ဒေါသထွက်ခဲ့သော် ထားသမျှအပြစ်နှင့် အမျက်ဒေါသမှာ ကျွန်မအပေါ်သာလျှင် ပုံကျစရာရှိတော့၍ တွေးကြည့်သမျှ ဘယ်ဘက်ကမှ မကောင်းချေ။

သည်ကိစ္စကြောင့် ကိုကိုကြီးနှင့် အတူတူမပြန်ဘဲ နေရစ်ခဲ့ပြီး တောင်းပန်သော ကျွန်မဝတ္တရားကို ကျွန်မပြုခြင်းအတွက် ကျွန်မအား အပြစ်မထားဘဲ သက်ညှာချင်လည်း သက်ညှာလိမ့်မည်။

မသက်ညှာလျှင်လည်း သူ့ပိုင်နက်ထဲ သူပြုရာခံဖို့သာ ရှိသည်။

မစ္စတာအော့ဆူးသိလျှင် တူမကလေးအတွက် စိတ်ထိခိုက်လျက် မျှားစွာရှက်မည်ကို တင်ကြို၍ အတပ်သိနေသည်။

စိတ်ထိခိုက်သည့်အလျောက် ဒေါသအမျက်ထွက်မထွက်ကို တင်ကြို၍ အတတ်မသိချေ။

အိမ်ရှေ့ကားဆိုက်လျှင် အိမ်ထဲဝင်ရန် ရွံ့တွန့်တွန့်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှဆင်းလျက် ခြံဝင်းထဲလျှောက်လာသည့်အခါ၌ ကျွန်မတစ်ယောက်တည်းပါကလားဟု အားငယ်သွားသောစိတ်ဖြင့် ခြေလှမ်းပျက်သွားသည်။

တစ်တိုင်းတစ်ပြည်တွင် အပြစ်ကျ၍ အကျဉ်းထောင်ထဲဝင်ရတော့မည့်အတိုင်း စိတ်နှလုံး ငြိုငြင်သေင်းရဲစွာဖြင့် လေးလံစွာ အိမ်ထဲရောက်သွား၏။

ကျွန်မမှာ ဣန္ဒြေမဆည်နိုင်ချေ။ မျက်စိမျက်နှာမကောင်းဘဲ အပေါက်ဝအနီးရှိ ဆိုဖာကုလားထိုင်၌ ထိုင်ချလိုက်သည်။ စိတ်မချမ်းမသာပုံမှာ ဖုံးဖိ၍မရ၊ ဟန်ဆောင်၍မရ ဖြစ်နေသည်။

'မမလေးစံ ဘာဖြစ်သလဲ၊ ကိုကိုကြီး ပြန်သွားတာ စိတ်မကောင်းဘူးလား၊ ကျုပ်တို့လဲ မမလေးစံပြန်သွားရင် ဒီလိုပဲ စိတ်မကောင်းဖြစ်ကြရဦးမှာပဲ'

မစ္စတာအော့ဆူးသည် ထမင်းစားပွဲခုံ၌ထိုင်ကာ ခြေအိတ်ကို ကုန်းချွတ်ရင်း ကျွန်မဘက်သို့ ခေါင်းလှည့်ပြောနေသည်။ ယိုကိုမှာ အဝတ်လဲရန် အိမ်ထဲသို့ တန်းဝင်သွားသည်။

မစ္စတာအော့ဆူး၏ မျက်နှာကို ဝမ်းနည်းစွာ စိုက်ကြည့်နေလျက် ဘာမှပြန်မပြောနိုင်ချေ။

ခတ်ပုံရိုက်ခါနီး ငြိမ်ကြည့်နေသလို ငြိမ်လျက် လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃၅ ]

ကျွန်မငြိမ်ပုံကြည့်ပုံ ထူးခြားနေသဖြင့် မစ္စတာအော့ဆူးသည် ထလာကာ ကျွန်မရှေ့ လက်နောက်ပစ်လျက် လာရပ်သည်။

ကိုယ်ကြီးကို ကုန်းကာ မျက်နှာကို သေသေချာချာ လာကြည့်သည်။

ကြည့်ပြီး ကုန်းထားသောကိုယ်ကို ဆန့်လျက် တဟားဟား ရယ်လိုက်လေသည်။

ရယ်ပြီး ယိုကိုကို ဟစ်ခေါ်လိုက်သည်။ ယိုကိုသည် ပြေးထွက် လာသည်။

'မမလေးစံကိုကြည့်စမ်း၊ ဝမ်းနည်းနေတယ်၊ အကျီသွားပြင်လိုက်ဦး သွား. . . သွား တို့ရုပ်ရှင်သွားကြစို့'

မစ္စတာအော့ဆူးသည် အင်္ဂလိပ်လိုပြောလိုက်ကာ ထမင်းစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ပေါ် ပြေးထိုင်ချလိုက်သည်။

ပျာလောင်ခတ်သွားသော အမူအရာများဖြင့် ကော်ဇော်ပေါ်၌ ချွတ်ချထားသော ခြေအိတ်ကိုစွပ်ရန် ကုန်းကောက်လိုက်သည်။

ယိုကိုမှာ ရုတ်တရက်မသွားသေးဘဲ ကျွန်မမျက်နှာကို လှမ်းကြည့်လိုက်သည်။

'ကျွန်မ ရုပ်ရှင်မကြည့်ချင်ဘူး၊ ဒီနေ့ည ဘယ်မှမသွားချင်ဘူး၊ ယိုကိုညစာထမင်း ပြင်ဆင်ကြစို့'

ကျွန်မမှာ ဆိုဖာပေါ်မှ ကပျာကယာထလျက် ယိုကို၏ပခုံးကို သွားဖက်ကာ အိမ်ထဲသို့ ဆွဲသွင်းသွားသည်။

မစ္စတာအော့ဆူးမှာ ကျွန်မကို လှမ်းကြည့်ကာ 'အောရိုက်'ဟု ဆိုလျက် တဟဲဟဲရယ်ကျန်ရစ်ခဲ့သည်။

ကျွန်မတို့နှစ်ယောက် မီးဖိုထဲမှ ထမင်းဟင်းပန်းကန်များကို တယောက်တစ်လက် ယူထုတ်ကြပြီး စားပွဲပေါ်၌တင်ကြသည်။

မစ္စတာအော့ဆူးမှာ ရေဒီယိုဖွင့်နေသည်။ စားပွဲပေါ်သို့လာချသော ဟင်းခွက်များကို တပြုံးပြုံးနှင့် တစ်ခွက်စီ လိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

# [ ၃၆ ]

'မမလေးစံ၊ အမဲသားဘူးဖောက်မလား၊ ခရမ်းချဉ်သီးလဲပါတယ်၊ ပဲသီးဘူးလဲ ဖောက်ရအောင်'

ဂျပန်ပြည်မရောက်ခင် ကျွန်မအတွက် စားစရာ သောက်စရာ အနောက်နိုင်ငံ ပစ္စည်းဘူး ပုလင်းအမျိုးစုံ တစ်ပုံတစ်ပင်ကြီး ဝယ်ကာ အခန်းထဲ၌ လှောင်ကျင်းထားလေသည်။

သူသည် ဒရိန်းပြသလို လက်ကို တစ်ဖက်တစ်ဖက်ယမ်းကာ ခြေလှမ်းစိပ်စိပ်ပြေးနည်းဖြင့် အခန်းထဲသို့ပြေးဝင်သွားသည်။ မီးဖိုထဲတွင် ဘူးများဖောက်လျက် ဒယ်အိုးထဲ၌ ထည့်ကြော်နေသည်။

စောစောက ကျွန်မ မတုန်မလှုပ် ဝမ်းနည်းနေခြင်းကို စိတ်ပြေပျောက်သွားအောင် ပျော်ပျော်ရွှင်ရွှင် ဖြစ်လာအောင် အထူးဂရုစိုက်လျက် အတတ်နိုင်ဆုံး ကြိုးစားနေသော သူ့အမူအရာများမှာ ဟစ်ငိုချင်စရာကောင်းအောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းစားကြစဉ် အခါတိုင်းညထက် ရယ်စရာမောစရာများ ပိုပြောနေ၏။

ကိုကိုကြီးအကြောင်းကို မေ့သွားအောင် တစ်လုံးမှမပြောအောင် သတိထားသည်။

ထမင်းကို ဟုတ်တိပတ်တိ မစားလှဘဲ မမောမပန်း ပြောလိုက်သည့် ရှေးဖြစ်နောက်ပေါင်းတွေမှာ မဆုံးနိုင်ချေ။

ပြောပြောပြီး တဟားဟားရယ်သည်။

စကားပြောရင်း လက်ကလည်းမငြိမ်၊ ကျွန်မထမင်းပွဲထဲသို့ တူနှစ်ချောင်းဖြင့် ဟင်းဖတ်တွေယူထည့်ပေးရာ ထမင်းပင် ဖုံးနေလေသည်။

၂-နာရီလောက်ကြာအောင် စကားပြောရင်းထမင်းစားသည်။

စားပြီး ယိုကို ပန်းကန်များ သိမ်းယူသွားပြီး၍လည်း စကားကြောမပြတ် ပြောတုန်းပင်၊ မီးဖိုထဲတွင် သိမ်းဆည်းပြီး၍ ယိုကိုထွက်လာကာ ကျွန်မတို့အနားတွင် တစ်အောင့်လာထိုင်နေပြီးနောက် အိပ်ရာများပြင်ရန် အခန်းထဲသို့ ဝင်သွားသည်။

ကျွန်မမှာ သူ့စကားကြောပြတ်ရန် ဖွင့်ပြောရမည့်အတွက်ကို စောင့်ကြည့်နေရသည်။

ရယ်စရာပြောနေ၍ မရယ်မိလျှင် သူက 'မမလေးစံ မရယ်ပါလား၊ ရယ်စရာ မကောင်းလို့လား'ဟု ပြောလိုက်သေးသည်။

သူ့တစ်သက်တာတွင် မှတ်မှတ်ရရ တစ်ခါပဲ မျက်ရည်ကျသည်ဟု ပြောသည်။

ကျွန်မက ငေးငိုင်လျက်နေကာ 'ဘာဖြစ်လို့လဲ'ဟု မမေးမိ၍ 'မမလေးစံ မသိချင်ဘူးလား' ဟု မေးပြန်သည်။

'သိချင်ပါတယ်၊ ပြောပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ့်မိတ်ဆွေ ဂျပန်မကလေးတစ်ယောက်ရှိတယ်၊ သိပ်ချော သိပ်လှတာပဲ၊ ကျုပ်နဲ့ အင်မတန်ခင်တယ်၊ သူ့အိမ်ထောင်ကျသွားပြီး ကျုပ်နဲ့ အကြာကြီး ကွဲသွားကြတယ်၊ တစ်နေ့ သူနဲ့လမ်းပေါ်မှာ ပြန်တွေ့တော့ သူ့ကို ကျုပ်လုံးလုံး မမှတ်မိဘူး၊ သူက ကျုပ်ကို လာနှုတ်ဆက်တယ်၊ သူ့မျက်နှာမှာ ပါးတစ်ခြမ်း ဖြတ်ထားတဲ့ဒဏ်ရာ အနာရွတ်ကြီးနဲ့ ဖြစ်နေတယ်၊ ကျုပ်က သူမှန်းသိတော့မှ အံ့သြသွားပြီး မျက်နှာမှာ ဘာဖြစ်တာလဲလို့ မေးလိုက်တယ်။

'သူ့ဒဏ်ရာဟာ အင်မတန် ကြေကွဲစရာကောင်းတယ်၊ အင်မတန် လှလွန်း ချောလွန်းလို့ သူ့ယောကျ်ားက ဒိပြင်ယောကျ်ား သူ့ကို မြင်ရင် ကြိုက်သွားမှာစိုးရိမ်ပြီး မျက်နှာကို အရုပ်အဆင်းပျက်သွား အောင် ကတ်ကြေးနဲ့ထိုးထားတာ၊ ကျုပ်မှာ သနားလွန်းလို့ မျက်ရည်ကျ သွားတယ်၊ ဒီတုန်းက သူ့ယောကျ်ား အနားများရှိရင် ကျုပ်ခွင့်လွှတ် နိုင်မှာမဟုတ်ဘူး၊ ဆွဲထိုးမိမှာပဲ'

ကျွန်မမှာ ကျွန်မပြောရန် စကားကို စ,ပြောတော့မှပဲဟု စိတ်အားတင်းလိုက်ကာ စကားပျိုးလိုက်သည်။

'မစ္စတာအော့ဆူး လောကကြီးမှာ ခွင့်လွှတ်နိုင်စရာ မရှိတာမျိုး တွေ၊ ခွင့်လွှတ်ဖို့မကောင်းတာမျိုးတွေ အများကြီးပဲရှိတာပဲ၊ ရှင်လဲ ရှင့်ဘက်က ဒါမျိုးတွေတွေ့ခဲ့မှာပဲ၊ ကျွန်မလဲ ကျွန်မဘက်က ဒါမျိုး တွေ တွေ့ကြုံခဲ့ဖူးတာပဲ၊ မတွေ့မကြုံချင်ဖေမယ့်လဲ တွေ့ရတာပဲ'

မစ္စတာအော့ဆူးသည် တစ်ချန်လုံး စကားမပြောဘဲနေသော ကျွန်မ စကားပြောလာပြီဖြစ်၍ ကျွန်မပြောတာတွေ နားထောင်ရန် သူ့ဘက်က အနားယူသွားသောဟန်ဖြင့် ကိုယ်ကို ခပ်လျော့လျော့ ပြင်ထိုင်လျက် အေးအေးဆေးဆေး စီးကရက်မီးညှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃၃ ]

ကျွန်မရင်ထဲခုန်လွန်း၍ တော်တော်နှင့် ဆက်မပြောနိုင်ဘဲ ဖြစ်နေသည်။

မစ္စတာအော့ဆူးမှာ စီးကရက်သောက်နေလျက် ဆက်ပြောရန် မျှော်လင့်ကာ စောင့်နေလေသည်။

ကျွန်မမှာ အပြောရခက်လွန်း၍ ပါးစပ်က မထွက်နိုင်ဘဲဖြစ်နေသဖြင့် ပြောဖြစ်အောင် အတင်းတွန်းပေးနေရသည်။

'ကိုကိုကြီးနဲ့ ကျွန်မအတူတူမပြန်ကြဘဲ ချန်နေရစ်ခဲ့တာဟာလဲ ခွင့်လွှတ်ဖို့မကောင်းတဲ့ အပြစ်တစ်ခုရှိလို့ ဒီအပြစ်ကို ခွင့်လွှတ်ဖို့ရာ တောင်းပန်ဖို့အတွက် ကျွန်မနေခဲ့ရတယ်'

မစ္စတာအော့ဆူး၏ လျှောထိုင်နေသောကိုယ်မှာ ချက်ချင်း မတ်သွားကာ ခေါင်းကိုရှေ့သို့ ဆန့်ထုတ်လိုက်လျက် ကျွန်မအား



www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်စွာ စိုက်ကြည့်လိုက်သည်။

'မမလေးစံ ဘာအကြောင်းများလဲ'

ကျွန်မမှာ သူနှင့် မျက်လုံးလွှဲလိုက်သည်။

စားပွဲပေါ်သို့ စိုက်ကြည့်လျက် မျက်နှာမှာ ဖျော့သွားလေသည်။

မောသလို အသက်ရှူနေမိသည်။

ခေါင်းထဲတွင် သွေးရောက်နေကာ တစ်ယောက်က လည်ပင်းကို ဖျစ်ညှစ်ထား၍ အစ်နေဘိသကဲ့သို့ အနေဆိုးသည် ဝေဒနာတစ်မျိုးကို ကျိတ်ခံစားနေရသည်။

ကျွန်မမှာ ဇွတ်မှိတ်လျက် ဆက်ပြောရ၏။

'ကျွန်မတို့ အိုဆာကာမြို့ မသွားခင်ညဘက် ယိုကို ကျွန်မကို ပြောပြတယ်၊ ကိုကိုကြီးစံက သူ့ကိုနမ်းတယ်၊ ရှင့်ကိုဒီအကြောင်း ဒီညကပြောပြမယ် သူပြောတယ်၊ အဲဒီညက ရှင့်ကိုမပြောပြဖို့ ကျွန်မ တောင်းပန်ထားတယ်၊ ဒီအကြောင်းကို ကျွန်မကိုယ်တိုင် ပြောပါ့မယ်လို့ ပြောထားတယ်၊ ရှင့်ကို ချက်ချင်းမပြောတဲ့အတွက် ယိုကို့မှာ အပြစ် ရှိခဲ့ရင် ဒီအပြစ်ဟာ ယိုကိုရဲ့ အပြစ်မဟုတ်ပါဘူး၊ ကျွန်မရဲ့ အပြစ် ပါပဲ၊ ကျွန်မကိုသာ အပြစ်ပေးပါ၊ ယိုကို့ကို အပြစ်မပေးဖို့ ကျွန်မလေး လေးနက်နက် တောင်းပန်ပါတယ်၊ ကိုကိုကြီးစံအတွက်လဲ သူပြုလုပ်တဲ့ အပြစ်ဟာ ကျွန်မအပြစ်ပဲလို့ ယူဆပြီး တောင်းပန်ချင်တာကြောင့် မပြန်ဘဲနေရပါတယ်'

ကျွန်မပြောနေစဉ် မစ္စတာအော့ဆူးသည် ဘယ်လိုမျက်နှာမျိုးနှင့် နားထောင်၍နေမှန်း လွန်စွာ သိချင်မြင်ချင်လျက် သူ့မျက်နှာကို မျက်လုံးပင့်၍မှ မကြည့်ဝံ့ချေ။

စားပွဲပေါ်သာ စိုက်ကြည့်ပြောနေရ၏။

ကျွန်မအသံမှာ အင်မတန်အားနည်းသော လူမမာ၏ အသံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေလျက် ပြောရင်းပင် တုန်ယင်နေမှန်း ပြန်ကြားနေရ၏။

ပြောပြပြီး ကျွန်မရင်မှာ ရိုင်းရိုင်းစိုင်းစိုင်းကြီး ခုန်လာလေသည်။

ပြောပြီး တစ်ခဏလောက် ဆိတ်ငြိမ်၍နေခိုက် မမျှော်လင့်ဘဲ ဖြုန်းခနဲ 'ယိုကို' ဟု ဟစ်ခေါ်လိုက်သော ဒေါသသံသည် ကျွန်မ နားထဲတွင် စူးသွားလျက် ကျွန်မတစ်ကိုယ်လုံး ဖြုန်းခနဲ ကြက်သီး ထသွားသည်။

ကျွန်မမှာ စားပွဲစိုက်ထားသော မျက်နှာကိုလည်း မရွေ့ဝံ့ဘဲ ကိုယ်ကိုလည်း မလှုပ်ဝံ့ဘဲ အသက်ကိုလည်း မရှူဝံ့ဘဲ ဖီး၍ကပ်လောက် ရှိသော မျက်နှာကလေးနှင့် ဖြစ်နေလေသည်။

မစ္စတာအောဲဆူးရှေ့မှောက်၌ ကိုယ့်ကိုယ်ကို ကိုယ်ရောင် အမျိုး မျိုးဖျောက်လျက် ပုန်းကွယ်၍နေမိ၏။

ယိုကိုသည် ပြေးထွက်လာကာ အခန်းဝ၌ တုံ့ရပ်သွားလျက် စားပွဲနားသို့ တဖြည်းဖြည်းကပ်လာ၏။'

ကျွန်မမျက်လုံးထဲတွင် ယိုကို၏ ခါးတစ်ပိုင်းသာလျှင် ဝင်ကာ မြင်ကာနေသော ခါးပိုင်းသည် အသက်မရှိသော ယိုကို၏ ခန္ဓာကိုယ် အပိုင်းတစ်ပိုင်းကဲ့သို့ အမြင်ရဆိုးနေသည်။

မစ္စတာအောဲဆူးသည် ယိုကိုဘက်သို့ လူရော ကုလားထိုင်ရော ဘရကြမ်း ဆွဲလှည့်လိုက်ကာ ဆူပွက်တော့လေ၏။

နေ့စဉ်ကြားနေကျ ဂျပန်စကားလုံးတွေထက် ခက်ခဲရှုပ်ထွေး သောစကားလုံးတွေဟု အောက်မေ့ရ၏။

ဂျပန်စကားသံတွင် လျှာဖျားမှ ထွက်သောအသံ၊ သွားမှ ထွက်သောအသံ၊ နှုတ်ခမ်းအဖွင့်အပိတ် အသံအမျိုးမျိုးအနက် ကြားနေကျ စကားသံမဟုတ်သော အာခေါင်ထဲမှ ဟပ်ထုတ်သံ၊ အာခေါင်ကျင်းသံ၊ လျှာလိပ်သံနှင့် ခရူးခရဲ ရှုရူးရှုရဲအသံတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးထက်တစ်လုံး တစ်သံထက်တစ်သံ မာခက်ထန်လျက်ရှိနေ၏။

သီဟာရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

[ ၃၈ ]

ကျွန်မကို ကျောကော့နေအောင် ကြိမ်ဒဏ်ရိုက်နေသည့်အတိုင်း ပင် ခက်ထန်စူးဝါးသော သူ့အသံများမှာ ကျွန်မအားရစရာမရှိအောင် ပြင်းပြင်းထန်ထန်ကြီး ထိမှန်လျက်နေတော့သည်။

ကျွန်မမှာ ဇက်ကျိုးသွားသလို ခေါင်းငိုက်စိုက်ကျသွားသည်။

ဒေါသနှင့် နာကြည်းချက်မှ တုန်ယင်ဝမ်းနည်းနေသော မစွတာ အော့ဆူး၏ အသံပြာ၊ အသံဝါ၊ အသံစိမ်း၊ အသံနက်တွေမှာ နား မချမ်းသာလွန်း၍ နားမှ သက်သာရန်ခေါင်းနှင့်သာ စင်းခံကွယ်ထားရ သည်။

ယိုကိုသည် ကြောက်ရွံ့တုန်လှုပ်သော အသံကလေးဖြင့် မေးသမျှဖြေသည်။

ယိုကို၏ အဖြေများကို ဆုံးအောင်မစောင့်၊ ယိုကိုအသံကလေး မှာ မစွတာအော့ဆူး၏ အသံနက်ကြီးထဲတွင် ထွေးလုံးရစ်ပတ် ပြခင်



www.burmeseclassic.com

www.burmeseclassic.com



နေကာ အသံနက်ကြီးကသာ ဖုံးသွားလေသည်။

မစ္စတာအော့ဆူးသည် ပြောရင်းပြောရင်း ဆက်ခနဲ ထ,လိုက်ကာ ယိုကိုဘက်သို့ လက်ကိုဆန့်လိုက်သည်။

ကျွန်မမှာ ဆတ်ခနဲခေါင်းမော့မိလိုက်ကာ နေရာမှကျုံးထလျက် ဆန့်လိုက်သော သူ့လက်ကို စားပွဲခုံစွန်းကျော်၍ လျှင်မြန်စွာ တအား လှမ်းဆွဲလိုက်သည်။

သူ့လက်ကိုဆွဲထားပြီး သူ့မျက်နှာကိုကြည့်လျက် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေလေသည်။ ပါးပေါ်၌ မျက်ရည်များ စီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃၉ ]

ရင်ထဲက မခံမရပ်နိုင်သောအသံဖြင့် ငိုသံပါပါ ပြောဆိုမိလေသည်။

'မစ္စတာအော့ဆူး . . . ကျွန်မရှင့်ကို တောင်းပန်တယ်မဟုတ်လား၊ ယိုကိုမှာ ဘာအပြစ်မှမရှိပါဘူး၊ ရှင့်ကို မပြောလို့ အပြစ်ပေးချင်ရင် ယိုကို့ကို အပြစ်မပေးပါနဲ့၊ ယိုကို့ကို လက်ဖျားနဲ့မှ မထိပါနဲ့၊ ပေးချင်တဲ့အပြစ်ကို ကျွန်မကိုပေးပါ၊ ကျွန်မခံယူဖို့ အသင့်ရှိပါတယ်'

မစ္စတာအော့ဆူးသည် မျက်လုံးစိမ်းစိမ်းကြီးဖြင့် ကမန်မကို တွေကြည့်ရင်း သူ့လက်ကို ရုန်းလိုက်လေသည်။ အသာကိုယ်ရှိန်သတ်သွားပြီး အလွန်ဝမ်းနည်းသွားသော ရှက်သွားသော မျက်နှာဖြင့် သူ့နောက်တွင်ရှိသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

မျက်လုံးမှာ တစ်စုံတစ်ခုကို အာရုံစိုက်ကြည့်နေသလို စိုက်ထားသျက် အသက်ကို ပြင်းစွာရှူ၍နေသည်။

သီဟာရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ယိုကို့ကို ကြည့်လိုက်သည်၊ ယိုကိုမှာ ကြမ်းပြင်ပေါ်တွင် ရောက်သွား၏။

ပိပိရိရိ ဒူးဆစ်ခေါင်းချိုးထိုင်ကာ ဘုရားဝတ်ပြုသလို ခါးကို ကုန်း၍ လက်ဝါးနှစ်ဖက် ရှေ့ဖြန့်ထောက်လျက် ခေါင်းနှင့်ကြမ်းနှင့် ထိလုမတတ် ငုံ့ဝပ်နေရှာသည်။

တစ်ယောက်က အသက်ကင်းမဲ့သကဲ့သို့ ကုလားထိုင်ပေါ်၌ ငုတ်တုတ်၊ တစ်ယောက်ကကြမ်းပြင်ပေါ်၌ ဝပ်လျှိုးလျက် ဖြစ်ပျက်နေကြသော မြင်ကွင်းမှာ လွန်လွန်မင်းမင်း စိတ်ထိခိုက်ဖွယ်ရာ ကောင်းလှသည်။

ကျွန်မရင်ထဲတွင် ဆို့နေကာ ကုလားထိုင်ပေါ်တွင် ပြန်ထိုင်လိုက်ရင်း ဝမ်းနည်းလိုက်သည့်ဖြစ်ခြင်းမှာ မျက်ရည်များ တပေါက်ပေါက် စိမ့်ကျလာသည်။

ထိုအတွင်း ကိုကိုကြီးကို သတိရလိုက်သည်။

ကျွန်မတို့ ဖြစ်ပျက်နေပုံကို မြင်စမ်းစေချင်သည်။

သူမှာ ဟိုတယ်ပေါ်၌ ချမ်းသာစွာ အိပ်စက်လျက်ရှိနေ၏။

သူများရှိလျှင် အခြေအနေ ဘယ်လောက်ဆိုးရွားမည်မသိ၊ သူမရှိတဲ့အတွက် ကောင်းပါတယ်ဟု အသည်းနှလုံးတွေ နာကျင်နေသည့်ကြားထဲမှ စိတ်ကိုဖြေရသည်။

ဆူညံနေပြီး တိတ်ဆိတ်သွားသောအတိတ်မှာ သုသာန်တစပြင်ကြီးကဲ့သို့ တိတ်သွားလေသည်။

ကျောထဲကပင် စိမ့်လာသည်။ မစ္စတာအော့ဆူးသည် ငုတ်တုတ်ကြီးထိုင်လျက် စိုက်နေသော မျက်လုံးစူးစူးမှာ အေးစက်စက်ကြီးရှိရာတွင် မျက်တောင်မခတ်၍ လန့်စရာကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်စကား ဆက်ပြောရန် သူ့ကို လှမ်းကြည့်လိုက်သည်။

လန့်စရာကောင်းလောက်အောင် စိုက်နေသော မျက်လုံးအေးအေးကြီးကြောင့် ပြောမည့်ပါးစပ်မှ ဆို့ပိတ်သွားရသည်။

နာရီဝက်ခန့် သည်အတိုင်းငြိမ်နေသည်။ သည်အတိုင်းစိုက်နေသည်။

ကျွန်မမှာ နေစရာမရှိအောင် ခက်လာသည်။

ဘာမှန်းမသိ မလှုပ်ရှားဘဲ မျက်တောင်မခတ် စိုက်နေပုံမှာ သည်းမခံနိုင်လောက်အောင် အနေရအထိုင်ရ ကျပ်သထက် ကျပ်လာသည်။

ကျွန်မအဖို့ သည်းမခံနိုင်၍လည်းမဖြစ်၊ သည်းခံပြီး သူငြိမ်နေသလို ငြိမ်နေရမည်သာဖြစ်သည်။

သူစကားပြောမှ ပြောရတော့မည်။ သူထသွားမှ ထရတော့မည်။

သူ့အငြိမ်သည် ကျွန်မကို ကူးစက်အောင် ညှို့နေသည်။

ကျွန်မပါ ကျောက်ရုပ်လို ငြိမ်သက်နေရတော့သည်။

ဖျတ်ခနဲ လှုပ်ရှားသွား၍ မျက်လုံးလည်ကြည့်လိုက်သည်။

ယိုကိုသည် ဝပ်လျှိုးနေရာမှ ကုန်းထလျက် ခါးကို မဆန့်ဘဲ ကုန်းနိုင်သမျှကုန်းလျက် ကျုံ့နိုင်သမျှကျုံ့လျက် အိမ်တွင်းသို့ ခြေသံမကြား နောက်ဆုတ်လျှောက်ကာ ဝင်သွားသည်။

ကျွန်မမှာ လူမလှုပ်ဘဲ မျက်လုံးသာ လှုပ်ရွေ့၍ ယိုကိုပျောက်ကွယ်သွားသည်အထိ မျက်လုံးထောင့်ကပ်လျက် ကြည့်နေလိုက်သည်။

ယိုကိုဝင်သွားလျှင် စိတ်ထဲတအားငယ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းဖြစ်မှ သူ့ငြိမ်ပုံနှင့်သူ မျက်လုံးကို လှမ်းကြည့်လိုက်ကာ စိတ်ချောက်ချားလာသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၄၀ ]

သူ့နားတွင် ကျွန်မရှိသည်ကို ပမာမထားဘဲ သည်လောက်ကြာအောင် ငြိမ်သက်နေပုံသည် ကျွန်မကို တစ်မျိုးတစ်ဖုံ ခြောက်လှန့်ပြနေသည်နှင့် တူသည်။

နာကြည်းလွန်း၍ ကျွန်မပေါ်တွင် ဘယ်ကဲ့သို့ အရေးယူအပြစ်ပေးရန် သို့မဟုတ် ကလဲ့စားချေရန် အကြံယူနေသလားဟု အထင်အမြင်များလာကာ ရွံ့ရတော့မလို၊ ကြောက်ရတော့မလို၊ ထပြေးရတော့မလို စိတ်ထဲ၌ ကယောင်ကတမ်းဖြစ်အောင် ချောက်ချားသည်ထက် ချောက်ချားလာသည်။

ချောက်ချားလာသောစိတ်ကို အားတင်းရလေသည်။

ကျွန်မပေါ် သစ္စာရှိမှု၊ ယဉ်ကျေးမှု၊ ခင်မင်ကြင်နာမှုတွေကို ပြန်အားကိုးရကာ အားတင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



အားသာတင်းနေရသည် သူ့ကို တစ်ဖန်ပြန်၍ မကြည့်ဝံ့၊ ကြည့်မိလျှင် အားတင်းထားသောစိတ်များ လျော့သွားမှာ စိုးရိမ်နေမိသည်။

သူ့အနားတွင် ကျွန်မကဲ့သို့ ငြိမ်သက်နေကြသော စားပွဲခုံတွေ၊ ပန်းအိုးတွေ၊ ကုလားထိုင်တွေကို အဖော်စပ်၍ တစ်ခုစီ လိုက်ကြည့်မိသည်။

ဗီဒိုပေါ်မှ မခို့တရို့ ထီးကလေးကိုင်ထားသော ဂျပန်မကလေးမှာ ဂျပန်အိမ်ကလေးထဲတွင် အကျဉ်းအကျပ် ကျနေသော ကျွန်မကို စိတ်အားငယ်အောင် ဆွနေသလိုပင် လှောင်ပြောင် ပြုံးနေတော့သည်။

ကျွန်မရှေ့တည့်တည့် ခန်းဆီးအပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ကိုယ့်ပြည် ကိုယ့်အရပ်ဒေသနှင့် မိုင်ပေါင်းများစွာ ရှည်လျားသော အမှောင်ထုကြီးကို မြင်ရ၍ ရင်ထဲတွင် ရှိုက်ဖိုလျက်ရှိနေသည်။

အမှောင်ထုကြီးထဲတွင် ကျွန်မအိမ်ရှိရာဆီသို့ တရွေ့ရွေ့သွားနေသော စိတ်ကိုပြန်ခေါ်လိုက်ရကာ လတ်တလော ဖြစ်ပျက်နေသော အဖြစ်အပျက်ထဲသို့ မျက်မှောက်ပြုစေရန် မစ္စတာအော့ဆူးကို အားတင်း၍ ကြည့်ခိုင်းလိုက်သည်။

စောစောက စက်ဆုပ်ရွံရှာ သယောင်ယောင် ရှိနေသည်ဟု စိတ်ကထင်မှတ် ယူဆထားသော သူ့မျက်နှာမှာ ဆွေးမြည့် ဝမ်းနည်းနေသယောင် စိတ်က ထင်မှတ်ယူဆရပြန်ကာ ထင်မြင်ယူဆသည်နှင့် တစ်ပြိုင်နက် ကျွန်မမှာ သူ့နေရာကနေ၍ သူကဲ့သို့ ဆွေးမြည့်ဝမ်းနည်း သွားပြန်သည်။

ကိုယ့်အိမ် လာတည်းခို၍ ဝတ္တရားရှိသလောက် ပြုစုကာ



www.burmeseclassic.com

www.burmeseclassic.com



အတတ်နိုင်ဆုံး ကိုယ့်ဘက်က ကောင်းပါလျက် ကျွန်မသည် သူ့နေရာကနေ၍ သူ့အနေမျိုး ငြိမ်သက်လျက်၊ သူ့အနေမျိုး စိုက်နေလျက် သူ့အနေမျိုးတွေးလျက်၊ သူ့အနေမျိုး ဝမ်းနည်းနေလေသည်။

သူ့နေရာကနေ၍ ဝမ်းနည်းဆွေးမြေ့နေရာမှ ကျွန်မနေရာသို့ကူး၍ သူ့စိတ်ထဲ အကယ်ပင် ဆွေးမြေ့ ကြေကွဲမှုများ နေသလားဟု တွေးထင်ကြည့်လိုက်လျှင်ပင် စိတ်ထိခိုက်သွား၍ ရှိုက်၍သာ ငိုလိုက်ချင်လေသည်။

ငြိမ်သက်နေသော သူ့ရှေ့၌ မရှိုက်မိအောင် အသံမထွက်မိအောင် စိုးရိမ်ခြင်းတစ်ဝက်ဖြင့် စိတ်ကိုချုပ်လျက် ခုံပေါ်တင်ထားသော လက်မောင်းပေါ်သို့ ခေါင်းကိုအသာကလေး မှောက်ချလိုက်သည်။

ခဏကြာလျှင် မစ္စတာအော့ဆူး ထလိုက်သလို ထင်ရသည်။

ကျွန်မမှာ လိပ်ပြာအလိုလိုငယ်နေလျက် နေရာမှထလိုက်သည် ထင်သည်နှင့် တုန်လှုပ်သွားကာ ခေါင်းမထောင်ဝံ့၊ မကြည့်ဝံ့အောင် ဖြစ်နေသည်။

ကြည့်ချင်မြင်ချင်လျက်ပင် ဇွတ်ပေငုံ့နေရသေးသည်။

အသံအနည်းငယ် ဝေးသွားသယောင်ယောင် ထင်မှတ်ရမှ ခေါင်းကို မရဲတရဲ ထောင်ကြည့်လိုက်သည်။

ခြေဖျားထောက်လျက် ကုပ်ချော်ချောင်းချောင်းဖြင့် အတွင်းသို့ ဝင်သွားသော မစ္စတာအော့ဆူး၏ နောက်ပိုင်းသဏ္ဌာန်ကို မြင်လိုက်ရသည်။

အခန်းတံခါးပိတ်သံလည်း ကြားလိုက်ရသည်။

ကျွန်မကို ဘာမှမပြောမဆိုဘဲ ထဝင်သွားပုံမှာ ရှုံမုန်းသွားခြင်းကြောင့်ပဲဟု တွေးထင်ကာ ရင်ထဲအောင့်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတစ်ယောက်တည်း အိမ်ရှေ့ခန်း၌ ကျန်ရစ်ခဲ့သည်။ ကျွန်မရင်ထဲ ဟာ၍သွားသည်။

နာရီကိုကြည့်လိုက်ရာ လေယာဉ်ပျံပေါ်သို့ ကိုကိုကြီးတက်ရန် သုံးနာရီလောက်သာ လိုတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၄၁ ]

မဖြစ်သင့်တာတွေ ကြုံဖန်ပြီး ဖြစ်ပျက် ကြုံတွေ့နေကာ သူများအတွက်ဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲရနှင့် ရှိ၍ အဆင် ပြေခဲ့သော ကျွန်မဘဝအဖြစ် အထွေထွေကို နှလုံးသွင်းလျက် ကိုယ့်ကြမ္မာကိုယ် မုန်းတီးသွားလေသည်။

လွှင့်ပစ်ရသော ပစ္စည်းသာဆိုလျှင် လွှင့်ပစ်လိုက်ချင်အောင်ပင် ကိုယ့်အပေါ် ကိုယ်ရွံသွားလေသည်။

'ကိုယ်နဲ့ဘာဆိုင်တာလိုက်လို့' အနေသာကြီး သူ့ဦးလေး သူ့ဟာသူပြောပစေပေါ့၊ ပြောလို့ အခြေအနေဆိုးရွားရင် ကိုကိုကြီးဟာ ကိုကိုကြီး သူ့အပြစ်သူခံပေါ့'

အမှန်စစ်စစ် ကျွန်မမှာ ဤလိုစိတ်မျိုး မွေးနိုင်ထားနိုင်သည်လည်းမဟုတ်ဘဲ မမွေးနိုင်သည့်စိတ်ကို မွေးနိုင်ထားနိုင်သကဲ့သို့ လည်းစားကာ သည်စိတ်မျိုး မွေးကြည့်ထားကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂ မွေးကြည့်လိုက်သော ထိုစိတ်မှာ တဒင်္ဂမျှသာခံလျက် တဒင်္ဂမျှသာကြာလျက် နဂိုစိတ်ရင်းစိတ်မှန်က ကြာကြာမခံအောင် တိုက်ထုတ်လိုက်လေ၏။

တိုက်ထုတ်လိုက်ပြီး 'ကိုယ်က တာဝန်ယူပြီး ကိုယ်က ရင်ဆိုင်တာပဲ ကောင်းပါတယ်လေ' ခံနိုင်ရည်ရှိရန် အားဖြည့်ပေးနေသည်။

အိမ်ရှင်တို့သည် ကျွန်မအား အိမ်ရှေ့ခန်း၌ထားခဲ့ကာ မျက်နှာလွှဲသွားကြသည်။

အခန်းထဲမှ မည်သူမျှထွက်မလာကြ၊ စောစောပိုင်းက အိမ်ရှင်၏ တယုတယအရေးပေး ဂရုစိုက်ခံနေရလျက် ယခုသော် မျက်နှာလွှဲသွားတော့သဖြင့် ခံစားမှုမှာ အပြောင်းအလဲမြန်လေသည်။

လူ့လောက လမ်းကြောင်းကြီးတွင် သာယာမှုမရှိလိုက်၊ မသာယာမှုရှိလိုက်၊ အခက်အခဲတွေ ကျော်နင်းလိုက်နှင့် ဘယ်အရာမျှအတည်မမြဲ ခံစားစံစားနေရသည်မဟုတ်ပုံကို တွေးလိုက်မိသည်။

ကျွန်မတို့ အိပ်ခန်းထဲတွင် ယိုကိုစီပ်ပျော်နေ၍ ထွက်မလာသလားဟုတွေးကာ ယိုကိုရှိရာသို့ ထသွားချင်သည်။

ကျွန်မအိပ်ခန်းသို့သွားလျှင် မစ္စတာအော့ဆူးအခန်းကို ကျော်သွားရမည်။

အပြင်ခန်းက မီးတွေလည်း ပိတ်ခဲ့ရမည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၄၂ ]

မှောင်ထဲတွင် မစ္စတာအော့ဆူးအခန်းကို ဖြတ်ကျော်သွားရန် အလိုလို သွေးလန့်နေသည်။

အပြင်ခန်းမှ မီးခလုတ်ကို ပိတ်ရကောင်းမကောင်းချိန်နေပြီးမှ စွန့်စား၍ ပိတ်လိုက်ကာ ကျွန်မအခန်းသို့ လျင်မြန်သော အဟုန်ဖြင့် ခြေသံမကြား ကျော်ဖြတ်ပြေးလေ၏။

အခန်းတံခါးကို အသာကလေး ဆွဲဖွင့်လိုက်သည်။

ယိုကိုသည် မီးမပိတ်ဘဲ ကျွန်မအိပ်ရာပေါ်၌ ကိုယ်တစ်ပိုင်း တင်လျက် ကျွန်မကိုစောင့်ရင်း အိပ်ပျော်နေသည်။

အိပ်ရာတစ်ခြမ်း၌ထိုင်လျက် ယိုကိုပခုံးကို ကိုင်လှုပ်လိုက်သည်။

ယိုကိုသည် ငေါက်ခနဲ ထထိုင်လိုက်လေသည်။

ကျွန်မကိုဖက်ကာ မျက်ရည်အသွယ်သွယ် ကျလာသည်။

မျက်ခွံကြီးများမှာ အကြည့်ရဆိုးအောင် အစ်မို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးပေါ်တွင် တွင်တွင်စီးကျနေသော မျက်ရည်တွေကို ကျွန်မက ယုယုယယ သုတ်ပေးလိုက်သည်။

မစ္စတာအော့ဆူး၏ အခန်းကို လက်ညှိုးထိုးကာ အသံမထွက်ရန် လက်ရိပ်ခြေရိပ် ပြလိုက်သည်။

စကားကို လေသံဖြင့်ပင် မပြောဝံ့၍ မငိုရန် လက်ဟန်ခြေဟန် အမူအရာဖြင့် ချော့နေရသည်။

အိပ်ရာပေါ်၌လှဲချလျက် ကျွန်မဘေးတွင်လှဲရန် လက်နှင့် ပြလိုက်သည်။

ယိုကိုသည် ကျွန်မရင်ဘတ်ပေါ်၌ ခေါင်းလာတင်ကာ ကျွန်မကိုဖက်လျက် လှဲခွေရင်း အသံမထွက်အောင် ကျိတ်ရှိုက် နေသည်။

သူ့ပါးပေါ်မှ မျက်ရည်တွေကို စမ်းသုတ်ပေးရလေသည်။

ဆံပင်လေးများ သပ်ပေးနေမိကာ ကျောကို ပုတ်လျက် အိပ်ပျော်အောင် သိပ်နေရစဉ် နားနှစ်ဖက်ကို အအားမထားဘဲ စွင့်ထားရသည်။

မစ္စတာအော့ဆူးအခန်းမှ အသံကြားရအောင် စွင့်ထားသည်။ ဘာမှအသံ မကြားရ၍ အိပ်ပျော်နေလျှင် ကြားရမည့်အသက်ရှူသံကို ကြားရလို ကြားရငြား တတ်နိုင်သရွေ့ အစွမ်းကုန် စွင့်ကြည့်လိုက်သည်။

အသက်ရှူသံပင် မကြားရအောင် တိတ်ဆိတ်နေ၏။

ကျွန်မမှာ တခဲနက် တိတ်ဆိတ်နေသည့်အတွင်း မစ္စတာအော့ဆူး အခန်းမှ အသံတစ်သံကို စောင့်၍နေသည်။

ကျွန်မ စောင့်နေသော အသံမှာ မပေါ်လာ၊ ဘာသံမှမကြား ရ၍ စိတ်တပူပူဖြင့် ကတုန်ကယင် ဖြစ်နေလေသည်။

ထိုအတွင်း မဟုတ်မဟတ် တွေးပူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အခန်းတံခါးကို တိတ်တိတ်ကလေး လာဖွင့်လျက် ရှက်ရမ်း ရမ်းမလားဟု အတွေးခေါင်ခေါင်နှင့် အဆိုးဘက်မှလမ်းရှိသလောက် လျှောက်တွေးပူနေလျက် ခြေဖျားလက်ဖျားများ အေးစက်နေသည်။

ကျွန်မဖြစ်နေပုံမှာ ဘယ်လိုမှ စိတ်မလုံပဲ ကြောင့်ကြပူပန် စိုးရိမ်နေသည်။

ကြောက်ရွံ့ စိုးရိမ်နေစဉ် ကျွန်မကို ယိုကိုက ဖက်ထား၍သာ အတန်ငယ် သက်သာ ခံသာရာ ရ မိ၏။

ကျွန်မနားကို တစ်ဖက်ခန်းသို့ အရမ်းနားစွင့်ထားစေပြီးလျှင် တံခါးပေါက်သို့ မျက်လုံးအပြူးသား စိုက်ထားလျက် ယိုကိုကို ပြန်ဖက်ထားရင်း မိုးလင်းရလေတော့၏။

ယိုကိုသည် သူ့ခေါင်းကို တဖြည်းဖြည်းမ,လျက် ကျွန်မမျက်နှာကို ကြည့်လိုက်သည်။

ကျွန်မက အားယူကာ ပြုံးပြလျက် စိုက်ကြည့်နေသည်။

သူသည် အလွန်စိုးရိမ်သော အမူအရာဖြင့် အသံမကြားအောင် ဖော့၍ထ၏။

အခန်းတံခါးကို အသံမမြည်အောင် အကြာကြီး ဆွဲဖွင့်နေ၏။

တံခါးပွင့်သွား၍ အပြင်ဘက်မှ လင်းရောင်ခြည်ကိုမြင်မြင်ချင်း 'ကိုကိုကြီးလေယာဉ်ပျံ ထွက်သွားပြီ' ဟူစာစ်နည်းအားဖြင့်ကျွန်မရင်ထဲ ပေါ့ပါးသွားသည်။

ယိုကိုသည် ကျွန်မကို မထရန် အိပ်နေရန် လက်ရိပ်ပြလျက် ချွတ်နင်း နင်းကာ အခန်းအပြင်သို့ ထွက်သွားသည်။

ကိုကိုကြီးမှာ သွားပြီဖြစ်၍ သူ့အတွက် လွတ်သွားလေပြီ။

ကျွန်မအတွက်၊ ကျွန်မအရေး စဉ်းစားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ည ကာတောင်းပန်ခြင်းကိစ္စမှာ မပြီးမပြတ်သေးချေ။

ကျွန်မအား ဤအမှုအတွက် ဘယ်ပုံဘယ်နည်း စီရင်ချက်ချမည်မသိ၊ ယနေ့နံနက် မျက်နှာချင်းဆိုင်ရတော့မည်။

ကျွန်မက မစ္စတာအော့ဆူး အခန်းထဲမှ ထွက်မလာခင်ကြိုတင်၍ ဧည့်ခန်းထဲ၌ ထိုင်စောင့်နေမှ ကောင်းမည်ဟုတွေးကာ အိပ်ယာမှထလိုက်သည်။

နှင်းတွေဝေနေသောနံနက်ခင်း ဖြစ်သည်။

မိုးသားများမှာ မှောင်နေကာ အုံ့နေ၏။

ဧည့်ခန်းထဲ၌ ကျွန်မနှင့်တစ်စုတစ်ပေါင်းတည်းရှိသော အဖော်သဟဲများမှာ အရောင်အဝါမဝင့် မှေးမှိန်နေလျက် ကျွန်မနှင့်အတူလိုက်၍ ညှိုးမှိုင်းနေကြသည်။

ကျွန်မမှာ ခေါင်းထဲက အုံ့တုံ့တုံ့ နှင့် ဆိုဖာကြီးပေါ်တွင် ခေါင်းမှီတင်လျက် ခပ်ငေးငေး ထိုင်နေသည်။

ပြတင်းမှ တညင်းညင်း အေးမြစွာ တိုက်လာသောလေမှာ ရင်ထဲက အပူမီးကို ပင်ပေးနေသလိုပင် တမြိုက်မြိုက် လောင်ပူလျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၄၃ ]

ယိုကိုသည် တစ်မနက်လုံး အသံမပြည်အောင် သတိထား လျက် ညှော်ခန်းလှည်းရှင်း ဖုန်သုတ်နေသည်။

ကျွန်မတို့မှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ၊ လက်ရိပ်ခြေရိပ်ပြလျက် ပြောကြရသည်။

'ဦးလေး မထသေးဘူး အိပ်ပျော်နေတုန်းပဲ'

ယိုကိုသည် ဟန်အမူအရာနှင့်ပြသွားကာ မီးဖိုထဲသို့ ဝင်သွား သည်။

ညှော်ခန်းထဲ၌ တစ်ချိန်လုံး တစ်ယောက်တည်းထိုင်နေစဉ် လေယာဉ်ပျံပေါ်၌ စတိုင်ကျကျထိုင်နေသော ကိုကိုကြီးကို မြင်ယောင် နေသဖြင့် အိမ်ပြန်ချင်သောစိတ်မှာ ပြင်းပြလာလေသည်။

ကိုယ့်အရပ် ကိုယ့်အိမ်ကို လွမ်းနေတော့သည်။

နှင်းတပြိုက်ပြိုက်ကျလျက် အုံ့နေသော ကောင်းကင်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



အုံ့သထက် အုံ့မှိုင်းလာလျက် မိုးရွာချလိုက်သည်။

မိုးမှာ သည်းလိုက် စဲလိုက်နှင့် သုံးလေးကြိမ် ဆင့်ရွာလျက် ရှိနေ၏။

မိုးသံလေသံထဲမှာပင် မစ္စတာအော့ဆူး တံခါးဖွင့်မည့်အသံကို နားစွင့်လျက် အိမ်တွင်းသို့သာ စိုက်ကြည့်နေရသည်။

တရားခွင်အချုပ်ထဲမှ တရားခံတစ်ယောက် တရားသူကြီးကို စောင့်နေသလိုပင် မျက်နှာငယ်လှသည်။

ကျိုတိုဘူတာရုံ၌ မျက်ရည်အပြည့်နှင့် လက်ပြနှုတ်ဆက်ကျန်ရစ်ခဲ့သော မစ္စတာယူရှီးဒါး၏ မျက်နှာကို ကွက်ခနဲမြင်လိုက်မိသည်။

ဤအိမ်ထဲ၌ အကျပ်အတည်းကျနေသော ကျွန်မအဖြစ်ကို အဘိုးကြီးများသိလျှင် ဘယ်လောက်များ စိတ်မကောင်းဖြစ်မလဲဟု တွေးကာ မျက်ရည်တလည်လည်နှင့် ကိုဘီမြို့က အဘိုးကြီးကို သတိရနေလေ၏။

စားပွဲပေါ်၌ ယိုကိုပြင်ထားသော နံနက်စာများမှာ ရေခဲသေတ္တာထဲက ပစ္စည်းလိုပင် အေးစက်နေတော့ပေမည်။

မစ္စတာအော့ဆူးအား မစောင့်ဘဲစားရန်နှင့် ယိုကိုက လက်ရိပ်ခြေရိပ်ပြလာပြ၏။

ကျွန်မကခေါင်းခါလိုက်သည်။

နံနက် ၇ နာရီမှ နေ့ ၁၂ နာရီအထိ ဆိုဖာပေါ်မှ မထဘဲ ထိုင်နေသည်။

မစ္စတာအော့ဆူးမှာ ၁၂ နာရီအထိ အခန်းထဲမှ ထွက်မလာ။

ယိုကိုမှာ တစ်နေရာတွင် အငြိမ်မနေဘဲ သူ့ဦးလေးအခန်းထဲမှ မထွက်မချင်း ခွေးနေရာမရသလို ဖြစ်နေပေသည်။

ညက သူ့ဦးလေးနှင့် ပြောဆိုခဲ့ကြသည့် အချက်အလက်တွေ



www.burmeseclassic.com

www.burmeseclassic.com



သိချင်လျက် ကျွန်မအနားမကပ်ဘဲ စကားပင်ကျယ်ကျယ် မပြောဝံ့သလောက် ကြောက်နေ၍ မမေးရဲပေ။

ယိုကိုသည် ကျွန်မနားသို့ ရောက်လာကာ လက်ကိုဆွဲလျက် နံနက်စာစားရန် စားပွဲခုံကို အတင်းလက်ညှိုးထိုးပြနေသည်။ ကျွန်မမှာ အားနာစွာဖြင့် စားပွဲခုံနားသို့ထလာသည်။ ကျွန်မက သူ့ကို ထိုင်စားရန် အချက်ပြလိုက်သည်။

ခေါင်းခါလျက် ကျွန်မကိုသာ စားခိုင်းနေသည်။

နံနက်တိုင်း စိုစိုပြည်ပြည်နှင့် စားခဲ့ကြသော ထမင်းဝိုင်းကြီးမှာ ခြောက်ကပ်နေလျက် ကျွန်မတစ်ယောက်တည်း ဆိုသောအသိဖြင့် စားသမျှ မျိုသမျှ ရင်ထဲနင်နေလေသည်။

မစ္စတာအော့ဆူးသည် ခါတိုင်း နေမြင့်မွန်းတည့်မှထသည်ဆိုသော်လည်း ၁၀နာရီ၊ ၁၁နာရီ အလွန်ဆုံးဖြစ်သည်။

ယနေ့ နေ့တစ်နာရီထိုးသည်အထိ ထွက်မလာတော့၍ ကျွန်မမှာ စိတ်မကောင်းစွာဖြင့် အခန်းထဲသို့ ပြန်ဝင်သွားရတော့သည်။

သူခေါ်မှပဲ ထွက်တော့မည်။

မခေါ်သရွေ့ အခန်းထဲမှာပင် နေတော့မည်ဟု ပိုင်းဖြတ်လိုက်သည်။

အခန်းထဲရောက်၍ နာရီဝက်လောက်ကြာလျှင် သူ့အခန်းထဲမှ တံခါးဆွဲသံကို ကြားလိုက်ရသည်။

ကျွန်မမှာ လှဲနေရာမှ ထထိုင်ကာ အသံဗလံကို နားစွင့်နေသည်။

နားစွင့်နေသည့် တစ်ချိန်လုံး စကားပြောသံ တစ်ခွန်းမှမကြားရဘဲ ခြေနင်းသံသာလျှင် ကြားနေရ၏။

အတန်ကြာလျှင် ကျွန်မအခန်းသို့လာသော ခြေသံကိုကြားမိ၍



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို စိုက်ကြည့်လိုက်သည်။ တံခါးမှာ ပွင့်သွားကာ ယိုကိုအခန်းထဲသို့ ပြေးဝင်လာသည်။

'မမလေးစံ . . . ဦးလေးအပြင်ထွက်သွားပြီ'

ကျွန်မမှာ စိတ်အိုက်သွားလေသည်။

မျက်နှာချင်းမဆိုင်ချင်၍ ရှောင်ရှားသည့်သဘောဖြင့် ထွက်သွားသလောဟု ဝမ်းနည်းသွားသည်။

ကျွန်မရင်ထဲ လိပ်ခဲတည်းလည်းဖြင့် မတင်မကျဖြစ်လျက် ယိုကိုအား မေးလိုက်သည်။

'ဘာပြောသွားသလဲ၊ ဘယ်သွားမယ်ပြောသလဲ'

ယိုကိုသည် မျက်နှာပျက်လျက် ခေါင်းကိုခပ်လေးလေး ယမ်းကာ . . .

'ဘယ်သွားမယ် မပြောဘူး' ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၄၄ ]

'မင်းကို စကားတစ်ခွန်းမှ မပြောမသွားဘူးလား'

'ဦးလေး ကျွန်မကို စိတ်ဆိုးနေတယ်၊ စကားမပြောဘူး၊ ကျွန်မကလဲ သူမပြောတော့ စကားပြောဖို့ကြောက်တယ်၊ အိမ်ဝက ထွက်ခါနီးမှ မမလေးစံ နံနက်စာ စားပြီးပလားလို့မေးတယ်၊ ခေါင်းညိတ်တော့ ထွက်သွားတာပဲ'

ညကတစ်ညလုံး စိတ်မချမ်းသာ၊ ဒီမနက်လုံးလည်း စိတ်ညစ်လျက် ဖြစ်နိုင်လျှင် သည်အိမ်ပေါ်မှ ဆင်းသွားချင်သည်။

ကိုယ့်စိတ်ကိုလည်း ကိုယ်အစိုးမရ။ ကိုယ်သွားချင်တိုင်း သွားလို့သည်းမဖြစ်၊ သူ့ခွင့်မလွှတ်သရွေ့ သည်အိမ်ထဲ၌ အကျယ်ချုပ်နှင့်နေရမည်သာဖြစ်သည်။

အခန်းပြင်ဘက်သို့ ယိုကိုနှင့် ပြန်ထွက်လာကြကာ ဆိုဖာပေါ်တွင်ထိုင်ကြလျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်း နေကြသည်။

'ညက မင်းဦးလေး မင်းကို ဘာတွေပြောသလဲ၊ အရင်က မင်းပြောတော့ မင်းကိုစိတ်မဆိုးဘူးဆို၊ ညက သိပ်စိတ်ဆိုးပါလား'

'ဦးလေးက ကျွန်မကို စိတ်ဆိုးမှာပေါ့၊ သူ့ကို မပြောဘဲ မမလေးစံကို ဒီအကြောင်းပြောတဲ့အတွက် သိပ်စိတ်ဆိုးတယ်၊ မမလေးစံကို မပြောဘဲ ဦးလေးကိုသာ ပြောပြရင် ကျွန်မကို စိတ်ဆိုးမှာ မဟုတ်ဘူး'

ယိုကိုမှာ ပြောရင်း မျက်ရည်လည်နေလေသည်။

သူ့ဦးလေးက သူ့ကိုစိတ်ဆိုးသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းနေလေသည်။

စကားဆက်မပြောချင်သလိုပင် ဆိုဖာနောက်မှီတွင် ခေါင်းတင်လျက် မျက်လုံးမှိတ်ကာ လက်ကလေးပိုက်၍ ငြိမ်နေ၏။

ထမင်းစားပွဲခုံနားရှိ နှစ်ယောက်ထိုင်ဆိုဖာပေါ်သို့ ကျွန်မရောက်သွားသည်။

စိတ်ညစ်ညစ်နှင့် ပစ်လှဲလိုက်သည်။ ဖြူဖပ်ဖြူရော် ဖြစ်လျက် အသက်ကုန်နေသော မျက်နှာနှင့် စိတ်လက်မချမ်းမသာဖြစ်နေသော ယိုကို၏ အမူအရာများကို မမြင်ချင်သဖြင့် တစ်ဖက်သို့ လှည့်စောင်းနေလိုက်သည်။

ကောင်းကင်တွင် တိမ်များလွင့်၍ စုနေသလို ကျွန်မအတွေးတွေမှာလည်း တရွှတ်တိုက်လွင့်နေလျက် စုလိုက်၊ ကွဲလိုက်နှင့် တန့်နားခြင်းမရှိဖြစ်နေကာ လူမှာ မဖော်ပြနိုင်လောက်အောင် နွမ်းနယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၅၅ ]

အိမ်ရှေ့မှ တံခါးဆွဲသံကို ကြားလိုက်ရ၏။
ကျွန်မမှာ အားကုန်သလို ပျော့နေကာ မလှုပ်ဘဲနေ၏
အိမ်ထဲ လူဝင်လာသည်ကို သိသည်။
ကျွန်မအနား လူရောက်လာသည်ကို သိသည်။
ကျွန်မ၏ရင်ထဲတွင် တဒိန်းဒိန်းဖြင့် မျက်လုံးမဖွင့်ဘဲနေသည်။
'မမလေးစံ'
မစ္စတာအော့ဆူး၏ အသံဖြစ်သည်။
သူ့အသံမှာ မရဲတရဲအသံ၊ ညင်ညင်သာသာနှင့် စိတ်မကောင်းသံ ပါနေသည်၊
ကျွန်မ လှဲရာမှ ထ,ထိုင်လိုက်ကာ သူ့ကိုကြည့်လိုက်သည်။
ကျွန်မ မျက်နှာကို မကြည့်ချေ။
ခေါင်းကိုငုံ့ချလျက် ထမင်းစားပွဲမှ ကုလားထိုင်ကို အသာဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ ကျွန်မနှင့် မလှမ်းမကမ်း မျက်နှာချင်းဆိုင်တွင် ထိုင်ချလိုက်သည်။

သူ့ခေါင်းမှာ ငုံ့လျှိုးနေလေသည်။

အိုစာ၍ မှုန်သုန်နေသော သူ့မျက်နှာကို အကဲခတ်ကြည့်နေမိသည်။

'ကျုပ်ကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ဖို့ရာ တောင်းပန်ပါတယ်'

ကျွန်မ၏ မျက်လုံးမှာ ဝိုင်းဝိုင်းလည်နေလျက် ပါးစပ်ကလေး ဟ,နေကာ အံ့အားသင့်နေ၏။

ခွင့်လွှတ်ဖို့ရန် တောင်းပန်ရမည့်သူမှာ ကျွန်မဖြစ်လျက် သူက ဘာကိစ္စ သူ့ကိုခွင့်လွှတ်ရန် တောင်းပန်နေမှန်းမသိ၍ မစဉ်းစားတတ်သလောက် ဖြစ်သွားသည်။

'ညက ကျုပ် အများကြီးရှက်မိတယ်၊ ကျုပ်ကို မမလေးစံ တောင်းပန်ပါလျက်နဲ့ မမလေးစံရှေ့မှာ မချုပ်တည်းဘဲ ယိုကိုကို ဒေါသထွက်ပြမိတာ ကျုပ်လောက်ရိုင်းတဲ့လူ မရှိပါဘူး၊ ဒီအတွက် အများကြီး ဝမ်းနည်းတယ်၊ အများကြီးရှက်တယ်၊ ဒီလို ကျုပ်ပြုမူမိတဲ့ အတွက် ကျုပ်ကို ခွင့်လွှတ်ပါ'

သူကစ၍ တောင်းပန်ဝန်ချနေပုံနှင့် ယဉ်ယဉ်ကျေးကျေး တောင်းပန်ခံနေရပုံမှာ မည်မျှလောက် ရင်ထဲ တင်းကျပ်သွားသည်ကို သူသိမည်မဟုတ်။

ကျွန်မမှာ ဘာမှ ပြန်မပြောနိုင် အာစေးထည့်ထားသလို နှုတ်ဆွံ့လျက် လည်ချောင်းထဲ တစ်ဆို့နေ၏။

'ကျုပ်ကို ညကပြောပြတော့ ယိုကို့ကို သိပ်စိတ်ဆိုးသွားတယ် ဒီကိစ္စ မမလေးစံကို သူပြောတာမှားတာပဲ၊ မမလေးစံ ဂျပန်ပြည် လာလည်နေခိုက် စိတ်မချမ်းသာအောင် စိတ်ဒုက္ခသွားပေးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူတူပဲ၊ သူပြောချင်ရင် ကျုပ်ကိုသာ ပြောရမယ်၊ ကျုပ်သိရင် မမလေးစံ အနှောင့်အယှက် ဖြစ်မှာမဟုတ်ဘူး၊ ဒီကိစ္စ ကျုပ်ဝမ်းထဲ မှာပဲထားလိုက်မယ်၊ သူမလိမ္မာဘူး၊ ဒါကြောင့် သူ့ကို စိတ်ဆိုးသွားတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါ'

မစ္စတာအောဆူးသည် စိတ်မ ့မ်းမြေ့လှသည့် အသံနှင့် ပြော လျက် ကျွန်မကို မော့၍ ကြည့်လိုက်သည်။

ကျွန်မမှာ မောဟိုက်နေ၏။

ရေနစ်တော့မည့်ဆဲဆဲ တွယ်စရာရသွား၏ ရှိသမျှအားကို ညှစ်ထုတ်လျက် မိမိရရ တွယ်နေသူနှင့် တူနေ၏။

သူ့နေရာသူ ပြန်ရောက်လာသည့် အခြေအနေကို အားသွန် စိုက်လျက် မောဟိုက်စွာ ဆုပ်တွယ်ထားလေသည်။

'တစ်ညပတ်လုံး ကျုပ်စဉ်းစားတယ်၊ ကျုပ်တို့ အိုဆာကာ ရထားစီးတာတွေ၊ ခရီးသွားတုန်းလမ်းမှာ မမလေးစံ မျက်နှာမကောင်း တာတွေ ကျုပ်အားလုံး နားလည်သွားပါပြီ၊ ကျုပ်နဲ့ ယိုကိုပေါ်မှာ ကျုပ်တို့နဲ့ တစ်လူမျိုးတည်းလို ကျုပ်တို့နဲ့ တစ်သွေးတစ်သားတည်းလို မခွဲမခြားဘဲ မရွေးဘဲ မေတ္တာထားပြတဲ့ သဘောထားကို ကျုပ် အင်မတန် လေးစားပါတယ်၊ မမလေးစံ ကျုပ်ကို တောင်းပန်ဖို့မရှိ ပါဘူး၊ ကိုကိုကြီးစံအတွက်လဲ စိတ်အနှောင့်အယှက် ဘာမှမဖြစ်ပါနဲ့ ဝမ်းနည်းခြင်းလဲ မဖြစ်ပါနဲ့ မေ့လိုက်ခြင်းဟာ အကောင်းဆုံးပဲ'

ကျွန်မကိုယ်တွင် ကပ်နေသော စိတ်ဆင်းရဲမှုသည် ကိုယ်မှ ကွာကျသွားသလို တစ်ခါတည်း ကွာကျသွားသည်။

စိတ်လက်ကြည်သာ ပေါ့ပါးသွားသည့် တစ်ပြိုင်နက် နှုတ်သွက် လျှာသွက် ပြောနိုင်ဆိုနိုင် ဖြစ်လာသည်။

သူ့စကားမဆုံးခင် အတင်းဝင်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး. . . မဟုတ်ဘူး၊ ကျွန်မမမေ့နိုင်ဘူး မစ္စတာအော့ဆူး ဒီအကြောင်းကို တွေးမိတိုင်း အမြဲစိတ်မကောင်းဖြစ်ရမှာပဲ၊ ကျွန်မ မှတ်ဉာဏ်ထဲမှာ ဒီကိစ္စဟာ အမှတ်တရအဖြစ်ဆုံး ဖြစ်မှာပါပဲ'

'မဟုတ်ပါဘူး မေ့လိုက်ပါ၊ ကျုပ်အဖို့လဲ မေ့လိုက်မှာပဲ၊ ကိုကိုကြီးစံဟာ ကျုပ်ထက်အများကြီး အသက်ငယ်တယ်၊ ငယ်ရွယ်တဲ့ လူငယ်တွေဖြစ်တတ် ပျက်တတ်တဲ့ ခမ္မတာပဲ၊ ကျုပ်သူ့ကို စိတ်မဆိုး ပါဘူး၊ စိတ်ဆိုးဖို့ရာလဲ မကောင်းပါဘူး၊ လူငယ်လူရွယ်တစ်ယောက်ရဲ့ အမှားပဲ၊ ခွင့်မလွှတ်နိုင်စရာကောင်းအောင် ရေးကြီးခွင်ကျယ်ကိစ္စလဲ မဟုတ်ပါဘူး၊ သူနဲ့အတူတူမပြန်ဘဲ မမလေးစံ စွန့်စွန့်စားစား ကျုပ်ကို တောင်းပန်ပြီးမှပြန်တာ ကိုကိုကြီးပေါ်မှာ ကျုပ်က ခွင့်မလွှတ်နိုင်ဖို့များ ရှိသေးသလား၊ ကိုကိုကြီးပေါ်မှာ ကျုပ် ခွင့်လွှတ်ပါတယ်၊ အနာဂတ်လဲ မထားဘူး၊ မိတ်ဆွေလဲ မပျက်ဘူး၊ မမလေးစံ ပြန်သွားရင် ကိုကိုကြီးကို ပြောပြပါ၊ မိတ်ဆွေကောင်းများဟာ ရေလိုပဲ၊ ဘယ်တော့မှမပြောင်းဘူး ဆိုတာ ပြောဖြစ်အောင် ပြောလိုက်ပါ'

ထိုအချိန်၌ ကျွန်မ၏နားထဲတွင် အသံနှစ်သံ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆုံဝင်နေသလို သံပြိုင်ပဲ့တင်ရိုက်ထပ်လျက် ဝင်နေ၏။

မစ္စတာအော့ဆူးပြောသရွေ့ ကြားနေရသော အသံထဲတွင် တစ်ချိန်တုန်းက ကိုကိုကြီးပြောဖူးသော စကားသံလည်း ရောစွက်ကာ ကြားမိနေသည်။

'မမ. . . မစ္စတာအော့ဆူးဟာ 'ဆူပါ'ဖြစ်တယ်၊ လူတွေကျင့်တာ ထက် အကျင့်ပိုတဲ့လူတစ်ယောက်၊ အရက်လဲမသောက်ဘူး၊ မိန်းမလဲ မယူဘူး၊ သူ့စိတ်ဓာတ်ဟာ သူများမလုပ်နိုင်တာတွေ သူလုပ်နိုင်တဲ့ စိတ်တန်ခိုးရှိတယ်၊ ရှာမှရှား သူ့လို လူမျိုးနှစ်ယောက် မရှိပါဘူး မမရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် လေးစားသောစိတ်ဖြင့် မစ္စတာအော့ဆူးအား စူးစူးစိုက်စိုက် ကြည့်နေမိသည်။

သဘောပြည့်ဝသော စိတ်ဓာတ်မှ ဖြူစင်သောအရောင်နှင့် မေတ္တာ၏ အရောင်တို့သည် တစ်မျက်နှာလုံး ပေါင်းစုတောက်ရှိန်းနေသည်။

မစ္စတာအော့ဆူးသည် ပြောဆိုပြီး အေးငြိမ်းစွာပြုံးလျက် ကုလားထိုင်မှ ထ,ရပ်လိုက်သည်။

ခြေစုံပူး၍ မတ်တတ်ရပ်ကာ ခါးကို ကုန်းညွတ်လိုက်ပြီးနောက် လှိုက်လှိုက်လှဲလှဲရှိသောအသံနှင့် တောင်းပန်လိုက်သည်။

'မမလေးစံ စိတ်ပျော်ပျော်ရွှင်ရွှင်နေပါ'

ကျွန်မမှာ အတိုင်းမသိ စိတ်ချမ်းသာသွားလျက် ချမ်းမြေ့စွာပြုံးကာ ခေါင်းကို ရိုရိုသေသေ ပြန်ညွတ်ပြလိုက်သည်။

'ယိုကို'

ယိုကိုသည် အခန်းထောင့်တွင်ကွယ်၍ နားထောင်နေရာမှ ပြေးထွက်လာသည်။

သူ့ဦးလေးရှေ့၌ ခေါင်းကလေးငုံ့ရပ်နေ၏။ မစ္စတာအော့ဆူးသည် ယိုကို၏ မေးကလေးကိုပင့်၍ မျက်နှာကို မော့ယူလိုက်သည်။

ကျွန်မမှာ ရင်တဖိုဖိုနှင့် မျက်တောင်မခတ် စောင့်ကြည့်နေသည်။

ယိုကို၏ မျက်နှာပေါ်တွင် သူ့မျက်နှာကို မိုးထားလျက် ရှစ်ခေါက်ချိုး မျက်နှာကြီးနှင့် မျက်နှာကြီးကြုတ်ကြည့်ကာ နှုတ်ခမ်းကို ထော်နေအောင် စူပြနေပြီးနောက် ပြုံးရယ်လိုက်ကာ ခေါင်းကို တစ်ချက်ပုတ်လိုက်သည်။

ပထမတော့ ယိုကိုမှာ ကြောက်သော အမူအရာဖြင့် မဲ့မရဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ ကြည့်နေ၏။

သူဦးလေး တမင်စ,နေမှန်း သိသွားသောအခါ ပြုံးရယ်လျက် မပုတ်မိအောင် ရှောင်လိုက်ရာတွင် ခေါင်းကလေး လည်ထွက်သွားသည်။

'သွား . . . အဝတ်လဲ၊ တို့ ဂင်ဇာကို သွားကြမယ်'

ယိုကိုသည် ဖောင်းထဲက မြင်းလွှတ်သလိုပင် အခန်းထဲသို့ ကဆုန်ပေါက်ကာ ရွှင်ပျမြူးထူးစွာ ပြေးဝင်သွားလေသည်။

ယိုကို ခုန်ပေါက်ပြေးပုံကို သဘောကျစွာ ကြည့်နေပြီးနောက် ကျွန်မဘက်သို့ လှည့်လိုက်ကာ 'ထပါ . . . ထပါ၊ အဝတ်သွားလဲချေပါ' ဟု ဆူညံ ဆူညံ လက်ဝှေ့ယမ်းလျက် ဟစ်လိုက်ရာ ကျွန်မပါ အခန်းထဲသို့ အပြေးရောက်သွား၏။

BURMESE CLASSIC

တိုကျိုမြို့ရှိ ဂင်ဇာလမ်းမကြီးမှာ အစည်ကားဆုံး လမ်းမကြီး ဖြစ်သည်။

ကျွန်မတို့မှာ ရှုရှုရှရှ သွားနေသော/သူတွေထောထဲတွင် တိုးခွေလျက် ဦးတည်ရာသို့ ပျော်ရွှင်စွာ ခြေလှမ်းဖျာက်နေကြသည်။

ခြေလှမ်းမြန်လွန်း၍ အရှိန်သတ်လျှောက်ရလေသည်။ မြေအောက်လှေကားနားသို့ ရောက်သွားကြလျှင် မြေအောက်ထဲသို့ ဆင်းသွားကြရာ ထွက်မည့်ဆဲဆဲ မြေအောက်ရထားပေါ်သို့ တိုးခွေတက်ကြလျက် 'ဘယ်အရာမဆို အကုန်ရနိုင်သော အထပ်ပေါင်းခြောက်ထပ်ရှိသည့် တိုက်ဆိုင်ကြီး'သို့ ရထားတက်စီးသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၄၆ ]

ကိစ္စပြီးပြတ်၍ ကျွန်မမှာ အမြန်ဆုံးပြန်ချင်နေသည်။ ဘီအိုအေစီ ပေးသည့်ရက်ကို စောင့်နေရကာ ရက်စေ့လျှင် ကိုယ့်မြည်ကိုယ့်ဒေသသို့ ဒုန်းစိုင်းပြီး ပြန်လာခဲ့သည်။

လေယာဉ်ပျံကွင်း၌ စုနှင့် ကိုကိုကြီးတို့ လာကြိုကြသည်။

နောက်တစ်နေ့ ကိုကိုကြီး အလုပ်တိုက်သို့ ကျွန်မသွားလေသည်။

တွေ့ကြုံခဲ့ရသော အဖြစ်အပျက်နှင့် မစ္စတာအော့ဆူး မှာကြားချက်ကို သူ့အား ပြောချင်လွန်း၍ သွားရလေသည်။

သူ့စားပွဲရှေ့၌ထိုင်ကာ စကားမပြောခင် ပြုံးလိုက်ပြီးမှ ညင်ညင်သာသာအသံနှင့် ပြောလိုက်သည်။

'ကိုကိုကြီး မမကို ပြောစမ်း၊ ဂျပန်မှာ ယိုကိုနဲ့ ဘယ်လိုဖြစ်ခဲ့သလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးသည် ကျွန်မကို ငေးကြည့်လိုက်သည်။ အံ့အားသင့်စွာ မျက်တောင်ခတ်နေလေ၏။ ထို့နောက် မထုံတက်တေး ပြုံးနေလေသည်။

ကျွန်မမှာ သူ့ရှေ့တွင် ဆက်၍ထိုင်နေလည်း ပြောမည့်ပုံမဟုတ်သဖြင့် ကြာကြာမနေဘဲ ထပြန်လာခဲ့သည်။

ထိုနေ့မှစ၍ ကိုကိုကြီးနှင့် တွေ့ဆုံကြသည့်အခါတိုင်းပင် သည်အကြောင်းကိုမဟဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ငါးနှစ်ခန့်ကြာသွားလေ၏။

ငါးနှစ်ခန့်ကြာမှ သည်အကြောင်းကိုစပ်မိကာ ပြောဖြစ်တော့သည်။

ကျွန်မပြောပြနေစဉ် ကိုကိုကြီး၏မျက်နှာမှာ ညှိုးသထက် ညှိုးလျက် ညိုမည်းနေသည်။

အကြောင်းအရာကုန်ဆုံး၍ ရပ်နားလိုက်လျှင် ကိုကိုကြီးသည် ပြင်းထန်စွာ တောက်ခေါက်လိုက်၏။

'မမရယ် ... ဖြစ်မှဖြစ်ရလေ၊ ဟိုတုန်းက ကျွန်တော့ကို ပြောရင် ကျွန်တော့်အပြစ် ကျွန်တော်ခံမှာပေါ့၊ မမက ဘာဖြစ်လို့ ကျွန်တော့်အပြစ်ကို ဝင်ခံရတာလဲ'

သူ့အသံမှာ တုန်လှုပ်လျက် တစ်လုံးနှင့်တစ်လုံး ဆက်မိအောင် အတော်ကြိုးစားပမ်းစား ပြောနေကာ သူ့စိတ်ထဲ၌ သူ့အပြစ် သူသာခံချင်သောဆန္ဒ ပြည့်လျှမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၄၇ ]

'ယိုကိုဟာ ကျွန်တော့်ကို သဘောကျနေတယ်၊ ပထမ သူ သဘောကျနေမှန်း ကျွန်တော်မသိဘူး၊ ရိုးရိုးပဲမှတ်တယ်၊ ကျွန်တော့် အခန်းထဲဝင်လာရင် ကျွန်တော့်နား ပူးကပ်ပြီး အမူအရာသိပ်ပျက်ပြ တော့မှ ကျွန်တော်ရိပ်မိတယ်၊ ရိပ်မိတော့ ဆင်ခြင်တာပါပဲမမရယ်၊ ဆင်ခြင်နေတဲ့ကြားထဲကပဲ တစ်နေ့တော့ မဆင်ခြင်နိုင်လောက်အောင် ဖြစ်သွားတယ်၊ ဖြစ်သွားပြီး သူ့အပေါ် ဘယ်လိုမှစိတ်မထားတာကို အတတ်နိုင်ဆုံး ပြန်ပြီးရှောင်နေရတယ်' ကျွန်တော့်အပေါ်မှာ တစ်ဖက် သတ် စွဲလမ်းပြီး စိတ်ဆင်းရဲ ကျန်ရစ်ခဲ့မှာစိုးလို့ မစွဲလမ်းအောင်, စိတ်ပျက်အောင်, စိတ်ကုန်အောင်၊ ကျွန်တော်ပြန်ခါနီးစုဘို့ ထီးကလေး သွားဝယ်ပြီး 'ငါ့မိန်းမဖို့'လို့ သူ့ကို ဖွင့်ပြတာ မမမြင်တယ် မဟုတ်လား၊ ဖန်ခွက်တွေဝယ်လာပြီးလဲ ငါ့အချစ်ဆုံး မိန်းမဖို့လို့ ပြောပြလိုက်တာ မှတ်မိသေးလား၊ အမှန်ပါပဲ. . . ကျွန်တော့်ကို ချစ်ခင်စွဲလမ်းနေမှာများ



www.burmeseclassic.com

www.burmeseclassic.com



သိပ်စိုးတာပဲ၊ ကျွန်တော့်ကို မစွဲအောင်၊ ပြတ်အောင် တတ်နိုင်သလောက် ကြိုးစားခဲ့တာပဲ'

ကျွန်မမှာ ငြိမ်သက်စွာဖြင့် ငါးနှစ်ခန့်က အဖြစ်အပျက်များကို ပြန်လှန်ဆင်ခြင် ဝေဖန်သုံးသပ်လျက် နေမိလေ၏။

ကိုကိုကြီးမှာ ယိုကို၏ ဖွင့်ပြောချင်သော သဘောထားကို နားမလည်ဘဲ ဖြစ်နေပုံရသည်။

သူ့ဦးလေးကို သည်စကားမျိုး ဖွင့်ပြောပြကောင်းသည်ဟု အလွန်ရိုး၊ အလွန်အ,သော ကလေးမလေးဖြစ်မှန်း ကျွန်မသာလျှင် ကောင်းကောင်း နားလည်ခဲ့သည်။

ကိုကိုကြီးသည် ဆက်လက်၍ သူ့ဝမ်းထဲရှိသမျှ မဖုံးမဝှက် ဖွင့်အန်ပြောဆို၍နေသည်။

'ဥပမာအားဖြင့်ပြောရရင် မဆင်မခြင်နိုင်လောက်အောင် ရတဲ့ အခွင့်အရေးဟာ ရာခိုင်နှုန်း ၁၀၀ လောက်ရှိတယ်၊ ကျွန်တော် ပြုမူတာ ၁၀ ရာနှုန်းလောက်ပဲရှိမယ်၊ ရာခိုင်နှုန်းအပြည့်ရတဲ့ အခွင့်အရေးကို ၁၀ ရာခိုင်နှုန်းလောက်ပဲ ပြုခဲ့လို့ ကျွန်တော့်ကို ကျွန်တော် လူတော်ကြီးရယ်လို့ တစ်ခါမှမအောက်မေ့ဖူးဘူး၊ ၁၀ရာခိုင်နှုန်းလောက် ပြုမူလိုက်တာကိုလဲ ကျွန်တော့်ကိုကျွန်တော် လူယုတ်မာလို့ မမှတ်ဘူး မမ'

သည်အတိုင်းဆိုလျှင် ကိုကိုကြီးသည် မဆိုးပါကလားဟု အောက်မေ့ရကာ လောကတံထွာ လောကအရေးအရာတို့နှင့် ပတ်သက်၍ ပုထုဇဉ်တို့သဘာဝ အနုအရင့်ရှိကြရာတွင် နုရာအဖြစ်မှ ရင့်မာသော အရင့်အမာအဖြစ်သို့ တစ်ဆင့်ထက်တစ်ဆင့်တက်၍



www.burmeseclassic.com

www.burmeseclassic.com



ကြီးစားဖြည့်ကျင့် ဆောက်တည်ကြသော သူတွေထဲတွင် သူလည်းအတူ ကိုယ်လည်းအတူ ပါဝင်နိုင်သည့် ကိုယ်ဖြစ်ကြရန် ချဉ်ခြင်းဖြစ်မိသော စိတ်ဆန္ဒသည် နှလုံးသည်းပွတ်တွင်း၌ စိမ့်ပြည့်သွားလေသည်။

ဂျာနယ်ကျော်မမလေး



www.burmeseclassic.com